# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ တရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာ ဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်နေ့ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၈)၊ အမှတ် (၁၁၂)


# ၂၀၁၉ ခုနှစ် တရုတ်-မြန်မာ နှစ်သစ်ကူးနွှေဦးပွဲတော် ပျော်ပွဲရွှင်ပွဲအခမ်းအနားကျင်းပ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် တက်ရောက်ကြည့်ရှုအားပေး

ရန်ကုန် ဇန်နဝါရီ ၁၉

**၂၀၁၉ ခုနှစ် တရုတ် - မြန်မာနှစ်သစ်ကူးနွှေဦးပွဲတော် ပျော်ပွဲရွှင်ပွဲအခမ်းအနားကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့တာမွေမြို့နယ်ရှိ ရွှေထွဋ်တင်ဝင်း Sky Net Studio ခန်းမတွင်ကျင်းပရာ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် တက်ရောက်သည်။**

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပါတီကော်မတီဝင် ပြန်ကြားရေးဝန်ကြီး ဌာနဝန်ကြီး H.E. Zhao Jin၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့်ဇနီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပါတီကော်မတီ


*စာမျက်နှာ ၃ ကော်လံ ၄* ◆


**ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပါတီကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး H. E. Zhao Jin နှင့် တာဝန်ရှိသူများ ၂၀၁၉ ခုနှစ် တရုတ် - မြန်မာနှစ်သစ်ကူးနွှေဦးပွဲတော်တွင် ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။** သတင်းစဉ်





## ကလေးစာပေပွဲတော် (မြစ်ကြီးနား)ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်


*စာမျက်နှာ- ၈*


## ဂျပန်နိုင်ငံက အက်ပ်စီလွန် ဒုံးပျံတစ်စင်းကို ပထမဆုံးအကြိမ် လွှတ်တင်


*စာမျက်နှာ-၁၄*





မြန်မာ့အလင်း

# တိုးတက်ဖွံ့ဖြိုးရေးနှင့် ညီညွတ်ရေး

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံ၊ ဆင်းရဲမှုကို ကျော်လွှားနိုင်ရန် ရင်ဆိုင်ရုန်းကန်နေရသည့်နိုင်ငံ တစ်နိုင်ငံဖြစ်ပါသည်။ ဤသည်က အမှန်တရားကို တည့်တည့်ရှုမြင်လျှင် မြင်သာထင်သာရှိပြီး ဖြစ်ပါသည်။

အတိတ်ခေတ်ကာလတစ်ခုတွင် တိုင်းပြည်ကို အတော်အဆင့်မြင့်မားအောင် တည်ထောင်နိုင်ခဲ့ဖူး၊ အာရှတစ်လွှားမှာ အောင်မြင်တိုးတက်သောနိုင်ငံအဖြစ် မော်ကြွားနိုင်ခဲ့ဖူးသည်ဟု ဆိုရသော်လည်း ယင်းအောင်မြင်မှုတို့ တစ်စစ ပျောက်ကွယ်သွားခဲ့ရသည်ကပင် အနှစ် ၅၀ ကျော်ခဲ့ပြီ။

မြန်မာနိုင်ငံအဖို့ ဆင်းရဲမှုပြဿနာက ကြီးမားလှစွာသော ပြဿနာဟု ဆိုရပါမည်။ ထိုမျှသာမက နိုင်ငံသားတို့ကြား ဆင်းရဲချမ်းသာ ကွာဟမှု မြင့်မြင့်မားမား ကွာခြားနေခြင်းကလည်း ပို၍ပို၍ ကြီးမားသောပြဿနာဖြစ်ပါသည်။ ဆင်းရဲသူတို့က အလွန်ဆင်းရဲနေချိန်တွင် ကြွယ်ဝသူတို့၏ စည်းစိမ်ဥစ္စာများက အံ့မခန်း။

ပြည်သူအများစုမှာ နေ့စဉ် စားဝတ်နေရေး ပြေလည်ရေး လူမှုနေ့စဉ်ဘဝလုံခြုံရေးအတွက်ကိုပင် ရုန်းကန်နေရပါသည်။ ဒါကို ပြည်သူ့အစိုးရ တာဝန်ယူချိန်ကစ၍ စီးပွားရေးရာ ပြဿနာများကို ဖြေရှင်းရန် ကြိုးစားနေခဲ့သည်။ စီးပွားရေးပြန်လည်ထူထောင်နိုင်ရေး၊ ဆင်းရဲချမ်းသာ ကွာဟမှု လျှော့ချနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုများပြားလာရေး။

မြန်မာ့စီးပွားရေး ပြန်လည်ဦးမော့လာရေးတွင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများက အရေးကြီးသောနေရာတွင် ရှိနေသည်ဆိုခြင်းက အများစုနားလည်ထားပြီးသား ဖြစ်ပါသည်။

ဒီမိုကရေစီအစိုးရ အုပ်ချုပ်ရေးတာဝန်ယူပြီဆိုလျှင် နိုင်ငံတကာကလည်း အကူအညီများပေးရန် ပြင်ဆင်ထားကြပြီးဖြစ်သည်။ စီးပွားရေးအရ ရင်းနှီးမြှုပ်နှံမှုများဆိုသည်ကမူ ခိုင်မာသည့် နိုင်ငံ၏ နိုင်ငံရေးအနေအထား၊ စီးပွားရေးပတ်ဝန်းကျင် အထောက်အပံ့တို့အပေါ်တွင် များစွာမူတည်နေသည်။

နိုင်ငံသားအများစု ခံစားနေကြရသည့် လက်နက်ကိုင်ပဋိပက္ခများကရရှိသော အကျပ်အတည်းများထဲတွင် နိုင်ငံရေးမတည်ငြိမ်မှု၊ စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံ ထူထောင်ရေးနှင့် အားရကျေနပ်လောက်သည့် ဝန်းကျင်အထောက်အပံ့တို့ကို တည်ဆောက်ရခက်ခဲမှုများလည်းပါသည်ဟု ဆိုရပါမည်။

ပဋိပက္ခများကြားတွင် နိုင်ငံရေးတည်ငြိမ်မှုကို တည်ဆောက်ရန် ခက်ခဲနေရသည်မှာ လက်ရှိအနေအထား ဖြစ်ပါသည်။ ထို့အတူ နိုင်ငံရေးတည်ငြိမ်မှုနှင့် ဆက်စပ်ပတ်သက်နေသည့် စီးပွားရေး အခြေခံအဆောက်အအုံများ တည်ဆောက်ရန် မည်မျှခက်ခဲနေသည် ဆိုခြင်းကလည်း အထင်အရှားဖြစ်ပါသည်။ ထို့ကြောင့်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လာနေသည်ဆိုသော်လည်း အရှိန်အဟုန်နှင့် မြင့်မားလာခြင်းမျိုးက ခက်ခဲနေမည်ဟု ယူဆပါသည်။

ငြိမ်းချမ်းရေးပြဿနာဖြေရှင်းရေး အခြေခံကလည်း နိုင်ငံရေးအင်အားစုများ ညီညွတ်ရေး၊ တိုင်းရင်းသား ပြည်ထောင်စုသားများ စည်းလုံးမှုရှိရေးတို့ပေါ်တွင် များစွာမူတည်နေသည်မှာ အမှန်တရားဖြစ်ပါသည်။

ထိုသို့သော အကြောင်းခြင်းရာတို့အားလျော်စွာ စစ်မှန်သည့် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ကြရန်နှင့် စစ်ပွဲများ ရပ်စဲနိုင်ကြရန် အလို့ငှာ နိုင်ငံရေးအင်အားစုများအားလုံး၏ ညှိနှိုင်းပူးပေါင်းဆောင်ရွက်လိုသော နိုင်ငံရေးရင့်ကျက်သည့် သဘောထား၊ ပြည်ထောင်စုသားပြည်သူများ၏အကျိုးကို အမှန်တကယ်လိုလားသည့် စိတ်စေတနာတို့နှင့်အတူ မြန်မာ့လွတ်လပ်ရေး၏ အရင်းအမြစ်တစ်ခုဖြစ်ခဲ့သည့် ပင်လုံညီလာခံကြီးက စတင်အခြေတည်ခဲ့သော ပြည်ထောင်စု ညီညွတ်ရေးစိတ်ဓာတ်ကို ရှင်သန်ဖွံ့ဖြိုး မြင့်မားလာအောင် ကြိုးပမ်းကြပါစေလိုကြောင်း။ ။

## ၂၀၁၉ ခုနှစ်၊ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနှင့်လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ “(၂၁) ရာစု ပင်လုံ” မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(၄) တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဘေးကင်း လုံခြုံရေးအတွက် နိုင်ငံသားအားလုံး “စည်းလုံး ညီညွတ်စွာ” ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ကောင်းမွန်သော ပညာရေးနှင့် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေး။

## ပုဗ္ဗသီရိမြို့နယ်တွင် လူကုန်ကူးမှုအန္တရာယ် အသိပညာပေး

**နေပြည်တော် ဇန်နဝါရီ ၁၉**

နေပြည်တော် ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားမှုဖြင့် နေပြည်တော်ရှစ်မြို့နယ်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူးများက ကြီးကြပ်၍ မှုခင်းမဖြစ်ပွားစေရေး၊ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါး သုံးစွဲခြင်း၏ အန္တရာယ်ဆိုးကျိုးများကို ဇန်နဝါရီ ၁၆ ရက်က အသိပညာပေး ဟောပြောသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျည်တောင်ကန်နယ်မြေရဲစခန်းမှူး ရဲအုပ်ကျော်မင်းထူးက ရွာတော်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် ရွာသူ ရွာသားများကို လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးအကြောင်း၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကို ရှင်းလင်းအသိပညာပေးဟောပြောရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းထိုက်နှင့် ဒေသခံများ တက်ရောက်ခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။

**ကျော်လှိုင်သင်း (နေပြည်တော်)**

## ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဆောင်ပုဒ်

တန်းတူညီမျှ အခွင့်အရေးရ
ငြိမ်းချမ်းသာယာ ပြည်ထောင်စုမှာ
တန်းတူညီမျှ တာဝန်ယူကြ
လုံခြုံခိုင်မာ ပြည်ထောင်စုမှာ။

## တန်ဖိုးနည်းအိမ်ရာများကို အတိုးမဲ့အရစ်ကျဝယ်ယူနိုင်သော အိမ်ရာနှင့်အဆောက်အအုံပြပွဲ ၂၀၁၉ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၉**

လူမှုဘဝနေထိုင်မှုများ ပြောင်းလာသည့် ယနေ့အချိန်ကာလမှာ တိုးတက်လာသော စီးပွားရေးအခြေအနေများနှင့်အတူ အိမ်ရာအဆောက်အအုံလိုအပ်မှု များပြားလာသည့်အတွက် ကောင်းမွန်စွာရွေးချယ်ပိုင်ခွင့် ရရှိစေရန် ကမ္ဘောဇဘဏ်နှင့် ချိတ်ဆက်ကာ တန်ဖိုးနည်း၊ တန်ဖိုးလတ်၊ တန်ဖိုးသင့်တိုက်ခန်းများကို လက်ဝယ်ပိုင်ဆိုင်ခွင့်ရရှိစေမည့် အခွင့်အလမ်းများပါဝင်သော မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်း၏ အစီကပံ့ပိုးကူညီမှုဖြင့် စတုတ္ထအကြိမ် အိမ်ရာနှင့်အဆောက်အအုံဆိုင်ရာပြပွဲ ၂၀၁၉ ပြပွဲ ဖွင့်ပွဲကို ယမန်နေ့က ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်း တပ်မတော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး (ရန်ကုန်မြို့တော်ဝန်)ဦးမောင်မောင်စိုး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ Senior Vice Chairman & President ဦးမိုးကျော်သူ၊ ရန်ကုန်တိုင်း အိမ်ခြံမြေ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးစိုင်းခွန်နောင်၊ ကမ္ဘောဇဘဏ်လီမိတက်မှ ဒုတိယအထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါပြပွဲတွင် ပြည်တွင်းပြည်ပမှ ကွန်ဒိုတိုက်ခန်းများ၊ အိမ်ရာအရောင်းပြခန်းများနှင့် အိမ်တွင်းအလှဆင်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်နှင့် ဆက်စပ်ပစ္စည်းများကို ဈေးကွက်နှင့် သုံးစွဲသူပြည်သူလူထုအတွင်း အရှိန်အဟုန်ပြင်းစွာ ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်နိုင်စေရန် ရည်ရွယ်၍ စီစဉ်ကျင်းပသည့် ပြပွဲဖြစ်သည်။

ထို့ပြင် ပြပွဲကာလ ဇန်နဝါရီ ၁၈ ရက်မှ ၂၀ ရက်ထိ Singing Contest 2019 ပြိုင်ပွဲကျင်းပကာ ထူးချွန်သူများကို ချီးမြှင့်ခဲ့သည့်အပြင် ဆောက်လုပ်ရေး၊ အိမ်ခြံမြေကျွမ်းကျင်မှုဆိုင်ရာ ပညာရှင်များ၏ ဆွေးနွေးဟောပြောပွဲများ ပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**

**ထင်သာမြင်သာ ပြုပြင်စရာ**

## YBS 50 မှူလဂိတ်နေရာတွင် အခြားယာဉ်လိုင်းမှ ယာဉ်များ ရပ်နားထားခြင်းအား ဖယ်ရှားပေးစေလို

**ဒလ ဇန်နဝါရီ ၁၉**

ဒလမြို့နယ်တွင် YBS 50 ယာဉ်လိုင်းအတွက် မြို့နယ်မှ သတ်မှတ်ပေးထားသည့် ဂိတ်နေရာတွင် အခြားယာဉ်လိုင်းမှ အလှည့်မကျသေးသောယာဉ်များ ရပ်နားဂိတ်ထိုးထားခြင်းကို ဖယ်ရှားပေစေလိုကြောင်း မော်တော်ယာဉ်စီးနင်းသူ ပြည်သူများ၏ ပြောကြားချက်အရ သိရသည်။



အဆိုပါ ယာဉ်ရပ်နားရာနေရာသည် YBS 50 ယာဉ်လိုင်းမှ ယာဉ်များ ဒလ-ကွမ်းခြံကုန်းခရီးစဉ် ပြေးဆွဲရာတွင် စတင်ဂိတ်ထိုးသည့်နေရာဖြစ်ပြီး ယခုပြေးဆွဲနေသည့် YBS 50 ယာဉ်လိုင်း မှ ယာဉ်များကို ကားကြီးဝင်းအတွင်း ဂိတ်ထိုးပြေးဆွဲနေရသည့်အတွက် အဆိုပါ ဂိတ်နေရာကို ခရီးသည်များ မသိရှိသဖြင့် မော်တော်ယာဉ်စီးနင်းမှု ခက်ခဲနေရကြောင်း သိရသည်။

မူလဂိတ်နေရာတွင် ပြန်လည်၍ ဂိတ်နေရာရရှိရန် ဂိတ်မှတာဝန်ရှိသူများ ဆောင်ရွက်နေသော်လည်း ယခုတိုင် မူလဂိတ်နေရာတွင် ပြန်လည်ဂိတ်ထိုးခွင့်မရရှိခြင်းကြောင့် ဒလ-ကွမ်းခြံကုန်း ခရီးသွားပြည်သူများအတွက် မော်တော်ယာဉ်စီးနင်းမှု ခက်ခဲနေသဖြင့် မူလဂိတ်နေရာတွင် ပြန်လည်ဂိတ်ထိုးစေလိုပြီး ရပ်နားထားသည့် အခြားယာဉ်လိုင်းမှ ယာဉ်များကို သက်ဆိုင်ရာက ဖယ်ရှားရှင်းလင်းပေးစေလိုကြောင်း ခရီးသွားပြည်သူများ၏ ပြောကြားချက်အရ သိရသည်။

**မောင်ယဉ်ဦး (ဒလ)**

# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုအား ယူနန်ပြည်နယ် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**ရန်ကုန် ဇန်နဝါရီ ၁၉**

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပါတီကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး H.E. Zhao Jin နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးရုံး (ရန်ကုန်ရုံးခွဲ) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**

တွေ့ဆုံရာတွင် နှစ်နိုင်ငံသာသနာရေးနှင့် ယဉ်ကျေးမှုကဏ္ဍများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးဦးကြည်မင်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပလျက်ရှိသော (၇၁) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲသို့သွားရောက်၍ စာမေးပွဲဩဝါဒါစရိယ ဆရာတော်များ၊ စာထောက်စာမ ဆရာတော်များ၊ စာပြန်သံဃာတော်များအား ဖူးမြော်ကြည်ညိုသည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၉ ရက်အထိ ကျင်းပလျက်ရှိပြီး စာမေးပွဲကြီး၌ ဩဝါဒါစရိယဆရာတော် ၁၁ ပါး၊ စာထောက်စာမဆရာတော် ၁၂၄ ပါး၊ လူပုဂ္ဂိုလ်စာထောက်စာမှတ် ၆၆ ဦးနှင့် သာသနာရေးဦးစီးဌာနမှ တာဝန်ရှိဝန်ထမ်းများ ကူညီဆောင်ရွက်၍ စာပြန်သံဃာတော်အပါး ၂၂၀ တို့ အာဂုံပြန်ဆိုလျက်ရှိကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စာပြန်သံဃာတော်များ အာဂုံစာပြန်ဆိုမှုကို လှည့်လည်ကြည်ညိုပြီး စာမေးပွဲဩဝါဒါစရိယ ဆရာတော်ကြီးများ၊ စာထောက်စာမ ဆရာတော်များအား နဝကမ္မ အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဗုဒ္ဓသာသနာဝင် သမိုင်းတစ်လျှောက်သင်္ဂါယနာ ခြောက်ကြိမ်တင်ခဲ့ရာ မြန်မာဗုဒ္ဓဘာသာဝင်တို့သည် ပဉ္စမသင်္ဂါယနာနှင့်ဆဋ္ဌသင်္ဂါယနာ နှစ်ကြိမ်တိုင်ဆင်နွဲခွင့်ရခဲ့ကြသည်။ ဆဋ္ဌသင်္ဂါယနာတင်သည့်အခါ ပိဋကတ်သုံးပုံအာဂုံဆောင်သာသနာ့အာဇာနည် အရှင်မြတ်များရရှိရေးအတွက် ရည်ရွယ်ပြီး မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ ခုနှစ်မှာပင် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးကို ပထမအကြိမ် စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို စာမေးပွဲဩဝါဒါစရိယဆရာတော်ကြီးများ၊ စာထောက်စာမဆရာတော်များအား နဝကမ္မ အလှူတော်ငွေ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၁၉၅၄ ခုနှစ်တွင် ၆ ကြိမ်မြောက် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးစတင်ကျင်းပသည့်နှစ်ဖြစ်၍ ထိုနှစ်တွင် စစ်ကိုင်းတောင်ရိုး မင်းကွန်းဓမ္မနာဒကျောင်းတိုက်မှ အရှင်ဝိစိတ္တသာရာဘိဝံသအရှင်မြတ်သည် တိပိဋကဓရ တိပိဋက ကောဝိဒစာမေးပွဲကြီး အာဂုံပြန်နှင့် ရေးဖြေနှစ်မျိုးစလုံး၌ ဂုဏ်ထူးဖြင့်အောင်မြင်ပြီး မဟာတိပိဋကဓရ မဟာတိပိဋကကောဝိဒဘွဲ့ရဆရာတော်တစ်ပါး စတင်ပေါ်ထွန်းခဲ့သည်။ ဆဋ္ဌသင်္ဂါယနာတင် အခမ်းအနားကြီးတွင် မန္တလေးမြို့ ညောင်ရမ်းဆရာတော် ဘုရားကြီးက သံဃာ့ဦးသျှောင် မထေရ်ကြီးအဖြစ် ဆောင်ရွက်တော်မူပြီး မဟာစည်ဆရာတော် အရှင်သောဘနက အမေးပုစ္ဆကဆရာတော်အဖြစ် လည်းကောင်း၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက မင်းကွန်းအရှင်ဝိစိတ္တသာရာဘိဝံသက အဖြေဝိသဇ္ဇကဆရာတော်အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူကြလျက် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးကိုအောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးကို စတင်ကျင်းပခဲ့သည်မှစ၍ တစ်ကြိမ်မျှ ပျက်ကွက်မှု မရှိခဲ့သဖြင့် ယခုအခါ မြန်မာနိုင်ငံ လွတ်လပ်ရေးနှင့်အတူ (၇၁) ကြိမ်မြောက် ကျင်းပပြုလုပ်နိုင်ခြင်း ဖြစ်သည်။ စာမေးပွဲကြီးတွင် အာဂုံပြန်နှင့် သဘောရေးဖြေနှစ်မျိုး ခွဲခြားဖြေဆိုရပြီး ပိဋကတ်သုံးပုံလုံး စာမျက်နှာပေါင်း ၈၀၂၆ မျက်နှာကို ပြီးမြောက်အောင် အာဂုံပြန်ဆိုခြင်းပြုနိုင်ပါမှ တိပိဋကဓရဘွဲ့နှင့် သဘောရေးဖြေ ဖြေဆိုခြင်း အောင်မြင်ပါမှ တိပိဋကကောဝိဒဘွဲ့ကို ဆက်ကပ်ခံရမည် ဖြစ်သည်။

မြန်မာနိုင်ငံ ပရိယတ္တိစာမေးပွဲလောကတွင် အဆင့်အမြင့်ဆုံးစာမေးပွဲကြီးဖြစ်၍ စာမေးပွဲကြီးပထမအကြိမ်မှ အကြိမ် ၇၀ ထိ ပထမဆုံးအောင်မြင်တော်မူသည့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီး အပါအဝင် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်အရှင်မြတ် ၁၄ ပါးပေါ်ထွန်းခဲ့ကြောင်း သိရသည်။

(၇၁)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်စာမေးပွဲကြီးကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်က စတင်ကျင်းပခဲ့ပြီး ယနေ့အာဂုံပြန်ဆိုပွဲပြီးဆုံး၍ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၂ ရက်မှ ၂၆ ရက်ထိ သဘောရေးဖြေစာမေးပွဲ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပါတီကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး H.E. Zhao Jin နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ သတင်းစဉ်

# ရန်ကုန်မြို့ဝန်ကြီးများရုံး(အတွင်းဝန်များရုံး)၌ မြန်မာနှင့် အရှေ့တောင်အာရှခေတ်ပြိုင်အနုပညာပြပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၉**

အယူအဆ၊ ဆက်စပ်မှုအထိုင်၊ တွန်းထိုးရုန်းကန်ခြင်း (Concept Context Contestation - Yangon) ဟူ၍ အမည်ရသော မြန်မာနှင့်အရှေ့တောင်အာရှခေတ်ပြိုင် အနုပညာပြပွဲကို ဇန်နဝါရီ ၁၉ ရက်မှစ၍ ရန်ကုန်မြို့ ဝန်ကြီးများရုံး (အတွင်းဝန်များရုံး)တွင် ကျင်းပလျက်ရှိကြောင်း သိရသည်။

ခင်းကျင်းပြသထားသော အနုပညာလက်ရာများမှာ ဂန္ထဝင်ပန်းချီနှင့် ပန်းပုပညာရပ်များ၏ ရိုးရှင်းသောဖန်တီးမှုမျိုး မဟုတ်ဘဲ အနုပညာရှင်တို့၏ စိတ်ကူးများကို ပုံဖော်ခြင်းဆိုင်ရာ ဖန်တီးမှုများကို ပြသထားခြင်း ဖြစ်သည်။ အနုပညာရှင်များက ၎င်းတို့၏ အတွေးအမြင်များကို နေ့စဉ်အသုံးအဆောင်များ၊ အနုပညာစိတ်အခံဖြင့် ဖန်တီးတင်ဆက်သည့် အခင်းအကျင်း၊ ဖြတ်ညှပ်ကတ်အနုပညာများ၊ ဓာတ်ပုံများ၊ ဗီဒီယိုများ၊ သရုပ်ဖော်တင်ဆက်မှုများနှင့် တင်ဆက်ပုံမျိုးစုံကို လာရောက်ကြည့်ရှုသူများ စိတ်အတွင်းသို့ ပို့ဆောင်ပေးခြင်း ဖြစ်သည်။

အရှေ့တောင်အာရှ နိုင်ငံများဖြစ်သော ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ မြန်မာ အနုပညာရှင် ၄၃ ဦးမှ အနုပညာပြကွက်ပေါင်း ၆၅ ခုကို ဖန်တီးပြသထားသည်။ ယခုကျင်းပသည့် "CCC" ပြပွဲကို ၂၀၁၃ ခုနှစ်တွင် ထိုင်းနိုင်ငံ ဗန်ကောက်တွင် စတင်ခဲ့ပြီး ဟန်နွိုင်း၊ အင်ဒိုနီးရှား (ဂျကာတာ)မြို့များသို့ သွားရောက်ပြသခဲ့ကာ ရန်ကုန်မြို့တွင် "CCC" ပြပွဲကို နောက်ဆုံးအဖြစ် ခင်းကျင်းပြသခြင်း ဖြစ်သည်။

ပြပွဲ၌ မြန်မာဆိုင်းနှင့်တွဲဖက်တီးမှုတ်ခဲ့သော အနောက်တိုင်းတူရိယာဂီတသံတို့ဖြင့် တစ်မူထူးခြားနေကာ စင်ကာပူနိုင်ငံ စတင်တည်ထောင်စဉ်က ရေခွန်းကြမ်းသောက်ရင်း မိသားစု ခြွေလေ့ရှိသော ပဲပင်ပေါက်ပုံပြကွက်က မိသားစုစည်းလုံးညီညွတ်မှုကို ဖော်ကြူးသည့်ပြကွက် တစ်ခုဖြစ်ကြောင်း ဖန်တီးသူအနုပညာရှင်က ဆိုသည်။

အဆိုပါ "CCC" ပြပွဲကို ရန်ကုန်မြို့ အတွင်းဝန်များရုံးတွင် ဇန်နဝါရီ ၁၉ ရက်မှစတင်ကာ ဖေဖော်ဝါရီ ၁၀ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီ (၄ နာရီခွဲနောက်ဆုံးထားဝင်ရောက်ရန်) အထိကျင်းပမည်ဖြစ်ပြီး မည်သူမဆိုအခမဲ့ လာရောက်လေ့လာနိုင်ကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**





မြန်မာနှင့်အရှေ့တောင်အာရှခေတ်ပြိုင် အနုပညာပြပွဲတွင် ပြသထားသည့်အနုပညာလက်ရာများအား နိုင်ငံခြားသားများ လာရောက်ကြည့်ရှုကြစဉ်။ ဓာတ်ပုံ -ထိန်လင်း



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို အမှာစကားပြောကြားစဉ်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပါတီကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Zhao Jin အမှာစကားပြောကြားစဉ်။

◆ ***ရှေ့ဖုံးမှ***

အမြဲတမ်းကော်မတီဝင် ပြည်နယ်ပြန်ကြားရေးဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာကျောက်ကျင်းက အမှာစကား ပြောကြားသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်၊ ယူနန်ပြည်နယ် ပါတီကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်ဇနီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပါတီကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Zhao Jin နှင့်တာဝန်ရှိသူများသည် တရုတ်-မြန်မာရိုးရာယဉ်ကျေးမှု တေးသီချင်း အကအလှများဖြင့်ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် ၂၀၁၉ ခုနှစ် တရုတ်-မြန်မာ နှစ်သစ်ကူး နွေဦးပွဲတော် ပျော်ပွဲရွှင်ပွဲအခမ်းအနားကို တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီ ပြန်ကြားရေးရုံး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ပြည်သူ့အစိုးရနှင့် မြန်မာနိုင်ငံဘက်မှ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၆၆ ကေဗွီ၊ ရသေ့တောင်-ဘူးသီးတောင်-မောင်တော ဓာတ်အားလိုင်း ၄၂ ဒသမ ၃ မိုင်နှင့် ၆၆/၁၁ကေဗွီ၊ ၅ အမ်ဗွီအေ မောင်တောဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၉

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အကောင်အထည်ဖော် တည်ဆောက်ပြီးစီးခဲ့သည့် ၆၆ ကေဗွီ၊ ရသေ့တောင်-ဘူးသီးတောင်-မောင်တောဓာတ်အားလိုင်း ၄၂ ဒသမ ၃ မိုင်နှင့်၆၆/၁၁ကေဗွီ၊ ၅ အမ်ဗွီအေ မောင်တောဓာတ်အားခွဲရုံဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ် မောင်တောမြို့ အဆိုပါဓာတ်အားခွဲရုံ၌ ကျင်းပသည်။**



ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် တာဝန်ရှိသူများ ၆၆ ကေဗွီ၊ ရသေ့တောင်-ဘူးသီးတောင်-မောင်တောဓာတ်အားလိုင်း ၄၂ ဒသမ ၃ မိုင်နှင့်၆၆/၁၁ကေဗွီ၊ ၅ အမ်ဗွီအေ မောင်တောဓာတ်အားခွဲရုံဖွင့်ပွဲတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

အခမ်းအနားသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ရခိုင်ပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြသန်း၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်တရားသူကြီးချုပ် ဦးကျောက်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

### ဦးစားပေးအဆင့်များခွဲပြီး တည်ဆောက်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ၆၆ ကေဗွီ၊ ရသေ့တောင်-ဘူးသီးတောင်-မောင်တော ဓာတ်အားလိုင်း ၄၂ ဒသမ ၃ မိုင်နှင့် ၆၆/၁၁ကေဗွီ၊ ၅ အမ်ဗွီအေ မောင်တောဓာတ်အားခွဲရုံဖွင့်ပွဲနှင့် မောင်တောမြို့သို့ ဓာတ်အားစတင် ဖြန့်ဖြူးခြင်းအခမ်းအနား အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ရခိုင်ပြည်နယ်အနေဖြင့် ပြည်နယ်အတွင်းရှိ သဘာဝအရင်းအမြစ်များကို အခြေခံပြီး သံတွဲမြို့တွင် သူဌေးရေအား လျှပ်စစ်စီမံကိန်း ၁၁၁ မဂ္ဂါဝပ်ကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်းတွင် လည်းကောင်း၊ ကျောက်ဖြူမြို့တွင် ကျောက်ဖြူသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း ၁၃၅ မဂ္ဂါဝပ်ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်းတွင် လည်းကောင်း အချိန်မီပြီးစီးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ယခုအခါ ၂၃၀ ကေဗွီဗို့အား အဆင့်နှင့်သာ ဓာတ်အားပို့လွှတ် ဖြန့်ဖြူးနေရသည့်အတွက် နောင်တိုးတက်သုံးစွဲလာမည့် ဝန်အားများကို နိုင်နင်းစွာသယ်ဆောင်နိုင်ပြီး ဓာတ်အားလိုင်းများ ဝန်အားပြည့်ခြင်းနှင့်ဓာတ်အားလိုင်းတစ်လိုင်း အပြစ်ဖြစ်ပွားလျှင် System Breakdown ဖြစ်ပွားခြင်းစသည့် အားနည်းချက်များကို တတ်နိုင်သမျှ ကာကွယ်နိုင်ရန်အတွက် ပင်မ ကျောရိုးဓာတ်အားလိုင်း (Back Bone) အနေဖြင့် ၅၀၀ ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်းများကို ဦးစားပေးအဆင့်များခွဲပြီး တည်ဆောက်လျက်ရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်တစ်ဝန်းလုံးသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ လည်းကောင်း၊ မီးစက်ကြီးများဖြင့် လည်းကောင်း ဓာတ်အားရရှိသုံးစွဲနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ရခိုင်ပြည်နယ်တစ်ခုလုံးအနေဖြင့် အိမ်ထောင်စု ဦးရေ ၄၅၉၇၇၂ ဦး ရှိသည့်အနက် မြို့ပေါင်း ၂၆ မြို့ ကျေးရွာပေါင်း ၁၉၉၉ ရွာရှိ လျှပ်စစ်မီးသုံးစွဲနိုင်သည့် ဦးရေ ၉၅၁၆၆ ဦးကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးထားနိုင်ခဲ့သည့်အတွက် ပြည်နယ်တစ်ခုလုံး၏ Electrification Ratio မှာ ၂၀ ရာခိုင်နှုန်း ရှိနေပြီဖြစ်သလို ရခိုင်ပြည်နယ်အတွင်းကျေးရွာပေါင်း ၃၇၄၂ ရွာရှိသည့်အနက် ၁၉၉၃ ရွာမှာ လျှပ်စစ်ဓာတ်အားရရှိပြီး ဖြစ်သည့်အတွက် ပြည်နယ်တစ်ခုလုံး၏ ကျေးရွာ မီးလင်းမှု Electrification Ratio မှာ ၅၀ ဒသမ ၅၈ ရာခိုင်နှုန်း ရှိနေပြီဖြစ်ပါကြောင်း။

### နည်းလမ်းများကို ကြိုးစားရှာဖွေခဲ့

ရခိုင်ပြည်နယ်တွင် ၂၀၁၄ခုနှစ်တွင် လျှပ်စစ်ဓာတ်အားကို ၁၅ မဂ္ဂါဝပ် ခန့်သာသုံးစွဲခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် ၅၄ မဂ္ဂါဝပ်အထိ တိုးတက်သုံးစွဲလာသည့်အတွက် ယခုထက် ပိုမိုတိုးတက်သုံးစွဲလာနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ထို့အပြင် ရခိုင်ပြည်နယ်ရှိ မာန်အောင်မြို့သည် ကျွန်းမြို့တစ်ခုဖြစ်ပြီး ပင်လယ်ပြင်အား ဖြတ်သန်းသွားလာရသဖြင့် ဓာတ်အားစနစ်မှ ဓာတ်အားလိုင်းများ သွယ်တန်းကာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရန် ငွေကုန်ကြေးကျ များပြားသောကြောင့် ဓာတ်အားပေးနိုင်မည့် နည်းလမ်းများကို ကြိုးစားရှာဖွေခဲ့ရာ ဆိုလာ၊ ဒီဇယ်နှင့်စွမ်းအင် သိုလှောင်မှုစနစ် (ESS- Energy Storage System) ဖြင့် POSCO Daewoo Corporation နှင့် ပူးပေါင်း၍ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံကိုလည်း ဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ် မေလတွင် ပြီးစီးနိုင်မည်ဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းပြီးစီးပါက မာန်အောင်ဒေသရှိကျန်ရှိသည့် ကျေးရွာ ၈၀ ရှိ အိမ်ထောင်စု ၇၈၅၀ ကိုလည်း လျှပ်စစ်ဓာတ်အားပေးနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ရခိုင်ဒေသအနေဖြင့်လျှပ်စစ်ဓာတ်အားရရှိမှုရာခိုင်နှုန်း (Electrification Ratio) ကို ၂၀၂၀ ပြည့်နှစ်တွင် ၄၅ ဒသမ၄၂ ရာခိုင်နှုန်းနှင့် ၂၀၂၅ ခုနှစ်တွင် ၇၅ ရာခိုင်နှုန်းနှင့်အထက် တိုးတက်လာစေရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာန၏ ဆောင်ရွက်မှုများအပေါ် ပြည်သူတစ်ရပ်လုံးမှလည်း ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန်နှင့် ရခိုင်ပြည်နယ်အတွင်း လိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အားရရှိရေးလုပ်ငန်းများကို နိုင်ငံတော်အနေဖြင့် ဦးစားပေးဆောင်ရွက်ပေးနေသဖြင့် ၎င်းဒေသတွင် လူမှုစီးပွားဘဝများ၊ စက်မှုလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည့်အပြင် စက်မှုလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံသူများ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများကိုလည်း တိုးချဲ့လုပ်ကိုင်လာနိုင်မည်ဖြစ်ပြီး ရခိုင်ပြည်နယ်၏ ရေထွက်ကုန်ပစ္စည်းများကို အဆင့်မြှင့်တင်ထုတ်လုပ်ပေးနိုင်ရေးတို့ကိုလည်း ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

### ရှင်းလင်းပြောကြား

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်ပေးခဲ့မှု အခြေအနေများနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် အခြေအနေများအား ရှင်းလင်းပြောကြားခဲ့ပြီး မောင်တောမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလှထွန်းကျော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ၆၆ ကေဗွီ၊ ရသေ့တောင်-ဘူးသီးတောင်- မောင်တောဓာတ်အားလိုင်း ၄၂ ဒသမ ၃ မိုင်၊ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ မောင်တောဓာတ်အားခွဲရုံ ဖွင့်ပွဲနှင့် မောင်တောမြို့သို့ ဓာတ်အားစတင်ဖြန့်ဖြူးခြင်းအခမ်းအနား အထိမ်းအမှတ်ဖဲကြိုးအား ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ရခိုင်ပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြသန်း၊ ပြည်နယ်တရားသူကြီးချုပ် ဦးကျောက်၊ ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ မောင်တောမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလှထွန်းကျော်နှင့် ဘူးသီးတောင်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်ကျော်ဇံတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

### စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး

ယင်းနောက် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ မောင်တောဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာအား ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးညီပုတို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၁၈ ရက် ညနေပိုင်းတွင် စစ်တွေမြို့ ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၌ ရခိုင်ပြည်နယ်အတွင်းရှိ ခရိုင်လျှပ်စစ်အင်ဂျင်နီယာများ၊ မဟာဓာတ်အားလိုင်းမှူး၊ ဓာတ်အားခွဲရုံမှူးများနှင့် တွေ့ဆုံ၍ ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး၊ ဓာတ်အားပျောက်ဆုံးမှုနှင့် ဓာတ်အားပြတ်တောက်မှုမဖြစ်ပေါ်စေရေး၊ ရခိုင်ပြည်နယ်အတွင်း တိုးတက်သုံးစွဲလာမည့် ဓာတ်အားလိုအပ်ချက်ကို ကြိုတင်တွက်ချက်၍ စီမံဆောင်ရွက်ထားရန်၊ ပြည်သူလူထုအတွက် အရည်အသွေးပြည့်ဝသည့် လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်ရန်နှင့် ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့ ဆောင်ရွက်နေသည့် လုပ်ငန်းများအပေါ် အဂတိတရားကင်းရှင်းစွာ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်အောင်မြင်အောင် စေတနာထား၍ ဝိုင်းဝန်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ဓာတ်အားခွဲရုံမှူးများက ဓာတ်အားခွဲရုံအလိုက် ဓာတ်အားလက်ခံပို့လွှတ်ဖြန့်ဖြူးမှု အခြေအနေများကိုလည်းကောင်း၊ မဟာဓာတ်အားလိုင်းမှူး(အမ်း)က ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာများက ခရိုင်အလိုက် ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြ၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တရုတ်-မြန်မာအဘိဓာန် စတင်ဖြန့်ချိခြင်းနှင့် မီဒီယာများ နှစ်ဦးနှစ်သစ်ကူးလက်ဖက်ရည်ကြမ်းစကားဝိုင်းကျင်းပ



တရုတ်-မြန်မာအဘိဓာန် စတင်ဖြန့်ချိခြင်းအတွက် တရုတ်-မြန်မာမီဒီယာသဘောတူစာချုပ်ရေးထိုးစဉ်။

**ရန်ကုန် ဇန်နဝါရီ ၁၉**

ယူနန်ပြည်နယ် ပြည်သူ့ပုံနှိပ်ထုတ်ဝေရေး အုပ်စုမှပထမအကြိမ် ဖြန့်ချိထုတ်ဝေသည့် တရုတ်-မြန်မာအဘိဓာန် စတင်ဖြန့်ချိခြင်း၊ New media စတင် အွန်လိုင်းတင်ခြင်းအတွက် သဘောတူစာချုပ် ချုပ်ဆိုပွဲနှင့် မြန်မာ-တရုတ်မီဒီယာများ နှစ်ဦးနှစ်သစ်ကူး လက်ဖက်ရည်ကြမ်း စကားဝိုင်းကျင်းပခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ အလုံမြို့နယ် မင်းရဲကျော်စွာလမ်းရှိ တရုတ်ယဉ်ကျေးမှုစင်တာ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်၊ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပါတီကော်မတီဝင် ပြည်နယ် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာကျောက်ကျင်း၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး၊ တရုတ်ယဉ်ကျေးမှုစင်တာမှ တာဝန်ရှိသူများနှင့် မြန်မာ-တရုတ် သတင်းမီဒီယာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တရုတ်-မြန်မာအဘိဓာန် စတင်ဖြန့်ချိခြင်းအတွက် တရုတ်-မြန်မာမီဒီယာသဘောတူစာချုပ်ရေးထိုးပွဲကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်၊ တရုတ်နိုင်ငံမှ တာဝန်ရှိသူများနှင့် ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးတို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် ယူနန်နေ့စဉ်သတင်းစာအဖွဲ့နှင့် Myanmar News Network Company Limited တို့မှ တာဝန်ရှိသူများက ယူနန်ပြည်နယ်ပြည်သူ့ပုံနှိပ်ထုတ်ဝေရေးဌာနနှင့် မြန်မာနိုင်ငံ ရွှေဇာမဏီတရုတ်သတင်းစာတိုက်တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုကြသည်။

ထို့နောက် တရုတ်-မြန်မာမီဒီယာ နှစ်ဦးနှစ်သစ်ကူး လက်ဖက်ရည်ကြမ်း စကားဝိုင်းကို ဆက်လက်ကျင်းပပြီး တရုတ်-မြန်မာ သတင်းမီဒီယာများမှ တာဝန်ရှိသူများက နှစ်နိုင်ငံ မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။

**ဥမ္မာစန္ဒီ၊ ဓာတ်ပုံ-ဇော်မင်းလတ်**

# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြစ်ကမ်းထိန်းလုပ်ငန်းများနှင့် စက်မှုမြို့တော်ဆိပ်ကမ်း တည်ဆောက်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၉**


ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ယမန်နေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဗိုလ်မြတ်ထွန်းတံတား၌ တံတားအထက်ဘက်ရေလမ်းတွင် သဲသောင်ပြင်ဖြစ်ပေါ်လာမှုအား မြစ်ကြောင်းပြုပြင်ဆောင်ရွက်ပေးနေမှု၊ ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်ပေးမှုကြောင့် ကမ်းပြိုမှုလျော့နည်းပြီး ရေလမ်းကြောင်းပြောင်းလဲလာမှု၊ လာမည့်နှစ်တွင် တံတားအနီးဖြစ်ပေါ်နေသည့် သဲသောင်ပြင်အား ထိန်းသိမ်းရေးဆောင်ရွက်သွားမည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ကန်ကြီးထောင့်မြို့နယ် ဒါးကမြစ်ကမ်းထိန်းလုပ်ငန်း အလျားပေ ၆၀၀ ဆောင်ရွက်ထားရှိမှု၊ ပုသိမ်လေဆိပ်နှင့် လေယာဉ်ပြေးဆွဲနေမှု၊ ပုသိမ်မြို့ ငဝန်မြစ်ကူးတံတားသစ် တည်ဆောက်ရာတွင် တံတားရေရှည်တည်တံ့ရေးအတွက် မြစ်ကမ်းထိန်းလုပ်ငန်းများ ပေါင်းစပ်ဆောင်ရွက်နေမှု၊ ပုသိမ်ကမ်းနားလမ်းအား မြစ်ဘက်သို့တိုးချဲ့နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်မြို့ စက်မှုမြို့တော်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် စီမံကိန်းနေရာသို့ရောက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေးနှင့် Ayeyarwady Development Public Company Limited မှ ဦးဇော်ဝင်းရှိန်တို့က စက်မှုဆိပ်ကမ်းနှင့် ငဝန်မြစ်ကြောင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် သောင်တူးဖော်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက မြစ်ကမ်းထိန်းသိမ်းရေး ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရန်၊ စစ်ဆေးပိုင်နိုင်ရန်၊ ကမ်းနားလမ်း တိုးချဲ့တည်ဆောက်ရာတွင် ခေတ်မီနည်းပညာများ၊ ဒီဇိုင်းများအပြင် အစီအစဉ်များ ရေးဆွဲတင်ပြရန်၊ စက်မှုမြို့တော်စီမံကိန်းဆောင်ရွက်ချိန်တွင် ဆိပ်ကမ်းနှင့်ငဝန်မြစ်ရေလမ်းကြောင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အချိန်ကိုက် ပူးပေါင်းဆောင်ရွက်ကြရန်၊ ရန်ကုန်ဆိပ်ကမ်းကဲ့သို့ နိုင်ငံတော်မှ အားထားရသော ဆိပ်ကမ်းတစ်ခုဖြစ်အောင် ကြိုးစားဆောင်ရွက်ရန် မှာကြားသည်။

**မောင်မင်းနိုင်**





**ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။**

# ရန်ကုန်တိုင်းဒေသကြီး နည်းပညာတက္ကသိုလ်(သန်လျင်)၌ ကျောင်းသား ကျောင်းသူအဆောင် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၉

**ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် နည်းပညာတက္ကသိုလ်(သန်လျင်)၌ Mother Construction Co.,Ltd မှ ဆောက်လုပ်လှူဒါန်းသည့် ကျောင်းသား ကျောင်းသူအဆောင် လွှဲပြောင်းပေးအပ်ပွဲကို ယနေ့ နံနက် ၈ နာရီခွဲတွင် အဆိုပါကျောင်း၌ ကျင်းပသည်။**

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူ အဆောင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားပြီး Mother Construction Co.,Ltd မှ ဒါရိုက်တာက ကျောင်းသား ကျောင်းသူအဆောင်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ယခုဆောက်လုပ်လှူဒါန်းသည့် အဆောင်များကို အကောင်းဆုံးဖြည့်ဆည်းထားပြီး ကျောင်းဆောင်များတွင် နေထိုင်မည့် ကျောင်းသား ကျောင်းသူများ၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးထားသည်ကို တွေ့ရှိရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ ခွင့်ပြုဘဏ္ဍာငွေဖြင့် ကျောင်းများကို ယခုကဲ့သို့ ဆောက်လုပ်လှူဒါန်းသည့် ကျောင်းဆောင်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလိုသော်လည်း ဝန်ကြီးဌာန၌ တက္ကသိုလ် ၁၃၄ ကျောင်းရှိသဖြင့် လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ရာတွင် ခွင့်ပြုဘဏ္ဍာငွေအတွင်းမှ ဦးစားပေးအစီအစဉ်များနှင့်အညီ စီစဉ်ဆောင်ရွက်ရပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ပညာရေးကဏ္ဍကို အရည်အသွေးရှိပြီး တန်ဖိုးရှိသော ဘွဲ့လက်မှတ်များဖြစ်လာရန် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မိမိတို့အနေဖြင့် ဒေသ၏လိုအပ်ချက်နှင့် လိုက်လျောညီထွေရှိသော ဘွဲ့သင်တန်းများဖြစ်ရန် အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ဆရာ ဆရာမများအနေဖြင့် ဘွဲ့ရလူငယ်များကို လက်တွေ့ဘဝနှင့် နီးစပ်ပြီး ဒေသနှင့် လိုက်လျောညီထွေဖြစ်သော ဘွဲ့သင်တန်းများလုပ်ပေးနိုင်ရန် အရေးကြီးပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် သုတေသနစွမ်းဆောင်ရည်၊ သင်ရိုးညွှန်းတမ်းများ မြှင့်တင်နိုင်သည့် စွမ်းဆောင်ရည်၊ သင်ကြားသင်ယူမှုစွမ်းရည်၊ ပရော့ဂျက် အခြေပြု သင်ယူနည်းများစသည့် အရည်အသွေးပြည့်မီမှသာ ကျောင်းသား ကျောင်းသူများကို လက်တွေ့ဘဝနှင့်နီးစပ်သော သင်ကြားသင်ယူမှုများကို ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ထို့ပြင် ဒေသ၏လိုအပ်ချက်ကို အထောက်အကူဖြစ်သည့် လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဆရာ ဆရာမများအနေဖြင့် အရည်အသွေးပြည့်ဝရန် လိုအပ်ပါကြောင်း။

ထိုသို့ သုတေသနလုပ်ငန်းများကိုဆောင်ရွက်ရန် လိုအပ်သလို သုတေသနရလဒ်များမှ ဆွေးနွေးအကြံပြုချက်များအပေါ်မူတည်ပြီး သုတေသနစာတမ်းများကို ပိုမိုကောင်းမွန်ရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လက်တွေ့ဘဝနှင့် နီးစပ်သော သင်ကြားသင်ယူမှုများကို ဆောင်ရွက်နိုင်မှသာ ဘွဲ့ရ ကျောင်းသား ကျောင်းသူများအား လက်တွေ့လုပ်ငန်းခွင်နှင့် နီးစပ်သော ဘွဲ့ရလူငယ်များအဖြစ် ပြုစုပျိုးထောင်နိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ ပြုစုပျိုးထောင်နိုင်မှသာ ပညာရေးသည် အရည်အသွေးရှိသော ပညာရေးဖြစ်လာမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်သူများနှင့် လက်တွဲပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အလှူရှင် Mother Construction Co.,Ltd မှ မန်နေးဂျင်းဒါရိုက်တာအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နည်းပညာတက္ကသိုလ်(သန်လျင်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။

**သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက နည်းပညာတက္ကသိုလ်(သန်လျင်) ကျောင်းသား ကျောင်းသူအဆောင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**

# မကာရ လပြာသို မြခွာညိုသင်းပါတဲ့ မြင်းခင်းသဘင်

**တက္ကသိုလ်ပွင့်သူအောင်**

ပြာသိုလသည် မြန်မာ့တစ်ဆယ့်နှစ်လရာသီတွင် ဆယ်ခုမြောက်လ ဖြစ်သည်။ ဆောင်းရာသီ၏ အလယ်ဗဟိုကျ၍ အလွန် ချမ်းအေးလှသည်။ 'ပြာသိုမကာရ၊ ကြယ်ဖုသျှ၊ ယှဉ်ထတူနှစ်ဖော်' ဟူသော အဆိုနှင့်အညီ ပြာသိုလတွင် နေသည် မကာရရာသီကြယ်စုကို နောက်ခံထား၍ မျက်မြင်အားဖြင့် အရှေ့မှအနောက်သို့ နေ့စဉ်သွားနေသည်။ ထိုလတွင် စန်းပြည့်နက္ခတ်မှာ ဖုသျှနက္ခတ်ဖြစ်ပြီး ယှဉ်သောတာရာမှာ ပုစွန်တာရာ ဖြစ်သည်။ ဝါဆိုလသည် နေ့တာအရှည်ဆုံးဖြစ်သကဲ့သို့ ပြာသိုလသည် ညတာအရှည်ဆုံးဖြစ်သောကြောင့် 'နေ့ဝါဆို ညပြာသို'ဟု ဆိုရေးရှိသည်။ ထို့ပြင် ရှေးခေတ်သုံး မြန်မာနာရီအရ နေ့ ၂၄ နာရီနှင့် ညဥ့် ၃၆ နာရီရှိသောကြောင့် နေ့တာတိုလွန်းသည်။ ပြာသိုလသည် ရှေးမြန်မာများ စံချိန်သတ်မှတ်ချက်အရ နေမွန်းတည့် ခြောက်ဖဝါးရှိသည့်လလည်း ဖြစ်သည်။ ရာသီပန်းမှာ ခွာညိုဖြစ်သည်။

### ပြာသိုလ၏ အဓိပ္ပာယ်

ပြာသိုလကို ပုဂံခေတ် ကျောက်စာများတွင် 'ပ္လသိုဝ်၊ ပ္လာသိုဝ်၊ ပြသိုဝ်၊ ပြာသို'ဟု တွေ့ရသည်။ 'ပ္လာသိုဝ်'တွင်ပါသော 'ပ္လာ' သဒ္ဒါကို မြန်မာနှင့် အနွယ်တူဘာသာစကားများတွင် ဆန်းစစ်ရာ 'ပျားဖယောင်း'ဟု အဓိပ္ပာယ်ရသည့် ပုဒ်ရင်းကို တွေ့ရသည်။ 'သို'၏အနက်မှာ 'သိုလှောင်ခြင်း' ဖြစ်သည်။ ထို့ကြောင့် ပြာသိုလ၏ အဓိပ္ပာယ်မှာ 'ပျားဖယောင်းကို စု၍အရဆုံးလ'ဟု အဓိပ္ပာယ်ထွက်သည်။

ရှေးစာဆိုတော်ကြီး လေ့သင်းအတွင်းဝန်က ပြာသိုလသည် သက္ကတ 'ပေါသျှိ'မှ လာသည်။ ပေါသျှိဟူသည်မှာ ဖုသျှနက္ခတ်ကို ဆိုခြင်းဖြစ်သည်။ ပြာသိုလ မကာရရာသီတွင် ဖုသျှနက္ခတ်နှင့်စန်းယှဉ်၍ လပြည့်သည်ကို အကြောင်းပြုပြီး ပြာသိုဟုခေါ်ကြောင်း ဆိုသည်။ ထူးခြားချက်မှာ ပြာသိုလသည် ဝါငယ်ထပ်နှစ်၊ ဝါကြီးထပ်နှစ် နှစ်မျိုးလုံးတွင် ရက် ၃၀ စီရှိခြင်းပင်ဖြစ်သည်။

### ပြာသိုလ၏ ရာသီပွဲ

သာမိနပျို့၌ 'ဆီမီးထွန်းချိန်၊ ကထိန်နက်ကျင်း၊ မြင်းခင်းထွက်ဝင်'ဟု အဆိုရှိသည့်အတိုင်း ပြာသိုလ၏ ရာသီပွဲမှာ မြင်းခင်းသဘင်ပွဲခေါ် သူရဲကောင်းရွေးပွဲဖြစ်သည်။ ယင်းမြင်းခင်းသဘင်၌ မင်းညီမင်းသား၊ မှူးမတ်များနှင့် စစ်သေနာပတိများသည် မိမိတို့အဆောင်အယောင် အဝတ်အစားများကို ဝတ်ဆင်၍ ဓားရေး၊ လှံရေး၊ လေးရေး၊ သေနတ်ရေး၊ မြင်းရေး၊ ဆင်ရေးတို့ကို လေ့ကျင့်ပြသကြသည်။ မြင်းခင်းသဘင်ပွဲကျင်းပရာတွင် မြင်းစီးသူရဲကောင်းတို့သည် မြင်းကိုကိုင်လျက်၊ ရပ်လျက်၊ အိပ်လျက်၊ ရှေ့ပြန်နောက်ပြန်ပြုလျက် စီးပြကြသည်။ မြင်းစီးလျက်ကပင် အဲမောင်းကို လှံဖြင့်ပစ်ခြင်း၊ ဓားရေးပြခြင်းတို့ကို ကျွမ်းကျင်လိမ္မာစွာ ပြသကြသည်။ အဲမောင်းဆိုသည်မှာ ထိပ်တွင် အလံလွှင့်ထူထားသော စက်ဝန်းကြီးများဖြစ်သည်။

မြင်းခင်းသဘင်သည် သက္ကရာဇ် ၆၇၄ ခုနှစ်ခန့်က ပင်းယ တစ်စီးရှင်သီဟသူလက်ထက်၌ စတင်ပေါ်ပေါက်လာခဲ့သည်ဟု ယူဆကြသည်။ ဘိုးတော်ဘုရားလက်ထက်က ပညာရှိတစ်ဦးကမူ မြင်းခင်းသဘင်ပွဲသည် ဒုတိယအင်းဝခေတ် အစ ညောင်ရမ်းမင်းလက်ထက်၌ ပေါ်ပေါက်လာသည်ဟု ယူဆခဲ့သည်။ မြင်းခင်းသဘင်ပွဲနှင့် ပတ်သက်၍ ရှေးစာဆိုပညာရှင်များက လေးချိုး၊ ရတု၊ ပျို့များဖြင့် ဖွဲ့ဆိုခဲ့ကြသည်။

စာဆိုတော်ကြီး လူဦးမင်းက ပြာသိုလဘွဲ့ လေးချိုးတွင် 'စွယ်ရောင်လျှံတောက် ရဲမာန်မောက်တဲ့၊ မုန်သောက်ဆဒ္ဒန် သောင်းရှစ်မြန်ကို၊ စီမံပကျင်း စက်လျင်သွင်းနှင့်၊ မြင်းခင်းငယ်ဗျူဟာ အဖြာဖြာလဲ၊ တညီလာပြု ဗိုလ်သဘင်ရှုချိန်မို့၊ ကိုက်နဖူးစီပွင့် အားအဲချီတော့ပ၊ ကြိုင်ဆီငယ်ဆင်သည်'ဟု မြင်းခင်း၊ ဆင်ခင်း၊ လှံရေး၊ ဓားရေး အခင်းအကျင်းတို့ဖြင့် ဗိုလ်ရှုခံပုံကို ရေးဖွဲ့ထားသည်ကို တွေ့ရသည်။ ထို့အတူ ရှေးစာဆိုပညာရှင် မဟာဓမ္မသင်္ကြန်က 'ခွာပြာလေ... မလ္လာလေ ဂန္ဓာကြိုင်သင်း၊ ဂေါ်သဇင်ပင်မြင့်မင်းငယ်လေး၊ မြင်းခင်းအောင်ဇေယျံတည်မှ ငယ်ဝန်းစီးပုံဟန်'ဟူ၍ ပြာသိုလ၏ တင့်တယ်ပုံ၊ မြင်းခင်းသဘင်ပွဲ၌ မြင်းစီးပုံများကို ရေးဖွဲ့ခဲ့သည်။

> **"ရာသီပွဲတော်အဖြစ် ကျင်းပခဲ့သည့် မြင်းခင်းသဘင်ပွဲမှာ နိုင်ငံတော်ကာကွယ်ရေးအတွက် အထောက်အကူပြုနေသကဲ့သို့ ပြာသိုလပြည့်နေ့သည် ရှင်တစ်ထောင် အခါတော်နေ့လည်း ဖြစ်သည်"**

### မြင်းခင်းသဘင်တွင်ပါဝင်သော စွမ်းရည်ပြပွဲများ

ရှေးမြန်မာမင်းများလက်ထက်က စစ်တိုက်ရာ၌ ရန်သူနှင့် ရင်ဆိုင်တိုက်ခိုက်ရသောကြောင့် မြင်းစီး၊ ဆင်စီး ကျွမ်းကျင်အောင် လေ့ကျင့်ထားကြရသည်။ လေးအတတ်၊ မြားအတတ်၊ ဓားခုတ်၊ လှံထိုးအတတ်များ၊ မြင်းစီးကျင်လည်ခြင်း စသည်တို့မှာ မင်းညီမင်းသား၊ သူရဲကောင်းများအတွက် အထူးလိုအပ်သော အရည်အချင်းပင်ဖြစ်သည်။ ထို့ကြောင့် မြင်းခင်းသဘင်တွင် စွမ်းရည်ပြပွဲများ ထည့်သွင်းကျင်းပခြင်းလည်း ဖြစ်သည်။

မြင်းခင်းသဘင်တွင် ပါဝင်သောစွမ်းရည်ပြပွဲများမှာ (၁)စက်ကွင်းလှံထိုးပွဲ၊ (၂)မြင်းရေး ၃၇ ရေးပြပွဲ၊ (၃)အဲမောင်း ၃၇ ရေးပြပွဲ၊ (၄) လှံထိုးပြိုင်ပွဲ၊ (၅)ဓားခုတ်ပြိုင်ပွဲ၊ (၆)လေးစွမ်းပြိုင်ပွဲ၊ (၇)တုတ်သိုင်းပြိုင်ပွဲ၊ (၈)ဓားသိုင်းပြိုင်ပွဲ၊ (၉)သေနတ်ပစ်ပြိုင်ပွဲ၊ (၁၀)ဗလီခတ် ခေါ် ကူလီရိုက်ပွဲနှင့် (၁၁)ဆင်ခင်းပွဲ စသည်တို့ဖြစ်သည်။

ယင်းစွမ်းရည်ပြပွဲများသည် အထူးလေးနက်သောပွဲများဖြစ်ရာ မြင်းခင်း၊ ဆင်ခင်း၊ လေးခင်း၊ ဓားခုတ်လှံထိုး၊ ဒူးလေးပစ်၊ လင်းလေးပစ်၊ ဆင်တိုက်၊ မြင်းပြေး၊ သေနတ်ပစ်၊ အမြောက်ပစ်၊ စက်ထိုး၊ ဗလီခတ် ခေါ် ကူလီရိုက် အစရှိသည့် ကြည်းတပ်၏ တိုက်ခိုက်နည်းအမျိုးမျိုးကို တွေ့ရသည်။ ထို့ပြင် သိုင်းအမျိုးမျိုးကိုလည်း တစ်ပွဲပြီး တစ်ပွဲ ကျင်းပသည်။

မြင်းခင်းသဘင်ပွဲသည် ပင်းယ တစ်စီးရှင်သီဟသူမင်း လက်ထက်က စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်ဟု ယူဆရပြီး ထိုခေတ်အခါက အစီအစဉ်တကျ ကျင်းပခဲ့သည်။ ပြိုင်ပွဲ၏အစီအစဉ်အရ သံတော်ဆင့်ဝန်သည် အခမ်းအနားစတင်ပြီဖြစ်ကြောင်း ကြေညာလေ့ရှိသည်။ ထိုအခါ စစ်တံပိုးသံနှင့် စစ်မောင်းသံအလိုက် မြင်းများကို အချက်ကျကျစီးကာ ကွင်းကိုပတ်ပြီး အလှပြကြသည်။ ထိုသို့ အလှပြပြီးနောက် ကွင်းအပြင်သို့ အစဉ်တကျ ထွက်ခွာကြရသည်။

မြင်းခင်းသဘင်စွမ်းရည်ပြိုင်ပွဲကြီး စတင်သည့် ပထမဦးဆုံးပွဲစဉ်မှာ စက်ကွင်းသုံးခုထားရှိပြီး အဖွဲ့လိုက် သို့မဟုတ် တစ်ဦးချင်း ယှဉ်ပြိုင်ကြရကာ စက်ကွင်းလှံထိုးပွဲ ပြီးသွားပါက ထူးချွန်အောင်နိုင်သူများသည် မြင်းခင်းသဘင်ကွင်းကို ပတ်ပြီး ရှင်ဘုရင်နှင့် မိဖုရားရှေ့တော်သို့ မြင်းစီးလျက် ဟန်အလှနှင့် ဝင်ကြရသည်။ မိဖုရားကြီးက ရွှေကျင်ခတ်ပဝါကို ပစ်ပေးတော်မူသည်။ ထို့အတူ မင်းသမီးများကလည်း ပန်းများပစ်ပေး၍ ဂုဏ်ပြုကြသည်။ ထူးချွန်အောင်နိုင်သူများသည် မိဖုရားကြီးကဂုဏ်ပြုသော ရွှေကျင်ခတ်ပဝါကို ရင်တွင်စည်းကာ မင်းသမီးများကပေးအပ်သည့် ပန်းများကို နားတွင် ပန်ဆင်၍ ရှေ့တော်သို့ တစ်ပတ်ပတ်ပြီး ဝင်ကြရသည်။ ထိုအခါ မြင်းခင်းသဘင်ပွဲကို အားပေးကြည့်ရှုနေသော ပရိသတ်တို့က သောင်းသောင်းဖြဖြ သြဘာပေးကြသည်။ ဆုတော်လာဘ်တော်များမှာ ပိုးပုဆိုး၊ ဖဲပဝါ၊ မိုးပန်းပဝါ၊ ပုစွန်ထုပ်ခေါင်းပေါင်း အစရှိသည်တို့ဖြစ်သည်။

ထို့နောက် မြင်းရေး ၃၇ ရေးကို မြင်းရေး ၃၇ ချင်း တေးသီချင်း၏ စည်းချက်အတိုင်း မြင်းရေးပြကြသည်။ မြင်းရေး ၃၇ ချင်း တေးသီချင်း၏ စည်းချက်အတိုင်း မြင်းရေးပြပြီးလျှင် လှံထိုးစွမ်းရည်ပြိုင်ပွဲကို စတင်ကျင်းပသည်။ ယှဉ်ပြိုင်သူသည် မြင်းကို ဒုန်းစိုင်းစီးလာရင်း ဘုရင့် ရှေ့တော်မှောက်ရောက်သည့်အခါ ရှောက်သီးလုံးကို အထက်သို့ ပစ်ပေးလိုက်ချိန်တွင် မြင်းပေါ်မှ မြင်းစီးလျက်နှင့် လှံဖြင့် ပြေးဝင်ထိုးယူရသည်။ ထို့နောက် မြင်းစီးရေ ခြောက်စီးတွဲ ထွက်လာပြီး မြေပေါ်သို့လိမ့်ပေးလိုက်သည့် ရှောက်သီးများကို မြင်းပြေးလျက်ပင် လှံဖြင့်ထိုး၍ အထက်သို့ ပစ်မြှောက်ရသည်။

ထိုယှဉ်ပြိုင်ပွဲ ပြီးသွားသောအခါ အောင်ပွဲရသူများက အဲမောင်း ၃၇ ချင်း လာပြရသည်။ ထို့နောက် လှံထိုးပွဲပြီးသွားသဖြင့် ဓားခုတ်ပြိုင်သည်။ ဘုရင်မင်းမြတ်၏ ပွဲကြည့်စင်ရှေ့တွင် ငှက်ပျောပင်အရှင်၊ ကြံပင်အရှင်များကို စိုက်ထူထားသည်။ ပြိုင်ပွဲဝင်သူများက မြင်းကို ဒုန်းစိုင်းစီးလျက် ဓားဖြင့် ဘယ်ပြန်ညာပြန် ခုတ်ကြသည်။ ပြီးလျှင် မဏ္ဍပ်ရှေ့ ကွက်လပ်၌ ငှက်ပျောတုံးငုတ်တိုများကို ယာယီစိုက်ထားကာ ငှက်ပျောငုတ်တိုများပေါ်၌ ရေအပြည့်ထားသည့် မြူအိုး (ရေအိုးငယ်)တစ်လုံးစီ တင်ထားသည်။ ထို့နောက် ပြိုင်ပွဲဝင်အဖွဲ့များသည် မြင်းကို ရင်ပေါင်တန်းစီးသွား၍ ငှက်ပျောပင်များကြားဖြတ်ကာ ငှက်ပျောတုံးများကို ဓားဖြင့်ခုတ်ရသည်။ ထိုသို့ ခုတ်ရာတွင် ငှက်ပျောတုံးများမှာ တိတိရိရိ ပြတ်နေသော်လည်း လဲကျမသွားရပေ။ ထို့အတူ ရေအိုးငယ်သည်လည်း ရေဖိတ်ကျမှုမရှိ နေမြဲပုံစံမပျက် ရှိနေစေရမည်ဖြစ်သည်။ ထိုကဲ့သို့ ယှဉ်ပြိုင်ပွဲပြီးသွားလျှင် ပြိုင်ပွဲကြီးကြပ်သူတို့က ရေအိုးကိုဖယ်ပြီး ငှက်ပျောတုံးငုတ်တို အထက်ပိုင်းကို တွန်းကြည့်ရသည်။ ငှက်ပျောတုံးငုတ်တိုသည် ဓားခုတ်ထားသောနေရာမှ တိတိရိရိပြတ်ကာ အောက်သို့ ကျသွားရမည်ဖြစ်ပြီး ဓားခုတ်နေရာ၌ အမျှင်ပင် မတန်းစေရပေ။

မြင်းခင်းပြိုင်ပွဲ ပြီးဆုံးသွားသောအခါတွင် လေးသည်တော် စွမ်းရည်ပြပွဲကို ဆက်လက်ကျင်းပသည်။ လေးသည်တော်များသည် ခေါင်းပေါ်တင်ထားသော သံပုရာသီးကို မှန်အောင်ပစ်ရသကဲ့သို့ အမြဲလှုပ်နေတတ်သည့် မြင်းမြီးကိုလည်း နှစ်ခြမ်းကွဲအောင် ပစ်ရသည်။ ယင်းစွမ်းရည်ပြပွဲအပြီးတွင် တုတ်သိုင်း၊ ဓားသိုင်းပြိုင်ပွဲများ ဆက်လက်ကျင်းပသည်။ ပင်းယခေတ်တွင် သေနတ်ပစ်ပြိုင်ပွဲ မရှိသော်လည်း ကုန်းဘောင်ခေတ်သို့ ရောက်လာသောအခါ သေနတ်ပစ်ပြိုင်ပွဲများကို ကျင်းပပေးခဲ့သည်။ သေနတ်ပစ်ပြိုင်ပွဲတွင် အဝေးရှိ စက်ကွင်းကို ထိအောင်ပစ်ရသကဲ့သို့ အတောင် ၁၀၀၊ ၂၀၀ အကွာအဝေးတွင် ဘူးသီးကိုတင်ထား၍ ပစ်ရပြီး ဒင်္ဂါးပြားကိုထောင်ထား၍လည်း ပစ်ရသည်။

စွမ်းရည်ပြိုင်ပွဲအသီးသီးတွင် အနိုင်ရရှိသူ အောင်မြင်သူတို့သည် ရွှေဖလား၊ ငွေဖလား စသည်တို့ကို ပစ်ပေးခြင်းခံရပြီး ယင်း ဖလားတို့ကို မိအောင် ဖမ်းယူကြရသည်။

ထို့နောက် ဗလီခတ်ခေါ် ကူလီရိုက်ပွဲများ ဆက်လက်ကျင်းပသည်။ ကူလီသီးသည် သရက်ပင်မြစ်ဆုံတစ်ခုကိုယူပြီး လုံးနေအောင်ပွတ်၍ ထုံးရည် ဝအောင်စိမ်ထားခြင်းဖြစ်သည်။ ကူလီတံမှာ အသားမာသောသစ်သားဖြင့် ပြုလုပ်ကာ သစ်သားတံ၏ထိပ်၌ ကြေးဝါကောက်တံတစ်ခု ပြုလုပ်ပြီး စွပ်ထားသည်။ ကြေးဝါကောက်တံထိပ်တွင် ဘုလုံးပြုလုပ်ထားသည်။ ကူလီရိုက်ပွဲကစားရာ၌ ကူလီတံဖြင့် ကူလီသီးကိုလိမ့်ယူကာ မိမိဘက်သို့ပါအောင် ကစားရခြင်းပင်ဖြစ်သည်။ ယင်းကူလီရိုက်ပွဲကို မြင်းဖြင့် စီးနင်းကစားရ၍ မြင်းစီးကျွမ်းကျင်ရန်နှင့် လျင်မြန်ဖျတ်လတ်ရန် ကြိုတင်လေ့ကျင့်ထားမှသာလျှင် ယင်းပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

ပြာသိုလ ပွဲတော်အဖြစ် ဆင်ဖမ်းပွဲလည်း ပါဝင်သည်။ ဆင်ဖမ်းပွဲသည် ဆင်တိုက်ပွဲတစ်မျိုး ဖြစ်သည်။ ထိုတိုက်ဆင်များသည် အတူနေဆင်များဖြစ်ကြ၍ ဆင်အချို့မှာ ငယ်ကြောက်ဖြစ်နေသည်။ ငယ်ကြောက်ဆင်သည် မိမိအား နိုင်ခဲ့ဖူးသောဆင်ကို မထိုးဝံ့ မသတ်ဝံ့ ဖြစ်နေလေ့ရှိသည်။ ထို့ကြောင့် နိုင်ထားသောဆင်ကို 'ဆုန်း' ဟုခေါ်သော ဟင်္သာပြဒါးဖြင့် သုတ်လိမ်းပေးရသည်။ ထိုအခါ ငယ်ကြောက် ငယ်နိုင်ဖြစ်သော ဆင်အားလုံးသည် အချင်းချင်း ထိုးသတ်လာကြသည်။ ထိုသို့ ဆင်အချင်းချင်းတိုက်၍ အနိုင်ရသည့်ဆင်မျိုးကို ဘွဲ့အမည်ပေး၍ စစ်ပွဲအတွက် ရွေးချယ်အသုံးပြုကြသည်။

မြင်းခင်းသဘင်ပွဲသည်လည်းကောင်း၊ ဆင်ခင်းသဘင်ပွဲသည်လည်းကောင်း ပြာသိုလ တစ်လလုံး ကျင်းပကြသည်။ အထူးသဖြင့် ပြာသိုလ၏ နှောင်းပိုင်းကာလများ၌ ဆင်ခင်းပွဲကို ကျင်းပသည်။

ဆယ့်နှစ်ရာသီ ပွဲတော်များတွင် ပြာသိုလ မြင်းခင်းပွဲတော်သည် မြန်မာ့ရိုးရာ ယဉ်ကျေးမှု ဓလေ့နှင့်အညီ နိုင်ငံချစ်စိတ်၊ ဇာတိချစ်စိတ်များ ရင့်သန်စေရန် အကျိုးပြုလျက်ရှိသည်။ ရှေးခေတ် မြန်မာ့တပ်မတော်၏ ကာကွယ်ရေးစွမ်းရည် မြင့်မားမှုကို ပြာသိုလ မြင်းခင်း၊ ဆင်ခင်းသဘင်ပွဲတော်များက အဓိကနေရာမှ အထောက်အကူပြုခဲ့သည်။

### ထူးခြားမွန်မြတ်သော လပြာသို

ပြာသိုလသည် ထူးခြားမွန်မြတ်သောလပင်ဖြစ်သည်။ ယင်းလတွင် ရာသီပွဲတော်အဖြစ် ကျင်းပခဲ့သည့် မြင်းခင်းသဘင်ပွဲမှာ နိုင်ငံတော်ကာကွယ်ရေးအတွက် အထောက်အကူပြုနေသကဲ့သို့ ပြာသိုလပြည့်နေ့သည် ရှင်တစ်ထောင် အခါတော်နေ့လည်းဖြစ်သည်။

ဂေါတမမြတ်စွာဘုရား လက်ထက်တော်အခါက ရသေ့ညီနောင် ရှင်ရှစ်ထောင်တို့သည် ပြာသိုလပြည့်နေ့တွင် မိမိတို့၏အယူဝါဒကိုစွန့်ပြီး ဗုဒ္ဓသာသနာတော်သို့ ကူးပြောင်းရောက်ရှိလာခြင်းကို အကြောင်းပြုကာ ပြာသိုလပြည့်နေ့ကို ရှင်တစ်ထောင်အခါတော်နေ့အဖြစ် သတ်မှတ်ခဲ့သည်။

ထို့အပြင် မြန်မာစာပေနှင့် ရုပ်ရှင် ပညာရှင်ကြီး ဆရာကြီးဦးသုခ၏ လမ်းညွှန်ချက်ဖြင့် ပြာသိုလပြည့်နေ့ကို 'အမေနေ့'အဖြစ် သတ်မှတ်ကျင်းပပြုလုပ်ကြသည်။ မိခင်၏ ကျေးဇူးကြီးမားပုံကို ယနေ့ခေတ်လူငယ်များ နားလည် သဘောပေါက်ပြီး မိဘကျေးဇူးကို အလေးအနက်ထားတတ်စေရန် ရည်ရွယ်ချက်ဖြင့် အမေနေ့ စာပေပြိုင်ပွဲများ၊ ဟောပြောပွဲများကို မြန်မာနိုင်ငံအနှံ့ စည်ကားသိုက်မြိုက်စွာ ကျင်းပနေခြင်းကလည်း ပြာသိုလ၏ ထူးခြားမွန်မြတ်မှုတစ်ခုပင်ဖြစ်သည်။

ထို့ကြောင့် ပြာသိုလတွင် ရှေးခေတ် မြန်မာဘုရင်များ၏ မြင်းခင်း၊ ဆင်ခင်းသဘင်ပွဲများမှ ရရှိလာသော နိုင်ငံချစ်စိတ်ကို မွေးမြူကြရင်း ကျေးဇူးကြီးမားလှသော မိခင်ဖခင်တို့၏ ချစ်ခြင်းမေတ္တာ၊ ကရုဏာတို့ကို ရှိခိုးကန်တော့ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။


## မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် ဇန်နဝါရီ ၁၉**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

မိုး/ဇလ



နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် (ပွဲတော်ကွင်း)၌ ဇန်နဝါရီ ၁၉ ရက်က Iron Cross တေးဂီတအဖွဲ့၏ ဖျော်ဖြေမှုကို လာရောက်ကြည့်ရှု အားပေးကြသော ပရိသတ်များအား တွေ့ရစဉ်။

မေမိုးသဲ

● *ကျော့ဖုံးမှ*

ပြည်သူတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်နှင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေးကို ထိပါးနှောင့်ယှက်လာသည့် အေအေ သောင်းကျန်းသူများကို နှိမ်နင်းနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက တပ်မတော်သို့ သောင်းကျန်းမှု နှိမ်နင်းရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ လုံခြုံဘေးကင်းစေရေးကို ထိပါးနှောင့်ယှက်သည့် လုပ်ဆောင်ချက်မှန်သမျှကို ထိရောက်သော ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေး (Effective Counter-insurgency Operations) ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့ပြင် တွေ့ဆုံပွဲ၌ သတင်းမီဒီယာများက "မနေ့က တပ်မတော်ကကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲမှာ ၇-၁-၂၀၁၉ ရက်က နိုင်ငံတော်သမ္မတအိမ်တော်မှာလုပ်တဲ့ ညှိနှိုင်းအစည်းအဝေးမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ မှာကြားချက်နဲ့ပတ်သက်ပြီး ထည့်သွင်းရှင်းလင်းသွားခဲ့ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး အစိုးရရဲ့ မှတ်ချက်ကို သိလိုပါတယ်"ဟု မေးမြန်းရာ နိုင်ငံတော်သမ္မတရုံးပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးက "ဒါက Privileged information ဖြစ်ပါတယ်။ အခြားထင်မြင်ချက် မပေးလိုပါဘူး"ဟု ပြန်လည်ဖြေကြားခဲ့သည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတရုံးပြောရေးဆိုခွင့်ရှိသူ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် သတင်းထောက်များ လက်ဖက်ရည်ဝိုင်းတွေ့ဆုံပွဲကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် Press Room ၌ ကျင်းပစဉ်။

သတင်းစဉ်

# တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုအခြေခံပြီး ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွေကို မြေပြင်မှာလက်တွေ့အကောင်အထည်ဖော်တဲ့အခါ တိုင်းရင်းသားအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်လာကြမယ်လို့ ယုံကြည်ပါတယ်

ဦးဇေယျာလင်း (ဒုတိယညွှန်ကြားရေးမှူး)



ဦးဇေယျာလင်း



မောင်နိုင်မင်းထွန်း



မောင်မာတီးနို



ဒေါ်ဝေမင်းမော်



နော်ခင်ဝင်းလင်း



ကိုချမ်းသာ

**နယ်စပ်ရေးရာဝန်ကြီးဌာနသည် ချမှတ်ထားသော မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များနှင့်အညီ နယ်စပ်ဒေသများမှ တိုင်းရင်းသားလူငယ် မောင်မယ်များကို နေပြည်တော်သို့ ဖိတ်ခေါ်၍ လေ့လာရေးခရီးများ စီစဉ်ဆောင်ရွက်ပေးလျက် ရှိသည်မှာ ငါးကြိမ်မြောက်ရှိပြီဖြစ်သည်။ ထို့အတူ ဝေးကွာသော နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်မောင်မယ်များအကြား တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားချစ်ခင်ယုံကြည်မှုရှိသော ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ပွားများခြင်း ခရီးမှာလည်း ငါးကြိမ်တိုင်ခဲ့ပြီ ဖြစ်သည်။**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားလူငယ်မောင်မယ်များအကြား တစ်အူထုံ့ဆင်း ညီရင်းအစ်ကို၊ မောင်ရင်းနှမများပမာ ကောင်းမွန်မှန်ကန်သော ခံယူချက်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားညီညွတ်ရေးစိတ်ဓာတ်များ ရှင်သန်ခိုင်မာလာစေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ဝါးထင်ထင် လေ့လာတွေ့ရှိပြီး လေ့လာရေးခရီးစဉ်မှရရှိသည့် အတွေ့အကြုံကောင်းများကို မိမိတို့နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးများအတွက် ထိရောက်စွာ ပြန်လည်အသုံးချနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် လေ့လာရေးခရီးစဉ်များကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယခု ငါးကြိမ်မြောက် လေ့လာရေးခရီးစဉ်တွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်များမှ တိုင်းရင်းသားလူငယ်မောင်မယ် ၁၅၀ တို့ ပါဝင်ကြပြီး လေ့လာရေးခရီးစဉ်ကို စီစဉ်ဆောင်ရွက်ပေးသည့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူနှင့် လေ့လာရေးခရီးစဉ်တွင် ပါဝင်ကြသည့် တိုင်းရင်းသားတိုင်းလူငယ်မောင်မယ်များ၏ စကားသံများကို ဖော်ပြလိုက်ပါသည်။

**ဦးဇေယျာလင်း (ဒုတိယညွှန်ကြားရေးမှူး)**
**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

ကျွန်တော်တို့ နယ်စပ်ဒေသမှာရှိတဲ့ တိုင်းရင်းသားများကို လေ့လာရေးခရီးစဉ် ဆောင်ရွက်ပေးတဲ့အခါမှာ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုရရှိစေပြီး ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံနှင့် ရိုးရာအကတွေကို တွေ့ခွင့်ရကြမှာဖြစ်ပါတယ်။ ဝေးလံခေါင်သီတဲ့ဒေသက တိုင်းရင်းသားလူမျိုးများအတွက် အသိပညာဗဟုသုတတွေ၊ ဒေသန္တရ ဗဟုသုတတွေကိုလည်း ရရှိကြမှာဖြစ်ပါတယ်။ သူတို့ဒေသကို ပြန်ရောက်တဲ့အခါမှာလည်း ရရှိထားတဲ့ ဗဟုသုတတွေ ပြန်လည်မျှဝေသွားနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားတွေကို ခေါ်ယူတဲ့အခါမှာ ဝေးလံခေါင်သီတဲ့ ဒေသတွေက တိုင်းရင်းသားတွေကို ဦးစားပေးအနေနဲ့ ခေါ်ယူပါတယ်။

ကျွန်တော်တို့ ခရီးစဉ်အတွင်းမှာ နေပြည်တော်ရဲ့ အထင်ကရ တန်ခိုးကြီးဘုရားတွေ၊ ဗဟုသုတရရှိစေမယ့် နေရာတွေ၊ အပန်းဖြေနေရာတွေကို ပို့ဆောင်ပေးပါတယ်။ ကျွန်တော်တို့ ပို့ဆောင်ပေးတဲ့နေရာတွေကနေ သူတို့အတွက် အသိပညာဗဟုသုတတွေရမယ်။ သူတို့ရဲ့ ဒေသဖွံ့ဖြိုးရေးအတွက် လက်တွေ့ပြန်လည်အသုံးချနိုင်တဲ့ ဗဟုသုတတွေကိုလည်း ရရှိစေပါတယ်။ အခြားတိုင်းရင်းသားလူမျိုးတွေရဲ့ရိုးရာယဉ်ကျေးမှုဓလေ့တွေ၊ ရိုးရာဝတ်စုံတွေ၊ တိုင်းရင်းသားဘာသာစကားတွေကို အချင်းချင်း ဖလှယ်ခွင့်ရကြတယ်။ တွေ့မြင်ခွင့်ရကြပါတယ်။

ကျွန်တော်တို့ ဒီလိုအစဉ်အလာကောင်းတွေကို နှစ်စဉ်ဆောင်ရွက်ပေးသွားမယ်ဆိုရင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခြေခံပြီး ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွေကို မြေပြင်မှာ လက်တွေ့အကောင်အထည်ဖော်တဲ့အခါ တိုင်းရင်းသားအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်လာကြမယ်လို့ ယုံကြည်ပါတယ်။

**မောင်နိုင်မင်းထွန်း**
**ချင်းတိုင်းရင်းသား**

ကျွန်တော်တို့ နေပြည်တော်ကိုလေ့လာရေးခရီးသွားရမယ်လို့ ကျွန်တော်တို့ရဲ့ ဆရာက ပြောတယ်။ အဲဒီအချိန်ကစပြီး တခြားတိုင်းရင်းသားလူငယ်တွေနဲ့ တွေ့တဲ့အခါမှာ ရိုးရာဓလေ့တွေ ဖလှယ်နိုင်ဖို့ ကျွန်တော်တို့ရဲ့ ရိုးရာအကတွေကို အချိန်ပေးပြီးတော့ လေ့ကျင့်ပြင်ဆင်ကြတယ်။ အခုလို လေ့လာရေးခရီးလာရတာ ဗဟုသုတတွေ အများကြီးရရှိစေပါတယ်။ အခြားတိုင်းရင်းသားတွေရဲ့နေထိုင်မှုပုံစံတွေ၊ ဘာသာစကားပြောဆိုမှုတွေ၊ သူတို့ရဲ့ရိုးရာတူရိယာတွေ၊ ရိုးရာဝတ်စုံတွေကို တွေ့ခွင့်ရတယ်။

ကျွန်တော်တို့ ဇန်နဝါရီ ၁၄ ရက်က နေပြည်တော်ကို ရောက်တယ်။ လွှတ်တော်၊ ရေပန်းဥယျာဉ်၊ ဥပ္ပါတသန္တိစေတီတော်စတဲ့ နေရာတော်တော်များများကို ရောက်ခဲ့ပါတယ်။ ပျော်ရွှင်စရာလည်း ကောင်းတယ်။ ဗဟုသုတတွေရသလို ဖွံ့ဖြိုးတိုးတက်မှုတွေကိုလည်း တွေ့မြင်ရပါတယ်။ ဒီလို လေ့လာခွင့်ရဖို့၊ တိုင်းရင်းသားပေါင်းစုံနဲ့ တွေ့ဆုံခွင့်ရဖို့ဆိုတာ မလွယ်ကူပါဘူး။ ဒါကြောင့် ဒီလေ့လာရေးခရီးကိုလာခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်။

**မောင်မာတီးနို**
**ကယားတိုင်းရင်းသား**

ဒီလိုလေ့လာရေးခရီးလာရတာ အသိအမြင်အများကြီးရပါတယ်။ တွေ့မြင်နေကျပုံစံနဲ့ကွဲပြားတဲ့ မြို့ပြအခြေအနေတစ်ခုကို မြင်တွေ့ခွင့်ရပါတယ်။ မြန်မာ့အသံနဲ့ ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား ထုတ်လွှင့်တဲ့နေရာတွေကို လည်ပတ်ခွင့်ရတယ်။ တီဗွီမှာကြည့်ရဖို့ ထုတ်လွှင့်မှုအဆင့်ဆင့်ကို မြင်ရတော့ တော်တော်စိတ်ဝင်စားပါတယ်။ တာဝန်ရှိသူတွေကလည်း သေချာရှင်းပြပေးပါတယ်။

ပြည်ထောင်စုကြီးအတွင်းက လူမျိုးတစ်မျိုးနဲ့တစ်မျိုး တွေ့ခွင့်ရတော့ အများကြီးဂုဏ်ယူဝမ်းသာပါတယ်။ ကျွန်တော်တို့ကို လေ့လာရေးခရီး စီစဉ်ပေးတဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနကလည်း တိုင်းရင်းသားတွေအကြား ညီအစ်ကိုအရင်းပမာ ချစ်ခင်မှုရအောင် ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားတွေကြားမှာလည်း အမှန်တကယ် ချစ်ခင်ရင်းနှီးမှုတွေ ရရှိခဲ့ကြပါတယ်။ မတူညီတဲ့ဒေသတွေကလာတဲ့ တိုင်းရင်းသားတွေနဲ့ စကားတွေပြောကြတယ်။ အတူတူစားကြတယ်။ အတူတူသွားကြတယ်။ အတူတူနေခဲ့ကြရတယ်။ မမေ့နိုင်မယ့် ခရီးစဉ်တစ်ခုဖြစ်သလို အခုလို ပို့ဆောင်ပေးတဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနကိုလည်း များစွာကျေးဇူးတင်ပါတယ်။

**ဒေါ်ဝေမင်းမော်**
**(ရခိုင်တိုင်းရင်းသူ)**

ကျွန်မက မူလတန်းပြဆရာမ ဖြစ်ပါတယ်။ နေပြည်တော်ကို ပထမဆုံးရောက်ဖူးတာ ဖြစ်ပါတယ်။ ကျွန်မတို့ မသိသေးတဲ့အရာတွေကို သိလိုက်ရတဲ့အတွက် ဗဟုသုတတွေ အများကြီးရရှိပါတယ်။ ကိုယ်မသိတဲ့အရာတွေ၊ ကိုယ်မမြင်ဖူးတဲ့အရာတွေကို မြင်တွေ့ခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ ကိုယ့်ဒေသ ပြန်ရောက်တဲ့အခါမှာလည်း ကျွန်မရရှိခဲ့တဲ့ ဗဟုသုတတွေကို မျှဝေပေးမှာ ဖြစ်ပါတယ်။

နယ်စပ်ဒေသအသီးသီးမှာ နေထိုင်ကြတဲ့ ညီအစ်ကို မောင်နှမတွေ၊ တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြတဲ့ သွေးချင်းသားချင်းတွေအားလုံး အခုလို ဆုံစည်းခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ ချင်း၊ ကရင်တိုင်းရင်းသူတို့နဲ့လည်း တစ်ဆောင်တည်းနေရတော့ ညီအစ်မတွေလို ခင်မင်ကြတယ်။ ချင်းက ညီမလေးတွေဆိုရင် ဝါးညှပ်အက ကကြတယ်၊ ကျွန်မတို့ ရခိုင်အကနဲ့ ဖလှယ်ခွင့်ရခဲ့ပါတယ်။

**နော်ခင်ဝင်းလင်း**
**(ကရင်တိုင်းရင်းသူ)**

ကျွန်မတို့ ကရင်ပြည်နယ်က ဖာပွန်ဒေသခံ ၁၅ ဦးနဲ့ သံတောင်ဒေသခံ ၁၅ ဦး စုစုပေါင်း ၃၀ ဒီလေ့လာရေးအဖွဲ့မှာ ပါဝင်ပါတယ်။ နေပြည်တော်ကို လေ့လာရေးခရီးလာရတော့ ဗဟုသုတတွေ၊ အတွေ့အကြုံတွေ အများကြီးရရှိတဲ့အတွက် ဝမ်းသာပါတယ်။ ဒီလို လေ့လာရေးခရီးစီစဉ်ပေးတဲ့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနဲ့ တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။

ကိုယ့်ဒေသကိုပြန်ရောက်ရင် နေပြည်တော်ရဲ့ အထင်ကရနေရာတွေကို လေ့လာရတဲ့အတွက် ရရှိတဲ့ဗဟုသုတတွေ၊ တွေ့ကြုံရတဲ့ အတွေ့အကြုံတွေကို ပြန်လည်မျှဝေပါမယ်။ မရောက်ဖူးသေးတဲ့ တိုင်းရင်းသား၊ တိုင်းရင်းသူတွေလည်း လေ့လာခွင့်ရအောင် ခေါ်စေချင်ပါတယ်။ ကျွန်မတို့လို မျက်မြင်ကိုယ်တွေ့ လေ့လာခွင့်ရစေချင်ပါတယ်။ ခရီးစဉ်တစ်လျှောက်မှာ ဝမ်းသာပျော်ရွှင်မိပါတယ်။

**ကိုချမ်းသာ**
**(ကိုးကန့်တိုင်းရင်းသား)**

နေပြည်တော်က ရှုခင်းတွေကို ကြည့်ခွင့်ရတယ်။ ကြည့်လိုက်တာနဲ့ အများကြီးပျော်ရွှင်မှုရပါတယ်။ ကျွန်တော်တို့ ဒီလေးရက်အတွင်းမှာ နေပြည်တော်ရဲ့ ဥပ္ပါတသန္တိစေတီတော်ကို သွားရောက်ဖူးမြော်ကြပါတယ်။ တိရစ္ဆာန်ဥယျာဉ်၊ စစ်သမိုင်းပြတိုက်၊ ရေပန်းဥယျာဉ်တို့ကို သွားလည်ဖြစ်ပါတယ်။ စစ်သမိုင်းပြတိုက်မှာ မတွေ့ဖူးတာတွေ အများကြီးတွေ့ရပါတယ်။

ကျွန်တော်တို့ တခြားတိုင်းရင်းသားတွေနဲ့ ခင်မင်ခွင့်ရကြတယ်။ သူငယ်ချင်းတွေလည်း အများကြီးရခဲ့တယ်။ သူငယ်ချင်းတွေ စုပြီးနေတယ်၊ စားတယ်၊ လည်တယ်၊ သီချင်းတွေ ဆိုကြတယ်။ ကျွန်တော်တို့ရဲ့စိတ်မှာ ဝမ်းသာပျော်ရွှင်မှုတွေ ခံစားရပါတယ်။ ရခိုင်တိုင်းရင်းသားတွေ၊ ကယားတိုင်းရင်းသားတွေရဲ့ဝတ်စုံက ဘယ်လိုလဲ၊ စားတဲ့အစားအသောက်တွေက ဘာလဲဆိုတာ သိခွင့်ရတယ်။ သူတို့ရဲ့ ယဉ်ကျေးမှုတွေကိုလည်း သိခဲ့ရပါတယ်။ ကျွန်တော်တို့ရဲ့ယဉ်ကျေးမှုတွေကိုလည်း သိရှိသွားကြပါတယ်။ အကူအညီတွေရတယ်။ သိချင်တာတွေကို သူတို့ကို မေးတဲ့အခါ ပြန်ဖြေပေးကြပါတယ်။ တိုင်းရင်းသားအားလုံးက စိတ်ဓာတ်တွေလည်း ကောင်းမွန်ကြတယ်။

**မျိုးသူဟိန်း၊ လူမော်၊ ဓာတ်ပုံ-ကျော်ဇင်ထိုက်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဖားကန့်မြို့နယ် ပြန်/ဆက်ရုံးစာကြည့်တိုက် ကြည့်ရှုစစ်ဆေး

**ဖားကန့် ဇန်နဝါရီ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့မွန်းလွဲပိုင်းက ကချင်ပြည်နယ် ဖားကန့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးစာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးသည်။

**စာဖတ်ဝိုင်းများ ထိရောက်အောင်ပြုလုပ်**

ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များဖြစ်ကြသော ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် ဦးအောင်မျိုးမြင့်တို့နှင့်အတူ ဖားကန့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးရှိ ပြတိုက်ငယ်၊ စာကြည့်တိုက်နှင့် ကလေးစာဖတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပြည်သူတို့၏ သတင်းသိရှိပိုင်ခွင့် ဖြည့်ဆည်းပေးနိုင်ရန်အတွက် နယ်မြေဆိုင်ရာသတင်းအချက်အလက်များ ရယူပေးပို့ရေး၊ မြို့နယ်အတွင်းရှိ စာရေးဆရာများနှင့် ပူးပေါင်းပြီး စာဖတ်ဝိုင်းများ ထိရောက်အောင် ပြုလုပ်ရေး၊ ရုံးအဆောက်အအုံမှုပြုပြင်ရန်လိုအပ်မှုများ ပြင်ဆင်ထိန်းသိမ်းရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ခရိုင်(ပြန်/ဆက်)**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့် ဖားကန့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးဝန်ထမ်းများနှင့် တွေ့ဆုံနေစဉ်။

# ကလေးစာပေပွဲတော်(မြစ်ကြီးနား)ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မြစ်ကြီးနား ဇန်နဝါရီ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော် (မြစ်ကြီးနား) ကို ဇန်နဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မြစ်ကြီးနား တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်သည်။

**အားကစားပြိုင်ပွဲများ ပါဝင်မည်**

ကလေးစာပေပွဲတော်တွင် စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စကားရည်လုပြိုင်ပွဲ၊ တိုင်းရင်းသားဘာသာစကားများဖြင့် ပုံပြောပြိုင်ပွဲ၊ အင်္ဂလိပ်ဘာသာဖြင့် ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ အဖွဲ့လိုက် အားကစားပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။



ကလေးစာပေပွဲတော်(မြစ်ကြီးနား)တွင် ခင်းကျင်းပြသမည့် ပြခန်းများ တွေ့ရစဉ်။

ထို့ပြင် ဖျော်ဖြေရေးအစီအစဉ်များလည်းပါဝင်ပြီး မြစ်ကြီးနားမြို့ရှိ ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများ၊ ကချင်အနုပညာရှင် တေးသံရှင်များ ပါဝင်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည့်အပြင် ကျောက်ဆည်ဆင်အက၊ မျက်လှည့်၊ ရုပ်သေး၊ တိုင်းရင်းသားရိုးရာအကများဖြင့်လည်း ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အသိပညာပေးပြခန်းများ ပြသသွားမည်**

ကလေးစာပေပွဲတော် ကျင်းပသည့်ရက်များအတွင်း စာပေဟောပြောပွဲ၊ စာပေစကားဝိုင်းနှင့် ကလေးစာပေမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပသွားမည်ဖြစ်သည့်အပြင် တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှု ပြခန်းများနှင့် အသိပညာပေးပြခန်းများကိုလည်း ထည့်သွင်းပြသသွားမည် ဖြစ်သည်။

တိုင်း ဒေသကြီး/ ပြည်နယ်အဆင့် ကလေးစာပေပွဲတော်များကို နေပြည်တော်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး၊ မုံရွာ၊ ရန်ကုန်နှင့် ပုသိမ်မြို့တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးဖြစ်သည်။

**အောင်မင်းဟန်**
**ဓာတ်ပုံ- သက်နိုင်လင်း**





ကလေးစာပေပွဲတော်(မြစ်ကြီးနား)တွင် ခင်းကျင်းပြသမည့် ပြခန်းများကို တွေ့ရစဉ်။

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၉**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

# ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ကလေးစာပေပွဲတော်(မြစ်ကြီးနား) ဖွင့်ပွဲအခမ်းအနား အစမ်းလေ့ကျင့်မှု ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား ဇန်နဝါရီ ၁၉**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းတို့သည် ယနေ့ နံနက်ပိုင်းတွင် မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဖွင့်ပွဲအခမ်းအနား အစမ်းလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးကြသည်။

**လေ့ကျင့်သီဆိုကပြ**

ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့သည် ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့၏ လေ့ကျင့်မှု၊ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ လေ့ကျင့်သီဆိုကပြမှုတို့ကို ကြည့်ရှုကြသည်။

ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ (မြစ်ကြီးနား)ကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ဇန်နဝါရီ ၂၀ ရက် မှ ၂၂ ရက်အထိ သုံးရက်တာ ကျင်းပသွားမည်ဖြစ်သည်။

**သတင်းစဉ်**






ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဖွင့်ပွဲအခမ်းအနား အစမ်းလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ ဓာတ်ပုံ - အောင်မင်းဟန်

## ညောင်တုန်းမြို့နယ်၌ မြစ်ကမ်းပါးပြိုကျမှုကြောင့် လူနေအိမ်များ ပြောင်းရွှေ့

**ညောင်တုန်း ဇန်နဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာအုပ်စုတွင် ပန်းလှိုင်မြစ်ရေတိုက်စားပြီး မြစ်ကမ်းပါးပြိုကျမှုကြောင့် ယနေ့ နံနက် ၈ နာရီ ၄၅ မိနစ်ခန့်က နေအိမ်လေးလုံး ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။

**ထိခိုက်ဒဏ်ရာရရှိမှုမရှိ**

ဆားမလောက်ကျေးရွာ အထက်ပိုင်းရပ်ကွက်တွင် မြစ်ကမ်းပါး အလျား ပေ ၁၅၀၊ အနံ ၃၅ ပေရှိ မြစ်ကမ်းပါး ပြိုကျရာ ပြိုကျသော မြစ်ကမ်းပါးနှင့် ၁၀ ပေခန့်အကွာတွင် နေထိုင်လျက်ရှိသော လူနေအိမ်များကို ကြိုတင်ဖျက်သိမ်းပေးပြီး အဆိုပါ မြစ်ကမ်းပါးပြိုကျမှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**ဝဋ္ဋနိုင်(ညောင်တုန်း)**

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း မြစ်ကြီးနားမြို့ရှိ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံနှင့် ကိုယ်ပွားသတင်းစာတိုက်တို့ကို ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား ဇန်နဝါရီ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ယနေ့ မွန်းလွဲပိုင်းက မြစ်ကြီးနားမြို့ရှိ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံနှင့် ကိုယ်ပွားသတင်းစာတိုက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ၌ ပြည်နယ်တာဝန်ခံ အင်ဂျင်နီယာမှူး ဦးအောင်ကျော်ဇင်က ထပ်ဆင့်လွှင့်စက်ရုံ လုပ်ငန်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကိုမှာကြား၍ ရုပ်သံထပ်ဆင့်ထုတ်လွှင့်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

**အချပ်ပို ရိုက်နှိပ်ဖြန့်ချိ**

ယင်းနောက် ကိုယ်ပွားသတင်းစာတိုက်သို့ ရောက်ရှိရာ တာဝန်ခံအရာရှိ ဦးကျော်ထက်က နိုင်ငံပိုင်သတင်းစာများ ပို့ဆောင်ဖြန့်ချိနေမှု၊ ကချင်တိုင်းရင်းသားဘာသာဖြင့် အချပ်ပို ရိုက်နှိပ်ဖြန့်ချိနေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ **(ယာပုံ)**

ထို့နောက် ဒုတိယဝန်ကြီးသည် ကိုယ်ပွားသတင်းစာတိုက် ပုံနှိပ်စက်ခန်းကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

**သတင်းစဉ်**



## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်းထွက်ရှိသောစာအုပ်စာရင်း

*(၁၉-၁-၂၀၁၉ ရက်မှ အဆက်)*

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁၈ | သင့်ကလေးအတွက် ဘယ်လိုပညာရေးမျိုးပေးချင်သလဲ | ဒေါက်တာသိန်းလွင် | ဆုစာပေ | ၅၅၀၀ |
| ၁၉ | လပွတ္တာဟုခေါ်သည် | မောင်ကောင်းမြင့် | ယောမင်းကြီး | ၁၂၀၀ |
| ၂၀ | ကျောင်းသားများအတွက် ထိရောက်တဲ့ လေ့လာသင်ယူနည်းများ | ဒေါက်တာသိန်းလွင် | ဆုစာပေ | ၂၅၀၀ |
| ၂၁ | သင့်ဦးနှောက်ကို အမှိုက်ပုံးမဖြစ်စေနဲ့ | အရှင်ဇနက | ကောင်းဆုသာ | ၂၀၀၀ |
| ၂၂ | အဆိုးနဲ့ကြုံရင် အကောင်းကို သတိရပါ | အရှင်ဝရဗုဒ္ဓိ (ဓမ္မခရီးဖော်) | ကောင်းဆုသာ | ၂၀၀၀ |
| ၂၃ | မျက်မမြင်တိုင်းပြည် | သခင်ဘသောင်း | တိုးမြစ် | ၂၀၀၀ |
| ၂၄ | ရန်သူ့တောင်ကုန်းမှာ အလံစိုက်နိုင်ပါစေ | ဝင်းဇော်လတ် | တိုးမြစ် | ၃၀၀၀ |
| ၂၅ | နိုင်ငံရေး ယဉ်ကျေးမှု | ဒဂုန်တာရာ | တိုးမြစ် | ၄၀၀၀ |
| ၂၆ | ၁၉၆၂ ခုနှစ် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး နေဝင်း ပြည်ထောင်စု မြန်မာနိုင်ငံကို အာဏာသိမ်းယူသော ကယားဦးစိန်၏ မှတ်တမ်းများ | ကယားဦးစိန် | နေရီရီ | ၂၇၀၀ |
| ၂၇ | ရွှေမေတ္တာ တရားပေါင်းချုပ် (၂) | ဒေါက်တာအရှင်ဝဏ္ဏိသာရ | ကောင်းထွင်ရ | ၂၅၀၀ |
| ၂၈ | စနေဝတ္ထုတိုများ | ကလောင်စုံ | တိုးမြစ် | ၃၀၀၀ |
| ၂၉ | အာဖရိကပုံပြင် ဘုရင်ကြီးရဲ့စည်တော် | ဇော်မောင် | တိုးမြစ် | ၂၅၀၀ |
| ၃၀ | အရွှေ့ | ဒေါက်တာ အရှင်ဥတ္တမနန္ဒ | မျိုးဆက်သစ် | ၁၅၀၀ |
| ၃၁ | ငှက်တို့ရဲ့ပွင့်လင်းဂီတပွဲတော်နှင့် အခြားကလေးကဗျာများ | မောင်သာလင်း | မိုးကျော်သူ | ၃၅၀၀ |
| ၃၂ | ကျွန်မဆက်၍ရေးချင်သော ဖေဖေ့အကြောင်းများ | လှကျော်ဇော် | နေရီရီ | ၂၇၀၀ |
| ၃၃ | နွေဦးမှာ ကျက်သရေ ကျန်ခဲ့တယ် | မောင်ဥယျာဉ် | တိုးမြစ် | ၃၀၀၀ |
| ၃၄ | တာရာဒေဝီနှင့် ပေးစာ | ဒဂုန်တာရာ | နေရီရီ | ၂၅၀၀ |
| ၃၅ | မြန်မာ့ရုပ်ရှင် ရွှေရတုသမိုင်းဝင်များ | အေးကြူလေး | စိတ်ကူးချိုချို | ၂၅၀၀ |
| ၃၆ | ဂလိုဘယ်လိုက်ဇေးရှင်း ငွေကြေးဈေးကွက်အတွေးအမြင် | ခင်မောင်ညို(ဘောဂဗေဒ) | စိတ်ကူးချိုချို | ၃၀၀၀ |
| ၃၇ | ပထမကမ္ဘာစစ်မှတ်တမ်း | သန်းဝင်းလှိုင် | လဝန်းသစ် | ၃၀၀၀ |
| ၃၈ | လှိုင်းကြည်ဖြူရဲ့ပင်လယ် | စိုးဘားဒိုင် | စိတ်ကူးချိုချို | ၁၀၀၀၀ |
| ၃၉ | မန်လည်ဆရာတော်၏ မဟာသုတကာရီလမ်းညွှန်နီတိ | ဦးသော်ဇင် | စိတ်ကူးချိုချို | ၃၅၀၀ |
| ၄၀ | မြန်မာ့သမိုင်းတစ်ကွေ့မှ နိုင်ငံခြားသားများ | သန်းဝင်းလှိုင် | အိပ်မက်သစ် | ၅၅၀၀ |
| ၄၁ | ဗုဒ္ဓခေတ်ထင်ရှားသော နိုင်ငံ့ခေါင်းဆောင်များ | အရှင်အာဒိစ္စဝံသ | မျိုးဆက်သစ် | ၄၀၀၀ |
| ၄၂ | လူအများဆိုင်ရာ တစ်ကိုယ်ရေကျင့်ထုံး -၁၀၀ | ဒိုဂျေဆန်း | စိတ်ကူးချိုချို | ၄၀၀၀ |
| ၄၃ | မျှော်လင့်ခြင်းကို မှူးတဲ့ညနေ | မြစ်ကျိုးအင်း | Smart | ၂၅၀၀ |
| ၄၄ | နိုင်ငံ့ဝန်ထမ်းမှတ်ဖွယ် ဥပဒေများ၊ နည်းပညာများအမိန့်နှင့် ညွှန်ကြားချက်များ | မြန်မာ့ခေတ်သစ်၊ စာတည်းအဖွဲ့ | - | ၅၀၀၀ |
| ၄၅ | မြန်မာ့ဂန္ထဝင်အတွဲ (၁၀၀) အစဉ် ၁+၂+၃ ပေါင်းချုပ် | ကလောင်စုံ | စာပေဗိမာန် | ၄၀၀၀၀ |
| ၄၆ | ဘဝကို မဟာဗျူဟာမြောက် စီမံခန့်ခွဲခြင်း | ဒေါက်တာအေးကျော် | ဘဝတက်လမ်း စာပေ | ၄၀၀၀ |
| ၄၇ | စိတ်ခေတ်တော်လှန်ရေး | ဒေါက်တာအောင်ခင် | တိုးမြစ် | ၂၅၀၀ |
| ၄၈ | ဗုဒ္ဓ၏ စီးပွားရေးဝါဒ | ဘသန်း (ဓမ္မိက) | တိုးမြစ် | ၁၅၀၀ |

*(ဆက်လက်ဖော်ပြပါမည်)*

# သုတေသနဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် သုတေသနလုပ်ငန်းဟာ အမြဲတမ်း စဉ်ဆက်မပြတ်လုပ်နေဖို့ အရေးကြီးပါတယ်

နည်းပညာတက္ကသိုလ် (သန်လျင်) ပါမောက္ခချုပ် ဒေါက်တာ သိင်္ဂီ

## ကျောင်းသူ ကျောင်းသားများ သုတေသနလုပ်ဆောင်သည့်အခါ မည်သို့လုပ်ဆောင်နေသည်နှင့် ပတ်သက်သည့် စကားဝိုင်း

**ကျောင်းသူကျောင်းသားများ သုတေသနလုပ်ဆောင်သည့်အခါ မည်သို့လုပ်ဆောင်နေသလဲနှင့် ပတ်သက်သည့် စကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် (အထက ၁၁) ကျောင်းအုပ်ကြီး ဒေါက်တာသန်းထိုက်စိုး၊ ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာန ပါမောက္ခဒေါက်တာနီနီသန်း၊ နည်းပညာတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် ဒေါက်တာသိင်္ဂီ၊ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းသန်းဝင်း ၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဖြူဖြူဝင်း၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသတက္ကသိုလ် မောင်းသူမဲ့ လေယာဉ်သုတေသနဌာန ပါမောက္ခဌာနမှူး ဒေါက်တာ သဲမောင်မောင် တို့၏ ပါဝင်ဆွေးနွေးမှုများကို ဖော်ပြလိုက်ပါသည်။**

**အစီအစဉ်မှူး။** ။**ဒီကနေ့ ဆွေးနွေးမယ့် အကြောင်းရင်းနဲ့ပတ်သက်ပြီး ဆရာမကြီးအနေနဲ့ ပထမဆုံးမိတ်ဆက်ဆွေးနွေးပေးပါဦး။**

**ဒေါက်တာသန်းသန်းဝင်း။** ။ဒီကနေ့ ဆွေးနွေးရမယ့်အကြောင်းအရာကတော့ အခြေခံပညာကစပြီးတော့ အဆင့်မြင့်ပညာသင်ကြားနေတဲ့ တက္ကသိုလ်ကျောင်းသားကျောင်းသူတွေအထိ သုတေသနတွေလုပ်ဆောင်တဲ့အခါမှာ ဘယ်လိုလုပ်ဆောင်နေသလဲဆိုတာကို ဆွေးနွေးမှာဖြစ်ပါတယ်။ အဆင့်မြင့်ပညာကဏ္ဍမှာ သုတေသနတွေ စလုပ်ဖို့အတွက် စိတ်ဝင်စားအောင်လုပ်ဖို့၊ အလေ့အကျင့်ကောင်းတွေ ရှိဖို့အတွက် ဘာတွေလုပ်ပေးနေတယ်။ အခြေခံကျောင်းတွေမှာ ဘာတွေဆောင်ရွက်ပေးနေတယ်ဆိုတာကို ဆွေးနွေးမှာဖြစ်တဲ့အပြင် တက္ကသိုလ်တွေမှာ သုတေသနဌာနတွေက ဘာတွေလုပ်နေသလဲ၊ သုတေသနဌာနတွေက ပံ့ပိုးကူညီဆောင်ရွက်မှုအကြောင်းနဲ့ လက်ရှိသုတေသနလုပ်နေတဲ့ လုပ်ငန်းတွေအကြောင်းကို ဆွေးနွေးပေးမှာဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။**အခြေခံပညာ ကျောင်းတွေမှာ ကျောင်းသား ကျောင်းသူတွေ သုတေသနလုပ်ချင်တဲ့ အလေ့အကျင့်တွေရရှိအောင် အခြေခံပညာအထက်တန်းကနေ တက္ကသိုလ်အထိ ဘယ်လိုမျိုးလေ့ကျင့်ပေးလဲဆိုတာ ပထမဆုံး ဆွေးနွေးပေးပါဦး။**

**ဒေါက်တာသန်းထိုက်စိုး။** ။ကျွန်တော်တို့ကျောင်းတွေမှာ အခုနောက်ဆုံးပေါ် small skill concept နဲ့ Practical တွေလုပ်တယ်။ ကျွန်တော်တို့ ပြဋ္ဌာန်းထားတဲ့ သင်ရိုးညွှန်းတမ်းနဲ့ ကိုက်ညီအောင် small skill concept ရဲ့ အားသာချက်က လက်တွေ့ခန်းအကြီးကြီးတွေ မလိုဘူး။ ဆရာ ဆရာမတွေက စာသင်ခန်းထဲကိုတောင် ယူသွားလို့ရတယ်။ အုပ်စုခွဲပြီး လုပ်လို့ရတယ်။ အဲဒီအခါ စာတွေနဲ့ လက်တွေ့ပေါင်းစပ်သင်ရတဲ့ ရည်ရွယ်ချက်က ဝန်ထုပ်ဝန်ပိုးလည်း လျော့သွားတယ်။ ဘာဖြစ်လာလဲဆိုရင် သင်ကြားသင်ယူမှုမှာ ပိုပြီးထက်မြက်လာတယ်။ ကလေးတွေကလည်း သူတို့အခြေခံကျောင်းသားဘဝမှာ Practical လုပ်ခဲ့ဖူးတယ်။ သုတေသန Mindset ကို ငယ်ငယ်ကတည်းက ဝင်သွားတာပေါ့။ ဒါလေးတွေဟာ နိုင်ငံတကာမှာလည်း ကျင့်သုံးနေပြီ။ ကျွန်တော်တို့ဆီမှာလည်း ကြိုးစားနေတယ်။ ဒါက stand education ရဲ့ အစလည်းဖြစ်တယ်။

**အစီအစဉ်မှူး။** ။**အခြေခံပညာ ကျောင်းတွေက ကျောင်းသားကျောင်းသူတွေကို သုတေသန လုပ်ချင်တဲ့ဗီဇတွေ၊ လုပ်ချင်ကိုင်ချင်စိတ်တွေရှိအောင် ဘယ်လိုမျိုးပုံစံနဲ့ ပြုစုပျိုးထောင်ပေးပါသလဲ။**



**ဒေါက်တာသန်းထိုက်စိုး။** ။ကျွန်တော်တို့အခြေခံပညာမှာ အရင်ကတည်းက Environmental Education ဆိုပြီး ရှိပါတယ်။ ကျွန်တော်တို့ မန္တလေးမှာဆိုရင် ကျွမ်းကျင်သူတွေနဲ့ လုပ်တယ်။ သူတို့က ဘာတွေသင်ပေးထားသလဲဆိုရင် Green Map ရေးဆွဲတာပါ။ Green Map ဆိုတာ ကိုယ့်ရဲ့ကျောင်း၊ ကိုယ့်ရဲ့ ပတ်ဝန်းကျင်၊ ကိုယ့်ရဲ့မြို့ရွာတွေကို ကလေးတွေက သွားပြီးဆွဲတယ်။ Green Map ဆွဲတဲ့ရည်ရွယ်ချက်က ငယ်ငယ်ကတည်းက သဘာဝပတ်ဝန်းကျင်ကို ချစ်ခင်တတ်လာတယ်။ သဘာဝပတ်ဝန်းကျင်မှာရှိတဲ့ မိမိရဲ့ရေမြေတောတောင်တွေကို ချစ်ခင်တတ်တဲ့စိတ်တွေ ဖြစ်လာတယ်။ အဲဒီကနေပြီးတော့ သုတေသနလုပ်ချင်ကိုင်ချင်စိတ်တွေ ပေါ်ထွန်းလာပြီးတော့ တက္ကသိုလ်တွေ ရောက်တဲ့အခါမှာလည်း အခြေခံကနေ အဆင့်မြင့်ကို ရောက်သွားတယ်။ ပရော်ဖက်ရှင်နယ်အဖြစ် ကူးပြောင်းနိုင်တယ်။ အဲဒီလိုဖြစ်အောင်လည်း ကြိုးစားနေတယ်။

**အစီအစဉ်မှူး။** ။ **အခုပြောင်းလဲလိုက်တဲ့ သိပ္ပံဘာသာမှာဆိုရင် စူးစမ်းလေ့လာမှုကို အခြေခံပြီးတော့ ရေးသားထားတယ်လို့ သိရပါတယ်။ ဒီအကြောင်းနဲ့ ပတ်သက်ပြီးတော့လည်း ဆွေးနွေးပေးပါဦး။**

**ဒေါက်တာ နီနီသန်း။** ။ အခြေခံပညာသင်ရိုးသစ်ဖြစ်တဲ့ KG+12 သိပ္ပံဘာသာရပ်အတွက် Activity Base ကို အခြေခံထားပါတယ်။ ကိုယ်တိုင်စူးစမ်းလေ့လာပြီး လုပ်ဆောင်ရတဲ့အတွက်ကြောင့် သင်ခန်းစာကို သေချာနားလည်သွားစေတယ်။ သုတေသနရဲ့ အခြေခံဖြစ်တဲ့ စူးစမ်းလေ့လာမှုကိုလည်း ငယ်စဉ်ကတည်းက ရရှိသွားမှာဖြစ်ပါတယ်။ သင်ခန်းစာကို အလွတ်ကျက်ဖို့ထက် အလွတ်ကျက်စရာမလိုတော့ဘဲနဲ့ ကိုယ်တိုင်လုပ်ရတဲ့အတွက်ကြောင့် သူတို့ဟာ သင်ခန်းစာနဲ့ ပတ်သက်လို့လည်း နားလည်မှုက ပိုပြီးရရှိမှာ ဖြစ်ပါတယ်။ ကလေးတွေကို Observation Skill ကနေ စပြီးတော့ Science Process ကို တန်းစဉ်အလိုက် ပေးသွားမှာ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ အကြံပြုလိုတာကတော့ ဆရာ ဆရာမတွေအနေနဲ့ သင်ရိုးသစ်အတွက် ကလေးတွေအပေါ် အုပ်စုလိုက် Activity တွေ လုပ်ဆောင်ဖို့ သေသေချာချာ ကြိုတင်ပြင်ဆင်ပေးပြီးတော့ ကလေးများကို ကိုယ်တိုင်ပါဝင်လုပ်ဆောင်စေရမှာ ဖြစ်ပါတယ်။ အလယ်တန်း၊ အထက်တန်းကျောင်းတွေမှာလည်း သိပ္ပံနဲ့ ပတ်သက်တဲ့ပွဲတွေကို ပြုလုပ်ပြီး ပြပွဲပြိုင်ပွဲတွေကို လုပ်ပေးသင့်ပါတယ်လို့ အကြံပြုလိုပါတယ်။

**အစီအစဉ်မှူး။** ။**ကျောင်းသား ကျောင်းသူတွေ သုတေသနလုပ်ငန်းမှာ တိုးတက်ဖို့ဆိုရင်ရော ဘယ်လိုမျိုးလုပ်ဆောင်သင့်ပါသလဲဆိုတာလည်း ဆွေးနွေးပေးပါဦး။**

**ဒေါက်တာနီနီသန်း။** ။ ကျွန်မတို့ တက္ကသိုလ်တွေမှာ သုတေသနနဲ့ ပတ်သက်လို့ နှစ်စဉ်ကျောင်းတွေမှာ သိပ္ပံနဲ့ ပတ်သက်တဲ့ပွဲတွေကို ပြုလုပ်ပေးတယ်။ ပထမနှစ်ကစပြီး ပါရဂူတန်းအထိ ကလေးတွေဟာ သူတို့ရဲ့ ပရောဂျက်တွေကို အုပ်စုလိုက်ဝင်ပြီးတော့ ပြိုင်ကြတယ်။ ပြိုင်ဖို့အတွက်လည်း သုတေသန ထောက်ပံ့ကြေးတွေ ထုတ်ပေးတယ်။ ပြိုင်ပွဲမှာ ဆုတွေအများကြီး ချီးမြှင့်ပေးတယ်။ တက္ကသိုလ်အဆင့်မှာလည်း မြန်မာနိုင်ငံဝိဇ္ဇာနဲ့ သိပ္ပံအသင်းကနေ သုတေသနပြိုင်ပွဲမှာ အကောင်းဆုံးဆုတွေကိုပေးတယ်။ နောက်တစ်ခါ သုတေသနကျမ်းပေါ့။ အကောင်းဆုံး သုတေသနကျမ်းတွေကိုလည်း နှစ်စဉ်ဆုကြေးတွေကို တိုးမြှင့်ပြီးတော့ ချီးမြှင့်ပေးတာဖြစ်တဲ့အတွက် ကလေးတွေဟာ သုတေသနလုပ်လိုစိတ်တွေ မြင့်တက်လာတာကိုလည်း တွေ့ရပါတယ်။

**အစီအစဉ်မှူး။** ။ **တက္ကသိုလ်အဆင့်မှာ ဆိုရင် သုတေသနလုပ်ငန်းတွေ လုပ်ဆောင်ဖို့အတွက် ဘယ်လိုမျိုးဆောင်ရွက်ပေးသင့်ပါသလဲ။**

**ဒေါက်တာသိင်္ဂီ။** ။ တက္ကသိုလ်ကို ရောက်လာတဲ့ ကျောင်းသားကျောင်းသူတွေအတွက်ဆိုရင် သူတို့အတွက် သင်ရိုးညွှန်းတမ်း Curriculum တွေ ရေးဆွဲပြင်ဆင်တဲ့အခါမှာ သီအိုရီတွေအပြင် တကယ့်ကို ပြင်ပကနေ ဗဟုသုတတွေ၊ သုတေသနကို အခြေခံတဲ့ သုတေသန ဆောင်ရွက်ချက်တွေကိုပါ ထည့်သွင်းပြီးတော့ သင်ရိုးညွှန်းတမ်းတွေကို ပြင်ဆင်ထားဖို့ လိုအပ်ပါလိမ့်မယ်။ နောက်တစ်ခုကတော့ သုတေသနကို ဦးတည်စေတဲ့ ပရောဂျက်တွေ လုပ်ခိုင်းရမယ်။ ဆရာ ဆရာမတွေက သင်ကြားပြီးစီးတိုင်း သူတို့ကို Discussion တွေ လုပ်ခိုင်းရမယ်။ အမေးအဖြေတွေ လုပ်ခိုင်းခြင်းအားဖြင့် ဒီကျောင်းသား ကျောင်းသူတွေရဲ့ နားလည်မှုကိုလည်းပဲ အမြဲတမ်းစစ်ဆေးဖို့ လိုအပ်ပါလိမ့်မယ်။ နားလည်မှု level ကို စစ်ဆေးတဲ့အခါကျမှ ဒီကျောင်းသားဟာ ဗဟုသုတရသွားတာလား၊ ဒါမှမဟုတ် တကယ့်ကို သင်ခန်းစာပေါ်မှာ တကယ့်ကို နားလည်သွားတာလား။ ဒီသင်ခန်းစာကို ပြန်ပြီးအသုံးချနိုင်ပြီလား ဒါမှတစ်ဆင့် Creative Thinking တွေ လုပ်နိုင်ပြီလားဆိုတဲ့ Level တစ်ခုရောက်အောင် ဆရာ ဆရာမတွေက သင်ကြားပေးဖို့ လိုအပ်ပါတယ်။ အဲဒီ Level အထိရောက်အောင် သင်ကြားပေးနိုင်ပြီဆိုရင် ကျောင်းသား ကျောင်းသူတွေဟာ သုတေသနလုပ်ငန်းကို အလွယ်တကူနဲ့ ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။ **ဟုတ်ကဲ့ပါ။ သုတေသနတစ်ခုပြီးစီး အောင်မြင်ဖို့ဆိုရင်ရော ဘာတွေများလိုအပ်မလဲဆွေးနွေးပေးပါဦး။**

**ဒေါက်တာသိင်္ဂီ။** ။ သုတေသနလုပ်ငန်းတစ်ခုကို လုပ်တော့မယ်ဆိုရင် ဒီသုတေသနကို ဦးဆောင်ပေးမယ့် ဆရာ ဆရာမ Supervisor ဆိုတာ လိုပါလိမ့်မယ်။ အဲဒီသုတေသနကို ဦးဆောင်မယ့် ဆရာ ဆရာမတွေမှာ ဘာတွေရှိရမလဲဆိုရင် သုတေသနကို တကယ်နားလည်တဲ့ ဆရာဆရာမဖြစ်ဖို့ လိုပါတယ်။ အချိန်အလုံအလောက်ရှိဖို့လည်း လိုအပ်ပါတယ်။ နောက်တစ်ခုက သူ့ကို သုတေသနလုပ်ငန်းတွေ အထောက်အကူပြုနိုင်မယ့် ပစ္စည်းကိရိယာ အစုံအလင်နဲ့ ဓာတ်ခွဲခန်း လိုအပ်ပါလိမ့်မယ်။ စာကြည့်တိုက်တွေလည်း လိုအပ်ပါလိမ့်မယ်။ သုတေသနလုပ်ငန်း လုပ်နေစဉ်မှာ တကယ့်ကို အသုံးပြုဖို့အတွက် ICT ကလည်း အထောက်အပံ့အနေနဲ့ လိုအပ်ပါတယ်။ သုတေသနရန်ပုံငွေတွေလည်း လိုအပ်မှာဖြစ်ပါတယ်။ တကယ့်ကို အရည်အချင်းပြည့်ဝတဲ့ Supervisor တွေရရှိဖို့ဆိုရင် အဲဒီဆရာ ဆရာမတွေဟာ Research methodology လိုဟာမျိုးတွေ၊ Research Management တွေ၊ Research Training တွေကို ရရှိပြီးသားဖြစ်ဖို့လိုပါတယ်။ အဲဒီအတွက်လည်း ပညာရေးဝန်ကြီးဌာန ကနေပြီးတော့ British Council တို့လို၊ JICA တို့လို အဖွဲ့အစည်းတွေနဲ့လည်း ပူးပေါင်းပြီးတော့ ဆရာ ဆရာမတွေကို ပြည်တွင်းမှာ မွမ်းမံသင်တန်းတွေ ပို့ချတာတွေရော ပြည်ပကိုစေလွှတ်ပြီး နိုင်ငံခြားဘွဲ့လွန်သင်တန်းတွေကိုပါ စေလွှတ်လျက်ရှိပါတယ်။ သုတေသနပြုလုပ်တဲ့အခါမှာ အဓိကသတိထားပြီး လိုက်နာရမယ့်ကျင့်ဝတ်ကတော့ တကယ့်ကို Research Active ပါ။ ဒါကတော့ အလွန်အရေးကြီးပါတယ်။

**အစီအစဉ်မှူး။** ။ **ဟုတ်ကဲ့ပါ။ သုတေသနလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်အောင်မြင်ဖို့ဆိုရင် ဘာတွေလိုအပ်တယ်လို့ထင်ပါသလဲ ဆွေးနွေးပေးပါဦး။**

**ဒေါက်တာသိင်္ဂီ။** ။ သုတေသနတွေ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် သုတေသနလုပ်ငန်းဟာ အမြဲတမ်း စဉ်ဆက်မပြတ်လုပ်နေဖို့အရေးကြီးပါတယ်။ နောက်တစ်ခုက သုတေသနလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်တာအပြင် သုတေသနလုပ်တဲ့ ကျောင်းသား ကျောင်းသူတွေ၊ သုတေသနပညာရှင်တွေအတွက် ပြိုင်ပွဲတွေ လုပ်ပေးရမယ်။ ပြပွဲတွေ လုပ်ပေးရမယ်။ နောက်တစ်ခါ သူတို့အတွက်ကို ချီးမြှင့်မှုတွေလည်း လုပ်ပေးဖို့လိုအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ကတော့ တက္ကသိုလ်အလိုက် သုတေသနစာတမ်းဖတ်ပွဲတွေ ပြုလုပ်နိုင်အောင်၊ သုတေသနစာစောင်တွေ၊ သုတေသနဂျာနယ်တွေ ထုတ်ဝေနိုင်အောင် ပံ့ပိုးပေးလျက်ရှိပါတယ်။ ပညာရေးရန်ပုံငွေတွေကိုလည်း နှစ်စဉ်တိုးမြှင့်ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ တက္ကသိုလ်တွေအနေနဲ့ကလည်း ဒေသန္တရမှာလိုအပ်တဲ့ လိုအပ်ချက်တွေ ပြုလုပ်တဲ့ Research တွေ၊ နိုင်ငံအတွက် လိုအပ်တဲ့ သုတေသနလုပ်ငန်းတွေတင်မကဘဲ နိုင်ငံတကာက လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မယ့် သုတေသနလုပ်ငန်းတွေအထိ ဆက်လက်ဆောင်ရွက်သွားရပါလိမ့်မယ်။ သုတေသနလုပ်ငန်းကို ဆောင်ရွက်တဲ့အခါမှာ ကျောင်းသား ကျောင်းသူများ သာမကဘဲ ဆရာ ဆရာမတွေကပါ ပူးပေါင်းဆောင်ရွက်သွားပေးဖို့ လိုအပ်ပါလိမ့်မယ်။

*စာမျက်နှာ ၁၁ သို့*

**“ပညာရေးဝန်ကြီးဌာနကနေပြီးတော့ British Council တို့လို၊ JICA တို့လို အဖွဲ့အစည်းတွေနဲ့လည်း ပူးပေါင်းပြီးတော့ ဆရာ ဆရာမတွေကို ပြည်တွင်းမှာ မွမ်းမံသင်တန်းတွေ ပို့ချတာတွေရော ပြည်ပကိုစေလွှတ်ပြီး နိုင်ငံခြားဘွဲ့လွန်သင်တန်းတွေကိုပါ စေလွှတ်လျက်ရှိပါတယ်။ သုတေသနပြုလုပ်တဲ့အခါမှာ အဓိကသတိထားပြီး လိုက်နာရမယ့်ကျင့်ဝတ်ကတော့ တကယ့်ကို Research Active ပါ။ ဒါကတော့ အလွန်အရေးကြီးပါတယ်”**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ပြည်ထောင်စုဝန်ကြီးဌာနများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များဖွဲ့စည်းရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၉**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) တို့ ပူးပေါင်း၍ ပြည်ထောင်စုဝန်ကြီးဌာနများတွင် ရှေ့ပြေးစီမံကိန်းအဖြစ် ဝန်ကြီးဌာန ၁၃ ခု၌ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU)များ ဖွဲ့စည်းရေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် Park Royal Hotel ၌ ကျင်းပသည်။




ပြည်ထောင်စုဝန်ကြီးဌာနများတွင် ရှေ့ပြေးစီမံကိန်းအဖြစ် ဝန်ကြီးဌာန ၁၃ ခု၌ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) များ ဖွဲ့စည်းရေး အလုပ်ရုံဆွေးနွေးပွဲတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် တာဝန်ရှိသူများ၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်သူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

အလုပ်ရုံဆွေးနွေးပွဲသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးဌာန ၁၃ ခုမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ကော်မရှင် ရုံးဝန်ထမ်းများ တက်ရောက်သည်။

**အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်းအပေါ် ဆွေးနွေး**

အလုပ်ရုံဆွေးနွေးပွဲတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က အဖွင့်အမှာစကားပြောကြားပြီး ကော်မရှင်အတွင်းရေးမှူး ဦးစန်းဝင်းက CPU အဖွဲ့များဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ ဥပဒေရှုထောင့်မှ ဆွေးနွေးခြင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်းက CPU ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်မြတ်မြတ်စိုးက အဂတိလိုက်စားမှုဖြစ်နိုင်ခြေအန္တရာယ်ဆန်းစစ်လေ့လာသုံးသပ်ခြင်း၊ UNDP မှ ကျွမ်းကျင်သူ Mr.Philliat Matsheza က အဂတိလိုက်စားမှုတားဆီးကာကွယ်ခြင်းတို့အပေါ် ဆွေးနွေးကြသည်။

**အတည်ပြုဆုံးဖြတ်ချက်များ ချမှတ်**

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသော ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များက သိရှိလိုသောအချက်များကို မေးမြန်းဆွေးနွေးကြရာ ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး အလုပ်ရုံဆွေးနွေးပွဲတွင် အောက်ပါအတိုင်း အတည်ပြုဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြောင်း သိရသည်။

**ကော်မရှင်၏ကျင့်ဝတ်အား လိုက်နာရန်**

ပြည်ထောင်စုဝန်ကြီးဌာနများတွင် CPU ဖွဲ့စည်းမှုကို ပြည်ထောင်စုဝန်ကြီးဌာန၏ လိုအပ်ချက်နှင့်အညီ ပြည်ထောင်စုဝန်ကြီး၏ စီမံခန့်ခွဲမှုဖြင့် ဖွဲ့စည်းဆောင်ရွက်ရန်၊ CPU ၏လုပ်ငန်းတာဝန်သုံးရပ်အဖြစ် (၁) အဂတိလိုက်စားမှု ပြဿနာများကို စိစစ်ဖော်ထုတ်ရန်၊ (၂) အဂတိလိုက်စားမှုပြဿနာများကို ဖြေရှင်းရန်၊ (၃) နိုင်ငံ့ဝန်ထမ်းများ အဂတိလိုက်စားမှု ဆက်လက်မဖြစ်ပွားရေး တားဆီးကာကွယ်ရန်၊ CPUတွင် တာဝန်ထမ်းဆောင်မည့် ဌာနဆိုင်ရာပုဂ္ဂိုလ်များ အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ကျင့်ဝတ်အား လိုက်နာဆောင်ရွက်ရန်၊ CPU တွင် တာဝန်ထမ်းဆောင်မည့် ပုဂ္ဂိုလ်များအား ပြည်ထောင်စုဝန်ကြီးဌာန တစ်ခုလျှင် လေးဦးမှ ၁၀ ဦးအထိကို ဖေဖော်ဝါရီ ပထမပတ်တွင် သင်တန်းပေးသွားရန် တို့ဖြစ်သည်။

ဆက်လက်၍ ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှကလေးသူငယ်များဆိုင်ရာ ရုပ်သံပွဲတော် - ၂၀၁၈ တွင် ဆုရရှိခဲ့သူများအား ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၉**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှကလေးသူငယ်များဆိုင်ရာ ရုပ်သံပွဲတော် - ၂၀၁၈ (2nd Southeast Asia Video Festival For Children 2018 - SEAVFC)တွင် ဆုရရှိခဲ့သူများ၊ ပြိုင်ပွဲတွင် ဆန်ခါတင် ရွေးချယ်ခံခဲ့ရသူများနှင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသူများအား ဆုချီးမြှင့်ပွဲကို ယနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ကျင်းပသည်။



မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးနှင့် တာဝန်ရှိသူများ၊ ဆုရရှိသူများနှင့် ဆန်ခါတင်ရွေးချယ်ခံရသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

ဆုချီးမြှင့်ပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး က အမှာစကားပြောကြားသည်။

**ပြိုင်ပွဲဝင် ဗီဒီယိုဇာတ်လမ်းများပြသ**

ထို့နောက် အမျိုးသားအဆင့်နှင့် အာဆီယံဒေသကြီးအဆင့်တွင် ဆန်ခါတင် ရွေးချယ်ခံခဲ့ရသူများ၏ ပြိုင်ပွဲဝင် ဗီဒီယိုဇာတ်လမ်းများကို ပြသသည်။

ဆက်လက်၍ အသက် ၉ နှစ်မှ ၁၂ နှစ် အုပ်စုပြိုင်ပွဲ အာဆီယံဒေသကြီး အဆင့်တွင် Winner ဆုရရှိခဲ့သည့် မစုလင်းလဲ့၏ ပြိုင်ပွဲဝင် "Hero’s in my Life" ဗီဒီယိုဇာတ်လမ်းကို ပြသသည်။

**လူမှုရေးကျင့်ဝတ်များ ရိုက်ကူးထား**

အဆိုပါဇာတ်လမ်းသည် အဘိုး၊ အဘွားများအနေဖြင့် မြေးငယ်အပေါ် ချစ်ခင်တန်ဖိုးထား စောင့်ရှောက်ပေးမှုနှင့် ကောင်းမွန်သော လူမှုရေးကျင့်ဝတ်များ သင်ကြားပြသပေးမှုတို့ကို ပုံဖော်ရိုက်ကူးထားသည့် ဇာတ်လမ်းဖြစ်သည်။ ယင်းနောက် အသက် ၁၆ နှစ်မှ ၁၈ နှစ် အုပ်စုပြိုင်ပွဲ အာဆီယံဒေသကြီးအဆင့်တွင် Winner ဆုရရှိခဲ့သည့် မစုလတ်ရွှေရည်ဇော်၏ ပြိုင်ပွဲဝင် “Smile” ဇာတ်လမ်းကို ပြသသည်။

အဆိုပါ ဇာတ်လမ်းသည် မိဘနှင့် အဆင်မပြေဘဲ စိတ်လေနေသည့် ကျောင်းသား လူငယ်တစ်ဦးမှာ မာန်မာနမရှိ၊ စိတ်ထားဖြူစင်ပြီး အပြုံးဖြင့် အကူအညီပေးလေ့ရှိသည့် ဘုန်းကြီးကျောင်းကပ္ပိယကြီးတစ်ဦးနှင့် ခင်မင်ရင်းနှီးပြီး လိမ္မာယဉ်ကျေးကာ စည်းကမ်းရှိသော၊ စာကြိုးစားသည့် ကျောင်းသားတစ်ဦးအဖြစ်သို့ ပြောင်းလဲသွားပုံကို ပုံဖော်ရိုက်ကူးထားသည့် ဇာတ်လမ်းဖြစ်သည်။

**ဆုများ ပေးအပ်ချီးမြှင့်**

ထို့နောက် ပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်အဖြစ် ဆောင်ရွက်ခဲ့ကြသူများ၊ အာဆီယံဒေသကြီးအဆင့်တွင် Winner ဆုရရှိခဲ့ကြသည့် မစုလင်းလဲ့နှင့် မစုလတ်ရွှေရည်ဇော်၊ အသက် ၁၃ နှစ်မှ ၁၅ နှစ်အထိ အာဆီယံဒေသကြီးအဆင့်၊ ဝါသနာရှင် အာဆီယံဒေသကြီးအဆင့်၊ အသက် ၁၂ နှစ်အောက် အမျိုးသားအဆင့်၊ အသက် ၁၃ နှစ်မှ ၁၅ နှစ်အထိ အမျိုးသားအဆင့်၊ အသက် ၁၆ နှစ်မှ ၁၈ နှစ်အထိ အမျိုးသားအဆင့်၊ ဝါသနာရှင် အမျိုးသားအဆင့်၊ ပညာရှင် အမျိုးသားအဆင့်တို့တွင် ဆန်ခါတင်ရွေးချယ်ခံခဲ့ရသူများ၊ အသက်အုပ်စုအလိုက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသူများနှင့် ဝါသနာရှင်အဆင့်တို့တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသူများကို ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

**သတင်း - မိမိဖြိုး၊ ဓာတ်ပုံ - လှမိုး**

*စာမျက်နှာ ၁၀ မှ*

**အစီအစဉ်မှူး။** ။ **သုတေသနဆိုတာက သိပ္ပံဘာသာရပ်ကိုပဲ ဆိုလိုတာလား ဆိုတာကိုလည်း ဆွေးနွေးပေးပါဦး။**

**ဒေါက်တာသန်းသန်းဝင်း။** ။ သုတေသနလို့ဆိုရာမှာ အခြေခံပညာကျောင်းသားတွေရော၊ တက္ကသိုလ်ပညာသင်ကြားနေကြတဲ့ ကျောင်းသားကျောင်းသူတွေရော သိနေကြတာက လက်တွေ့ခန်းမှာပဲ လက်တွေ့လုပ်ဆောင်တဲ့ ဘာသာရပ်တွေပဲ သုတေသနလုပ်တယ်လို့ပဲ နားလည်နေကြတယ်။ ဝိဇ္ဇာဘာသာရပ်တွေမှာ သုတေသနလုပ်တာကို သိရှိနားလည်တဲ့ သူနည်းပါတယ်။ ဘယ်လိုလဲဆိုရင် ဝိဇ္ဇာဘာသာရပ်တွေမှာ သုတေသနလုပ်တယ်ဆိုတာက အခြေခံပညာကစပြီးသင်လာတဲ့ ဝိဇ္ဇာဘာသာရပ်တွေကို ကျက်စာတွေဆို ကျက်တာပဲမဟုတ်ဘဲနဲ့ သင်ကြားတဲ့အခါ ငြီးငွေ့မှုမရှိအောင် Assignment တွေပေးမယ်။ ဥပမာ-ဘာသာရပ်နဲ့ သက်ဆိုင်တဲ့ Assignment တွေပေးလိုက်ပြီးတော့ သူတို့ကို Discussion ပြန်လုပ်ခိုင်းပြီး အခြေခံကနေ ဝိဇ္ဇာဘာသာရပ်ကို စိတ်ဝင်စားလာမယ်။ ဝိဇ္ဇာဘာသာရပ်ထဲမှာပါတဲ့ စီးပွားရေးပညာဘာသာရပ်ကလည်း လက်တွေ့ခန်းတွေမလိုဘူး။ ဒါပေမယ့် သူတို့ကနေပြီးတော့ လက်ရှိဖြစ်ပေါ်နေတဲ့ စီးပွားရေးအကြောင်းအရာတွေ၊ စီးပွားရေးရာအကြောင်းအရာတွေတင်မဟုတ်ဘဲ လူမှုရေးရာအကြောင်းအရာတွေကို လေ့လာဆန်းစစ်ပြီးတော့မှ ရရှိတဲ့အဖြေတွေကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း သုံးလို့ရတယ်ဆိုတာကို ကျောင်းသား ကျောင်းသူတွေအားလုံးသိရှိနားလည်ဖို့ လိုပါတယ်။

**အစီအစဉ်မှူး။** ။ **ဟုတ်ကဲ့ပါ။ ဒါဆိုရင် လက်တွေ့ခန်းတွေ မလိုအပ်ဘဲ သုတေသနတွေလုပ်လို့ရတဲ့ ဘာသာရပ်တွေ တိုးတက်ဖို့ဆိုရင်ရော ဘာတွေများ လိုအပ်ပါသလဲ။**

**ဒေါက်တာသန်းသန်းဝင်း။** ။ လက်တွေ့ခန်းမလိုအပ်ဘူးလို့ ပြောတဲ့ ဘာသာရပ်တွေမှာဆိုရင် ဝိဇ္ဇာဘာသာရပ်တွေမှာ သူတို့လုပ်ချင်စိတ်ရှိအောင် ဘယ်လိုလုပ်ပေးရမလဲဆိုရင် သင်နေတဲ့အချိန်မှာ ခုနပြောသလို Assignment တွေပေးမယ်။ ပေးမယ့် Assignment တွေအတွက် အချက်အလက်တွေကို ဘယ်ကရနိုင်မလဲ။ စာကြည့်တိုက်တွေ ကနေ ရနိုင်တယ်။ E-book တွေကနေ ရနိုင် တယ်။ စာကြည့်တိုက်မှာ ဖတ်ရှုပြီးတော့မှ ကိုယ့်ရဲ့ အတွေ့အမြင်တွေ အားလုံးကို Class Room ထဲမှာ Discussion တွေ လုပ်ခိုင်းတယ်။ Knowledge Sharing တွေ လုပ်ခိုင်းခြင်းအားဖြင့် အဲဒါက လေ့လာမှုတစ်ခုပဲ၊ သုတေသနတစ်ခုပဲဆိုတာကို သိရှိအောင် သုတေသနလုပ်ဆောင်ဖို့ အစပျိုးပေးလိုက်တဲ့သဘောမျိုးပါ။ သုတေသနအလေ့အကျင့်ကောင်းတွေ ရရှိဖို့အပြင် ဘာသာရပ်ကိုစိတ်ဝင်စားမှုပိုလာအောင် ဝိဇ္ဇာဘာသာရပ်တွေက ကျက်စာပဲလို့ သိနေတဲ့ အသိစိတ်ကနေပြီးတော့ အခြားလေ့လာဖို့တွေ ရှိသေးတယ်ဆိုတဲ့ ဘာသာရပ်စိတ်ဝင်စားမှုလေးလည်း ဖြစ်ပေါ်လာလိမ့်မယ်။ ပြီးတော့လည်း စာကြည့်တိုက် အသုံးပြုမှုအလေ့အကျင့်လည်း ဖြစ်ပေါ်လာမယ်။

**နိုင်လင်းကြည်**

*(ဆက်လက်ဖော်ပြပါမည်)*

## တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ပုသိမ်ခရိုင်အသင်း ဗိုလ်စွဲ

**ဟင်္သာတ ဇန်နဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အသက် ၂၅ နှစ် အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၈ ရက် ညနေ ၃ နာရီက ဟင်္သာတမြို့နယ် ပြည်သူ့အားကစား ဘောလုံးကွင်း၌ ကျင်းပသည်။

အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ဟင်္သာတခရိုင်အသင်းနှင့် ပုသိမ်ခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပုသိမ်ခရိုင်အသင်းက အနိုင်ရရှိခဲ့သည်။ ယင်းနောက် ဆုချီးမြှင့်ပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ဆုရရှိသည့် အသင်းများအတွက် တစ်ဦးချင်း ဆုတံဆိပ်များကို တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ က ပေးအပ်ပြီး ပထမဆုရရှိသည့် ပုသိမ်ခရိုင်အသင်းကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ရာ အားကစားနည်းပြများနှင့် အားကစားသမားများက လက်ခံရယူကြသည်။

ဧရာဝတီတိုင်းဒေသကြီးအစိုးရဖွဲ့ ဝန်ကြီးချုပ်ဖလား အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၈ ရက်က စတင်ကျင်းပ ခဲ့ရာ တိုင်းဒေသကြီးအတွင်းရှိ ဟင်္သာတ၊ ပုသိမ်၊ မအူပင်၊ မြောင်းမြ၊ လပွတ္တာ၊ ဖျာပုံ စုစုပေါင်း ခြောက်ခရိုင်မှ အသင်း ခြောက်သင်း ဝင်ရောက်ကစားခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**




## မိတ္ထီလာ၌ အထက်မြန်မာပြည်ရှိ တက္ကသိုလ်ပေါင်းစုံ ဖိတ်ခေါ်ကြက်တောင်ရိုက်ပြိုင်ပွဲ ကျင်းပ

**မိတ္ထီလာ ဇန်နဝါရီ ၁၉**

မိတ္ထီလာမြို့၌ ဒေသခံတက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ကြက်တောင်ဝါသနာရှင်များ ပူးပေါင်းစီစဉ်သည့် အထက်မြန်မာပြည်ရှိ တက္ကသိုလ်ပေါင်းစုံ ဖိတ်ခေါ် ကြက်တောင်ရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၁၉ ရက် နံနက် ၈ နာရီက ခရိုင်မိုးလုံလေလုံအားကစားကွင်း၌ ကျင်းပသည်။



မိတ္ထီလာ ခရိုင်မိုးလုံလေလုံအားကစားကွင်း၌ တက္ကသိုလ်ပေါင်းစုံ ဖိတ်ခေါ်ကြက်တောင်ရိုက်ပြိုင်ပွဲ ကျင်းပစဉ်။

"အထက် မြန်မာပြည်မှာရှိတဲ့ တက္ကသိုလ်တွေ အားလုံးနီးပါးပါဝင်တဲ့ ဖိတ်ခေါ်ကြက်တောင်ရိုက် ပြိုင်ပွဲကို တက္ကသိုလ် ၁၆ ခုက ပြိုင်ပွဲဝင် ကြက်တောင်အားကစားသမားတွေ ပါဝင်ယှဉ်ပြိုင်ပြီးတော့ ဇန်နဝါရီ ၁၉၊ ၂၀ နှစ်ရက် ကျင်းပမှာ ဖြစ်ပါတယ်။ တက္ကသိုလ်တွေမှာ ကြက်တောင်အားကစား ပိုမိုကျယ်ပြန့်လာစေရန်၊ တက္ကသိုလ် တစ်ခုနှင့်တစ်ခု ရင်းနှီးမှုပိုမိုရရှိလာစေရန်၊ ဖိတ်ခေါ်ကြက်တောင်ရိုက်ပြိုင်ပွဲများ ကျင်းပပေးခြင်းဖြင့် ထူးချွန်သည့် မျိုးဆက်သစ်ကြက်တောင်ဝါသနာရှင်များ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်တွေနဲ့ ဒီပြိုင်ပွဲကို ကျင်းပတာဖြစ်ပါတယ်" ဟု ပြိုင်ပွဲဖြစ်မြောက်ရေး ကော်မတီဝင် ကိုခန့်ဇော်က ပြောသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်း၊ အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီးနှစ်ယောက်တွဲ၊ အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲ ပြိုင်ပွဲ အမျိုးအစား လေးမျိုးပါဝင်ပြီး အထက်မြန်မာပြည်ရှိ တက္ကသိုလ် ၁၆ ခုမှ ကျောင်းသားကျောင်းသူ ကြက်တောင် အားကစားသမားများ ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

## လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၉**

လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်၍ ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ရုံးအမှတ်(၂၃) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

## ကလေးတိုင်းအတွက် ဖွံ့ဖြိုးမှုမျှော်မှန်းချက် ပြည့်မီရေးဆိုင်ရာ အဆင့်မြင့်ဖိုရမ် နေပြည်တော်၌ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၉**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံ၏ ကလေးတိုင်းအတွက် ဖွံ့ဖြိုးမှုမျှော်မှန်းချက် ပြည့်မီရေးဆိုင်ရာ အဆင့်မြင့်ဖိုရမ်ကို ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ Park Rayal Hotel ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မျိုး စုစည်းသည်။**

## တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်၂၁နှစ်အောက် ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် (၂၁)နှစ်အောက် ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးကွင်း (၁)၌ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကြရာ မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ငါးဂိုး - နှစ်ဂိုးဖြင့် လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးကွင်း (၃)၌ မကွေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကြရာ မကွေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို လေးဂိုး - နှစ်ဂိုးဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပရီမီယာလိဂ် ပွဲစဉ်(၂၃) မန်ယူနှင့် လီဗာပူး နိုင်ပွဲယူ

အင်္ဂလန် ပရီမီယာလိဂ် ပွဲစဉ်(၂၃)ကို ဇန်နဝါရီ ၁၉ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူနှင့် ဘရိုက်တန်ပွဲတွင် မန်ယူအသင်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

အိုးထရက်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် မန်ယူနှင့် ဘရိုက်တန်ပွဲတွင် အိမ်ရှင်မန်ယူအသင်းသည် ၄-၂-၃-၁ ပုံစံဖြင့် ရက်ရှ်ဖို့ဒ်ကို အထောင်ထားပွဲထွက်ခဲ့ပြီး ဧည့်သည် ဘရိုက်တန်အသင်းသည် ၄-၁-၄-၁ ကစားကွက်ဖြင့် မာရေးကို အထောင်ထားပွဲထွက်ခဲ့သည်။ ပထမပိုင်း ပွဲချိန် ၂၇ မိနစ်တွင် မန်ယူအသင်း ပယ်နယ်တီ ကန်ခွင့်ရကာ ပေါ့ဘာက ဦးဆောင်ဂိုးအဖြစ် သွင်းယူခဲ့သည်။ ပွဲချိန် ၄၂ မိနစ်တွင် တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်က မန်ယူအတွက် ဒုတိယဂိုးသွင်းယူခဲ့ပြီး ပထမပိုင်းပြီးချိန်တွင် အိမ်ရှင်မန်ယူအသင်း နှစ်ဂိုး အသာဖြင့် ဦးဆောင်ခဲ့သည်။ ဒုတိယပိုင်း ၇၂ မိနစ်တွင် ကွင်းလယ်ကစားသမား ပက်စ်ကယ်ဂရော့စ်က ဘရိုက်တန်အတွက် ချေပဂိုးတစ်ဂိုး သွင်းယူခဲ့သည်။ ယနေ့ပွဲ အနိုင်ရရှိခဲ့သည့် မန်ယူအသင်းသည် နည်းပြသစ်လက်ထက် ပရီမီယာလိဂ် ခြောက်ပွဲဆက် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

ပရီမီယာလိဂ် အခြားပွဲစဉ်ရလဒ်များအဖြစ် ချန်ပီယံလမ်းကြောင်းပေါ်မှ လီဗာပူးအသင်းသည် ပဲလေ့စ်အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဇယားထိပ်၌ ဆက်လက်ရပ်တည်နေသည်။ ပွဲစဉ်(၂၃) အစောဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ခဲ့သည့် ဝုလ်ဗာဟမ်တန်နှင့် လက်စတာပွဲတွင် ဝုလ်အသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဘုန်းမောက်က ဝက်စ်ဟမ်းကို နှစ်ဂိုး-ဂိုးမရှိ၊ နယူးကာဆယ်က ကာဒစ်ဖ်ကို သုံးဂိုး-ဂိုးမရှိ၊ ဆောက်သမ်တန်က အဲဗာတန်ကို နှစ်ဂိုး-တစ်ဂိုး၊ ဝက်ဖို့ဒ်နှင့် ဘန်လေပွဲမှာ ဂိုးမရှိသရေ ဖြစ်ခဲ့သည်။

**သီဟ**

## မြင်းခြံဒီဂရီကောလိပ်၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**မြင်းခြံ ဇန်နဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် မြင်းခြံဒီဂရီကောလိပ်တွင် ကျောင်းအုပ်ဆရာကြီး ဒေါက်တာမောင်မောင်၏ ဖိတ်ကြားချက် ဖြင့် မြင်းခြံမြို့နယ် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးသက်ညွှန့်၊ မြင်းခြံခရိုင် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး တပ်စိတ်(၃)မှ ခေတ္တတပ်စိတ်မှူး ဒုရဲအုပ် အာကာလွှမ်းမိုး၊ မြင်းခြံမြို့နယ် မှုခင်း မှတ်တမ်းတာဝန်ခံ ရဲအုပ်ကိုကိုလွင်တို့ ဦးဆောင်၍ ကလေးသူငယ်အခွင့်အရေးနှင့် ဥပဒေပြဋ္ဌာန်းချက်ပါ ပြစ်မှုပြစ်ဒဏ်များ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အကြောင်း အသိပညာပေးဟောပြောခြင်းကို ဇန်နဝါရီ ၁၆ ရက်က မြင်းခြံဒီဂရီကောလိပ်ကျောင်းခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြင်းခြံဒီဂရီကောလိပ် ကျောင်းအုပ်ဆရာကြီး ဒေါက်တာမောင်မောင်က အမှာစကားပြောကြားပြီး မြင်းခြံခရိုင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်စိတ်(၃)မှ ခေတ္တတပ်စိတ်မှူး ဒုရဲအုပ် အာကာလွှမ်းမိုးက ကလေးသူငယ် အခွင့်အရေးနှင့် ဥပဒေပြဋ္ဌာန်းချက်ပါ ပြစ်မှုပြစ်ဒဏ်များကို လည်းကောင်း၊ လူကုန်ကူးမှုဖြစ်ပေါ်လာပုံ သမိုင်းကြောင်းနှင့် လူကုန်ကူးမှုကြောင့် ဖြစ်ပေါ်ခံစားရသည့် ဆိုးကျိုးများ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေများနှင့်ပတ်သက်၍ သိရှိလိုက်နာသင့်သည်များကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရဲအုပ်ကိုကိုလွင်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့် သိရှိလိုက်နာသင့်သော ဆောင်ရန်/ရှောင်ရန် အချက်အလက် များကို အသိပညာပေးဟောပြောခဲ့သည်။

**ဘိုဘို(မလှိုင်)**

❊*ကျောဖုံးမှ*

ရှမ်းယူနိုက်တက် အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး ထိုက်ထိုက်အောင်၊ ထက်ဖြိုးဝေ၊ တင်ဝင်းအောင်တို့ကို ပွဲထွက်လူစာရင်းတွင် ထည့်သွင်းကာ သီဟစည်သူ၊ နန္ဒကျော်၊ မေကွန်၊ ရန်နိုင်ဦး၊ ဂူစတာဗိုတို့ဖြင့် တွဲဖက်အသုံးပြုခဲ့သည်။ ရတနာပုံအသင်းမှာလည်း အတောင့်တင်းဆုံးလူစာရင်းဖြင့် ပွဲထွက်ခဲ့ပြီး ဝင်းနိုင်ထွန်း၊ မြတ်ကောင်းခန့်တို့ကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့သည်။ ပွဲအစတွင် နှစ်သင်းစလုံး တိုက်စစ်ဖွင့် ကစားရာ ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ၉ မိနစ်တွင် ထောင့်ကန်ဘောကို မေကွန်က ခေါင်းတိုက် သွင်းယူခဲ့သောကြောင့် ရှမ်းယူနိုက်တက်အသင်း ဦးဆောင်ဂိုး ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်း၏ ဦးဆောင်မှုမှာ မိနစ်အနည်းငယ်သာ ကြာခဲ့ပြီး ၁၂ မိနစ်တွင် ဝင်းနိုင်ထွန်းက ရတနာပုံအသင်းအတွက် ချေပဂိုး ပြန်သွင်းယူခဲ့သည်။

ပထမပိုင်းတွင် ရှမ်းယူနိုက်တက် အသင်းက ကစားပုံပိုကောင်းခဲ့သော်လည်း အဆုံးသတ်အားနည်းခဲ့၍ ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျနေသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်ရရန် ကြိုးပမ်းခဲ့ပြီး ၅၄ မိနစ်တွင် ထက်ဖြိုးဝေက ရှမ်းယူနိုက်တက်အသင်း အတွက် ဒုတိယဂိုး သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ရတနာပုံအသင်းက ချေပဂိုးရရန် ကစားသမားများ အပြောင်းအလဲပြုလုပ်ကာ တိုက်စစ်အားမြှင့်ခဲ့ပြီး ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် ဂိုးပြန်ရခဲ့သည်။ မြတ်ကောင်းခန့် ကန်တင်ပေးလိုက်သည့် ဘောလုံးကို ဝင်းနိုင်ထွန်းက ခေါင်းတိုက်သွင်းယူခဲ့ခြင်း ဖြစ်သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဇွဲကပင်အသင်းက Southern အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ Southern အသင်း၏ နှစ်ပွဲဆက် နိုင်ပွဲရရေး ကြိုးပမ်းမှုကို ဇွဲကပင်အသင်းက ရပ်တန့်ကာ ပထမဆုံးနိုင်ပွဲ ရယူနိုင်ခဲ့သည်။ ၁၀ မိနစ်တွင် ထူးထူးအောင်က Southern အသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ဇွဲကပင်အသင်းအတွက် ၂၃ မိနစ်တွင် သိန်းတန်က ချေပဂိုး၊ ၂၉ မိနစ်တွင် ပက်ထရစ်က ဒုတိယဂိုး သွင်းယူခဲ့သည်။ ၅၉ မိနစ်တွင် ကောင်းစည်သူက Southern အတွက် ချေပဂိုးပြန်သွင်းခဲ့၍ လက်ကျန်မိနစ်များမှာ အကြိတ်အနယ်ရှိခဲ့ပြီး ၈၅ မိနစ်တွင် အန်ဒါဆင်ဝက်စ်က ဇွဲကပင်အသင်းအတွက် အနိုင်ဂိုး သွင်းယူခဲ့သည်။

ဝေဘာလီကွင်း၌ ကျင်းပသည့်ပွဲတွင် ရခိုင်အသင်းက ဒဂုံအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရခိုင်အသင်းသည် ဂိုးပြတ်ရလဒ်ဖြင့် ပထမဆုံးနိုင်ပွဲရခဲ့ပြီး အနိုင်ဂိုးများကို ၂၉ မိနစ်တွင် ဆင်မြူရယ်၊ ၇၁ မိနစ်တွင် ချမ်းဦးနှင့် မိနစ် ၉၀ တွင် တည်ငြိမ်မင်းတို့က သွင်းယူခဲ့သည်။

ဒုတိယနေ့ကို ဇန်နဝါရီ ၂၀ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ဧရာဝတီအသင်း၊ မုံရွာကွင်း၌ စစ်ကိုင်းအသင်းနှင့် ဟံသာဝတီအသင်း၊ YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် Chinland အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**

❊*ကျောဖုံးမှ*

ဖြစ်စဉ်နှင့်ပတ်သက်၍ ရရှိသော အထောက်အထားများအရ ယခုဖြစ်စဉ်မှာ ARSA အကြမ်းဖက်အဖွဲ့က လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ARSA အကြမ်းဖက်အဖွဲ့သည် မေယုတောင်တန်း၏ အနောက်ဘက်ခြမ်းတွင် လည်းကောင်း၊ AA သောင်းကျန်းသူအဖွဲ့သည် မေယုတောင်တန်း၏ အရှေ့ဘက်ခြမ်းတွင်လည်းကောင်း နှစ်ဖွဲ့ညှိနှိုင်းချက်ဖြင့် နယ်မြေပိုင်းခြားလှုပ်ရှားနေခြင်းဖြစ်နိုင်သည်ဟု မြန်မာနိုင်ငံရဲတပ်ဖွဲ့က သုံးသပ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# အုတ်တွင်းမြို့နယ်၌ တိမ်းမှောက်သည့်ယာဉ်ပေါ်မှ တရားမဝင် ဝင်ရောက်လာသူ ၁၂ ဦး ဖမ်းဆီးရမိ

**အုတ်တွင်း ဇန်နဝါရီ ၁၉**

ရန်ကုန်-နေပြည်တော် အမြန်လမ်း မိုင်တိုင် ၁၃၄/၂ နှင့် ၃ အကြား အုတ်တွင်းမြို့နယ်၌ ဇန်နဝါရီ ၁၉ ရက် နံနက် ၁၁ နာရီခန့်က ယာဉ်တစ်စီး တိမ်းမှောက်ခဲ့ရာ အဆိုပါယာဉ်ပေါ်မှ တရားမဝင် ဝင်ရောက်လာသူ ၁၂ ဦး ဖမ်းဆီးရမိကြောင်း သိရသည်။




အုတ်တွင်းမြို့နယ်၌ ရေမြောင်းအတွင်း ထိုးကျသွားသောယာဉ်အား ရဲတပ်ဖွဲ့ဝင်များ စစ်ဆေးစဉ်။

**သွားရောက်စစ်ဆေး**

ဖြစ်စဉ်မှာ ရန်ကုန်-နေပြည်တော် အမြန်လမ်း မိုင်တိုင် ၁၃၄/၂ နှင့် ၃ အကြား ယာဉ်တစ်စီး တိမ်းမှောက်ကြောင်းသတင်းအရ ဇောဓိကုန်း အမြန်လမ်းရဲစခန်းမှ စခန်းမှူး ရဲအုပ်ရဲရင့်အောင် ဦးစီးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်နေသူ ခင်မောင်ဝင်း (၄၄ နှစ်) မောင်းနှင်လာသည့် 8I/----- ယာဉ်သည် အခင်းဖြစ်နေရာအရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရေမြောင်းအတွင်းသို့ ထိုးကျသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆက်သွယ်အကြောင်းကြားထား**

ယာဉ် မတော်တဆမှုကြောင့် ယာဉ်မောင်း ခင်မောင်ဝင်းတွင် (မစိုးရိမ်ရ)ဒဏ်ရာရရှိခဲ့သဖြင့် ဖြူးဆေးရုံသို့တင်ပို့ပေးခဲ့ပြီး ယာဉ်ပေါ်တွင် လိုက်ပါလာသော အမျိုးသား ၁၀ ဦး၊ အမျိုးသမီး နှစ်ဦးတို့မှာ တရားမဝင် ဝင်ရောက်လာသူများ ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

**အမှုဖွင့်အရေးယူထား**

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ဇောဓိကုန်းအမြန်လမ်း ရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သန်းလွင်**

# မူဆယ်၊ မိုးမိတ်၊ မင်္ဂလာဒုံနှင့် အင်းစိန်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၉**

မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၈ ရက် မွန်းတည့် ၁၂ နာရီက မူဆယ်မြို့နယ် မိုင်းယု(၁၀၅)မိုင် ကျေးရွာအထွက် အိုရီယမ်တယ်ဟိုက်ဝေးတိုးဂိတ်အနီး ကွတ်ခိုင်-မူဆယ်သွားပြည်ထောင်စုလမ်းမတွင် နောင်ဂျာ မောင်းနှင်ပြီး နော်အောင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၆၀၀ ကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၁ နာရီက မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် သဲနီကျေးရွာ ပလောင်ကွက်သစ်နေ မခင်စမ်းအေး(ခ)မအေးမီ၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၈၀ ကို လည်းကောင်း။

ထို့အတူ မွန်းလွဲ ၂ နာရီက မူးယစ်တပ်ဖွဲ့စု(၄၁) ရန်ကုန်(အရှေ့ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု မြရတနာကျေးရွာ ငုဝါလမ်းရှိ ဒေါ်ခင်မာဦး၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု မြရတနာကျေးရွာ ငုဝါလမ်းနှင့်ဂန္ဓမာလမ်းထောင့်တွင် မရတနာ(ခ)ရတနာသူဝင်းနှင့် မျိုးသန့်စင်တို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၉၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း၊ ဆက်လက်၍ ည ၇ နာရီက အင်းစိန်မြို့နယ် ဈေးကုန်း (အရှေ့) ရပ်ကွက် သီရိလမ်း ရုပ်ရှင်ရုံရှေ့လမ်းတွင် မခိုင်ဆန်းနှင့် ဒေါ်မြအေးယဉ်တို့အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



နောင်ဂျာ၊ နော်အောင်တို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူတွေ့ရစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၂၀-၁-၂၀၁၉ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၉း၁၅ - "အဂ္ဂမဟာပဏ္ဍိတ၊ဒွိပိဋကရေ ဘဒ္ဒန္တအဂ္ဂဓမ္မ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင်၊ ဓမ္မရောင်ခြည်ကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလခံယူ ဆောက်တည်ခြင်း"
၉း၃၀ - MRTV Travelogue
၁၀း၀၀ - Sunday Talk
၁၁း၂၀ - This Week's Special Interest
၁၁း၃၀ - BBC ခံစားကြည့်
၁၂း၃၀ - "စုဒ္ဒသမတိပိဋကဓရ တိပိဋက ကောဝိဒ တိပိဋက ကမ္ဘောဇ ဆရာတော်ဘဒ္ဒန္တဝိရိယနန္ဒ၏ ထေရုပတ္တိမှတ်တမ်း" (အပိုင်း- ၁)
၁၂း၅၀ - မြန်မာဂန္ထဝင်ရုပ်ရှင် "ချစ်မြေ"

**ညပိုင်း**

၁၅း၁၅ - MPT Myanmar National League 2019 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (စစ်ကိုင်းယူနိုက်တက် FC အသင်းနှင့် ဟံသာဝတီ ယူနိုက်တက် FC အသင်း)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - "ဒေသခံပြည်သူများအတွက် အကျိုးများစေမည် သိကီရ်ရေ လှောင်တမံဆီ"
- "ဆင်ခြေထောက်ရောဂါ ကင်းဝေးရေး သန်ချဆေးပေါင်း တိုက်ကျွေးပေး"(အပိုင်း-၁)
- တမ်းတမ်းတတဖြစ်ခဲ့ရသော ရုပ်ရှင်တေးများ
- "တုနှိုင်းမရ"

# မောင်တောမြို့နယ်တွင် တရားမဝင်ဘီယာဘူးများ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၉**

မောင်တောမြို့နယ် နယ်မြေ(၅) အောက်ပြူးမကျေးရွာအနောက်ဘက်ရှိ ပြူးမချောင်းလှေဆိပ်အနီး၌ အောက်ပြူးမ ရဲကင်းရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၈ ရက် ည ၈ နာရီခွဲက ကင်းပုန်းဝပ်ရန်သွားရောက်စဉ် မသင်္ကာဖွယ် ဆာလာအိတ်ခြောက်အိတ်ကို တွေ့ရှိသဖြင့် စစ်ဆေးရာ ၂၄ ဘူးပါ ဘီယာဗာ ၃၀ အတွင်းမှ Andaman Gold တံဆိပ်ပါ ဘီယာ သံဘူး ၇၂၀ ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိ၍ ငါးခူရနယ်မြေ ရဲစခန်းသို့ အပ်နှံကာ အမှုဖွင့်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




မောင်တောမြို့နယ်၌ သိမ်းဆည်းရမိသော ဘီယာဗာများ။

**ရဲပြန်ကြား**

# မန္တလေး - ပြင်ဦးလွင်ကားလမ်း၌ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**ပြင်ဦးလွင် ဇန်နဝါရီ ၁၉**

ပြင်ဦးလွင်မြို့နယ် သစ်တောဦးစီးဌာနနှင့် အနီးစခန်းရဲကင်းတို့မှ တာဝန်ရှိသူများသည် ဇန်နဝါရီ ၁၈ ရက် ညနေပိုင်းတွင် မန္တလေး- ပြင်ဦးလွင် အတက်ကားလမ်း မြို့ရှောင်လမ်းဆုံဘေးတွင် ယာဉ်တစ်စီးအား ရပ်တန့်စစ်ဆေးရာ ပိတောက်ခွဲသားရွေ ၁၆ ချောင်း ဝ ဒသမ ၅ တန်ကျော်အား ဖမ်းဆီးရမိခဲ့သဖြင့် ယာဉ်မောင်းနှင်လာသူ မင်းသူဝင်းကို အမှုဖွင့်စစ်ဆေးလျက်ရှိသည်။

**အမှုဖွင့်စစ်ဆေး**

ထို့ပြင် ပြင်စာရဲစခန်းမှ တာဝန်ရှိသူများသည် ဇန်နဝါရီလဒုတိယပတ်က မန္တလေး - ပြင်ဦးလွင်အတက် ကားလမ်းဘေးတွင် မသင်္ကာသူ စိုးဝေ (ခ) ငဖြိုး မိုင်းပန်ကျေးရွာ ကျောက်ဆည်မြို့နေသူကို စစ်ဆေးရာ ဟွာဝေးတံဆိပ် အဖြူရောင် ဟန်းဆက်တစ်လုံးအား တွေ့ရှိသဖြင့် စစ်မေးရာပိုင်ဆိုင်ကြောင်း သက်သေအထောက်အထားမပြနိုင်သဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကျွန်းစုမြို့နယ်၌ မုန့်ဖက်ထုပ်ပြုတ်ထားရာမှတစ်ဆင့် နေအိမ်နှစ်လုံးမီးလောင်

**ကျွန်းစု ဇန်နဝါရီ ၁၉**

တနင်္သာရီတိုင်း ကျွန်းစုမြို့နယ် ပြင်ထပ်အော်ကျေးရွာ၌ ဇန်နဝါရီ ၁၉ ရက် နံနက် ၁၂ နာရီ မိနစ် ၂၀ က မီးလောင်မှုတစ်ခုဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပြင်ထပ်အော်ကျေးရွာ စာသင်ကျောင်းအရှေ့ ဦးလှိုင်ရွှေ၏ နေအိမ်ဈေးဆိုင်၌ မုန့်ဖက်ထုပ်ပြုတ်ထားရာမှ တစ်ဆင့် မီးစတင်လောင်ခဲ့ရာ မီးလောင်မှုဖြစ်ရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းဇော်မိုးနှင့် သန္ဒေမီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးကျော်ကျော်ထူးနှင့်တပ်မတော်သားများ၊ ရွာသူရွာသားများက မီးသတ်ယာဉ်များနှင့်အတူ ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် နံနက် ၁ နာရီ မိနစ် ၂၀ တွင် မီးထိန်းနိုင်ခဲ့ကာ နံနက် ၁ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မီးလောင်မှုနှင့်ပတ်သက်၍ မီးပေါ့ဆစွာ အသုံးပြုခဲ့သူကိုအေးမင်းလွင် ကို ကျွန်းစုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စည်သူရအောင်(ကျွန်းစု)**

# မိတ္ထီလာမြို့နယ်တွင် ၂၀၁၈ ခုနှစ်အတွင်း မီးလောင်မှု ၁၈ မှုဖြစ်

**မိတ္ထီလာ ဇန်နဝါရီ ၁၉**

မိတ္ထီလာမြို့နယ်တွင် ၂၀၁၈ ခုနှစ်အတွင်း မီးလောင်မှု ၁၈ မှု ဖြစ်ပွားခဲ့ရာ ယခင်နှစ်ထက် မီးလောင်မှုအကြိမ်ရေ ပိုမိုဖြစ်ခဲ့ကြောင်း ခရိုင်မီးသတ်ဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ်တွင် ဖြစ်ပွားသည့် မီးလောင်မှုများသည် ပေါ့ဆမီး၊ လျှပ်စစ်မီး၊ မီးဖိုမီးနှင့် ရှို့မီးများကြောင့် မီးလောင်မှုဖြစ်လျက်ရှိရာ ၂၀၁၇ ခုနှစ်အတွင်းတွင် မီးလောင်မှု ၁၃ ကြိမ် ရှိခဲ့ပြီး ၂၀၁၈ ခုနှစ်အတွင်း၌ ပေါ့ဆမီးကြောင့် ကိုးကြိမ်၊ လျှပ်စစ်မီးကြောင့် ငါးကြိမ်၊ မီးဖိုမီးကြောင့် နှစ်ကြိမ်နှင့် ရှို့မီးကြောင့် နှစ်ကြိမ် စုစုပေါင်း ၁၈ ကြိမ်ဖြစ်ခဲ့ရာ လူနေအိမ် ခြောက်လုံးနှင့် ကြက်ခြံတဲ ခြောက်လုံး ဆုံးရှုံးခဲ့သည်။

ယခုနှစ်တွင် မြို့နယ်အတွင်း၌ မီးလောင်မှုလျော့နည်းစေရန် ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းနှင့် တပ်ဖွဲ့ဝင်များက ရပ်ကွက်၊ ကျေးရွာများမှ အရန်မီးသတ် တပ်ဖွဲ့ဝင်များကို လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ ရပ်ကွက် ကျေးရွာများကို ကွင်းဆင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး ပစ္စည်းများ ပြည့်စုံစွာဆောင်ရွက်ထားခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ရေပူစစ်ဆေးရေးအဖွဲ့ အထောက်အထားမဲ့ အချိုရည်နှင့် လျှပ်စစ်ပစ္စည်းများ စစ်ဆေးတွေ့ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် ဇန်နဝါရီ ၁၈ ရက်က ယာဉ်ငယ်နှစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် အချိုရည် ဗာ ၁၀၀ နှင့် လျှပ်စစ်ပစ္စည်းများ စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၃ ဒသမ ၆၅၅ သန်းကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၁၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၅၁ စီး၊ သွင်းကုန် အစီး ၇၅၀ ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၄ စီး၊ သွင်းကုန် ၁၉၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၆၅၅ သန်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၇၂၅ သန်း၊ စုစုပေါင်းတားဆီးမှု ခြောက်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၃၈၀ သန်းခန့် ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဟိုပုံး၊ ကလော၊ ဆီဆိုင်မြို့နယ်တို့တွင် ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၁၉**

ဟိုပုံးမြို့နယ် ဖက်ရမ်းလေးကျေးရွာအနောက်ဘက် တစ်မိုင်ခွဲခန့်အကွာ၌ ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မင်းဟန် ဦးစီးပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၈ ရက်တွင် အမြင့် တစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း ၂၅ ဧကခန့်ကို ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

အလားတူ ကလောမြို့နယ် မြောင်ချောက်ကျေးရွာရှိ ဘိန်းစိုက်ခင်း ၁၀ ဒသမ ၅ ဧကခန့်ကို လည်းကောင်း၊ ဆီဆိုင်မြို့နယ် နောင်အဲကျေးရွာအနီးရှိ ဘိန်းစိုက်ခင်း ၂၅ ဧကခန့်ကို လည်းကောင်း၊ မြို့နယ်သုံးမြို့နယ်မှ စုစုပေါင်းဘိန်းစိုက်ခင်း ၆၀ ဒသမ ၅ ဧကကို ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# မက္ကဆီကိုနိုင်ငံအလယ်ပိုင်းတွင် လောင်စာဆီပိုက်လိုင်း ပေါက်ကွဲမှုကြောင့် ၆၆ ဦး သေဆုံး

**မက္ကဆီကိုစီးတီး ဇန်နဝါရီ ၁၉**

မက္ကဆီကိုနိုင်ငံအလယ်ပိုင်း ဟီဒဲလ်ဂိုပြည်နယ်၌ လောင်စာဆီပိုက်လိုင်းယိုစိမ့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၆၆ ဦး ထက်မနည်း သေဆုံးခဲ့ကြောင်းနှင့် ၇၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံအာဏာပိုင်များက မကြာသေးမီက ပြောကြားလိုက်သည်။

**မီးလောင်ပေါက်ကွဲ**

လောင်စာဆီ ယိုစိမ့်ပေါက်ကွဲမှုသည် တာလာဟူလီပန်မြို့နယ် ဆန်ပရီမစ်တီဗို ရပ်ကွက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပိုက်လိုင်းပေါက်နေသည့် နေရာတွင် ဒေသခံများက ပုံးများ၊ ခွက်များ၊ ဘူးများဖြင့် လောင်စာဆီသယ်ယူနေသည့်အချိန်တွင် မီးလောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**လူ ၂၀ သေဆုံး**

"မီးလောင်ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အနည်းဆုံး လူ ၂၀ သေဆုံးပြီး ၇၄ ဦး ဒဏ်ရာရရှိခဲ့တယ်" ဟု ဟီဒဲလ်ဂိုပြည်နယ်အုပ်ချုပ်ရေးမှူး အိုမာဖာရက်က ဒေသတွင်း ရုပ်မြင်သံကြားသတင်းသို့ ပြောကြားခဲ့သည်။

လောင်စာဆီပိုက်လိုင်း ပေါက်ကွဲပြီးနောက် ရုပ်မြင်သံကြားတွင် ပထမဆုံးဖော်ပြခဲ့သည့် မြင်ကွင်းမှာ ဝမ်းနည်းကြေကွဲဖွယ်ကောင်းကြောင်း သိရသည်။

**အေအက်ဖ်ပီ**



ဟီဒဲလ်ဂိုပြည်နယ်၌ လောင်စာဆီပိုက်လိုင်း ပေါက်ကွဲနေမှုကို တွေ့ရစဉ်။

# အမေရိကန်သမ္မတ ထရမ့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်တို့ ဖေဖော်ဝါရီလကုန်တွင် တွေ့ဆုံမည်

ဝါရှင်တန် ဇန်နဝါရီ ၁၉

**မြောက်ကိုရီးယားထိပ်တန်းစစ်ဗိုလ်ချုပ်တစ်ဦး ဝါရှင်တန်သို့ လာရောက်ပြီးနောက် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့၏ ဒုတိယအကြိမ်မြောက် ထိပ်သီးအစည်းအဝေးကို လာမည့်ဖေဖော်ဝါရီလကုန်တွင် ကျင်းပမည်ဖြစ်ကြောင်း အိမ်ဖြူတော်က ယမန်နေ့က ကြေညာချက်ထုတ်ပြန်ခဲ့သည်။**

သို့သော်လည်း နှစ်နိုင်ငံခေါင်းဆောင်များ ထိပ်တိုက်တွေ့ဆုံမည့် ထိပ်သီးအစည်းအဝေးကို မည်သည့်နိုင်ငံတွင် ပြုလုပ်မည်ဆိုသည့် ကိစ္စနှင့်ပတ်သက်ပြီး အတည်ပြုချက် ရယူနိုင်ခြင်း မရှိသေးကြောင်း သိရသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း၏ ညာလက်ရုံးဟု လူသိများသည့် ကင်ယောင်ချော်သည် အမေရိကန်သမ္မတနှင့် တွေ့ဆုံခြင်းမပြုမီ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မိုက်ပွန်ပီအိုနှင့် တွေ့ဆုံခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ၏ ထောက်လှမ်းရေးအကြီးအကဲဟောင်းလည်းဖြစ်၊ ထိပ်တန်းနျူကလီးယားဆိုင်ရာ အထူးသံတမန်လည်းဖြစ်သည့် ကင်ယောင်ချော်နှင့် အမေရိကန်သမ္မတ ထရမ့်တို့သည် မိနစ် ၉၀ ခန့်ဆွေးနွေးခဲ့ကြကြောင်းနှင့် ၎င်းတို့နှစ်ဦးသည် ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးအတွက် အထူးအလေးပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

သမ္မတထရမ့်အစိုးရသည် မြောက်ကိုရီးယားအရေး တိုးတက်မှုများ ရှိလာစေရန် ဆက်လက် ဆောင်ရွက်နေကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဆာရာဆန်ဒါးစ်က သတင်းထောက်များကို ပြောကြားလိုက်သည်။

အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဆာရာဆန်ဒါးစ်က မြောက်ကိုရီးယားနိုင်ငံက နျူကလီးယားကင်းစင်ရေး လုံးဝအကောင်အထည် မဖော်နိုင်သေးမီအထိ မြောက်ကိုရီးယားနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

**အေအက်ဖ်ပီ**



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့ စင်ကာပူတွင် ၂၀၁၈ ခုနှစ် ဇွန်လက တွေ့ဆုံခဲ့ကြစဉ်။

# အမေရိကန်အောက်လွှတ်တော် ဥက္ကဋ္ဌ၏ အရှေ့အလယ်ပိုင်း ခရီးစဉ်ဖျက်သိမ်း



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့်
အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပယ်လိုစီ

**ဝါရှင်တန် ဇန်နဝါရီ ၁၉**

အမေရိကန်အောက်လွှတ်တော် ဥက္ကဋ္ဌ နန်စီပယ်လိုစီသည် အရပ်သုံးလေယာဉ်ဖြင့် အာဖဂန်နစ္စတန်နိုင်ငံသို့ သွားမည့်ခရီးစဉ်ကို ယမန်နေ့က ပယ်ဖျက်လိုက်ကြောင်း သိရသည်။

နန်စီပယ်လိုစီ၏ ခရီးစဉ်အသေးစိတ်အချက်များ အိမ်ဖြူတော်မှတစ်ဆင့် ပေါက်ကြားပြီးနောက် သူ့အနေဖြင့် အရပ်သုံးလေယာဉ်ဖြင့် သွားမည့်ခရီးစဉ် ဖျက်သိမ်းလိုက်ခြင်းဖြစ်သည်။

နန်စီပယ်လိုစီ၏ ပြောရေးဆိုခွင့်ရှိသူက အရေးကြီးသည့် ခရီးစဉ်များနှင့် ပတ်သက်ပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ကြေညာချက်က အန္တရာယ်ကို ဖိတ်ခေါ်ရာရောက်ကြောင်း ပြောကြားလိုက်သည်။

အမေရိကန်သမိုင်းတွင် အစိုးရလုပ်ငန်းများ စံချိန်သစ်တင် ခဏတာရပ်ဆိုင်းထားရသည့်အချိန်တွင် ပယ်လိုစီနှင့် ဒီမိုကရက်တစ်လွှတ်တော်အမတ်များ ဘရပ်ဆဲလ်ရှိ နေတိုးမဟာမိတ်များနှင့် အာဖဂန်ရှိ အမေရိကန်တပ်သားများကို တွေ့ဆုံရန် ပြင်ဆင်ထားသည့်ခရီးစဉ်တွင် စစ်ဘက်လေယာဉ်သုံးခွင့်ကို အမေရိကန်သမ္မတ ထရမ့်က ရုပ်သိမ်းလိုက်ခြင်းဖြစ်သည်။

အစိုးရလုပ်ငန်းများ ခဏတာရပ်ဆိုင်းထားသည့်အချိန်တွင် "လူထုဆက်သွယ်ရေးလုပ်ငန်းတွေကို ရပ်ဆိုင်းလိုက်ရတာ အင်မတန်သင့်တော်တဲ့ လုပ်ရပ်ဖြစ်တယ်ဆိုတာ ခင်ဗျားတို့လက်ခံလိမ့်မယ် ထင်ပါတယ်" ဟု သမ္မတထရမ့်က အောက်လွှတ်တော်ဥက္ကဋ္ဌ ပယ်လိုစီထံ ပေးပို့သည့် စာထဲတွင် ဖော်ပြထားသည်။

သမ္မတထရမ့်၏ လုပ်ရပ်များကြောင့် လုံခြုံရေးဆိုင်ရာအန္တရာယ်များ တိုးပွားလာသည့်အချိန်တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးဝန်ထမ်းများ အန္တရာယ်ကျရောက်လာနိုင်သည့် အရေးကို ရှောင်ရှားနိုင်ရန်အတွက် ယခုကဲ့သို့ ခရီးစဉ် ကို ဖျက်သိမ်းလိုက်ခြင်းဖြစ်ကြောင်း အောက်လွှတ်တော်ဥက္ကဋ္ဌရုံးက ပြောကြားလိုက်သည်။

**အေအက်ဖ်ပီ**

# ဂျပန်နိုင်ငံက အက်ပ်စီလွန် ဒုံးပျံတစ်စင်းကို ပထမဆုံးအကြိမ် လွှတ်တင်

**တိုကျို ဇန်နဝါရီ ၁၉**

ဂျပန်နိုင်ငံ၏ အက်ပ်စီလွန် ဒုံးပျံတစ်စင်းသည် ပထမဆုံးအဖြစ် ဂြိုဟ်တုသေး ခုနစ်လုံးကို သယ်ဆောင်ကာ ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ လွှတ်တင်လိုက်ကြောင်း သိရသည်။

ဂျပန်အာကာသစူးစမ်းလေ့လာရေးအေဂျင်စီ ဂျာဆာက အဆိုပါ ဒုံးပျံကို ဂျပန်နိုင်ငံအနောက်တောင်ပိုင်းရှိ ကာဂိုရှီးမားခရိုင် အုချိနိုအူရာ အာကာသစခန်းမှ ယမန်နေ့က လွှတ်တင်လိုက်ခြင်းဖြစ်သည်။

အဆိုပါ ဂြိုဟ်တုများကို ဂျပန်နိုင်ငံရှိ တက္ကသိုလ်များနှင့် ပုဂ္ဂလိက ကုမ္ပဏီများက တီထွင်ခဲ့ခြင်းဖြစ်သည်။ ဂြိုဟ်တုများကို သယ်ဆောင်သွားသော ဒုံးပျံကို လွှတ်တင်ပြီး ၅၁ မိနစ်အကြာ အမြင့်ပေ ၅၁၄ ကီလိုမီတာအရောက်တွင် သယ်ဆောင်သွားသော ဂြိုဟ်တုများကို တစ်လုံးပြီးတစ်လုံး ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ လွှတ်ထုတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လွှတ်တင်လိုက်သော ဂြိုဟ်တုများအနက် တစ်လုံးသည် ကုမ္ပဏီက တီထွင်ထားသော ထပ်ဆင့်ထုတ်လွှင့်ရေးကိရိယာနှင့် ကင်မရာများကို စမ်းသပ်မည်ဖြစ်ကြောင်းသိရပြီး အခြားတစ်လုံးမှာ ကြယ်တံခွန်တုတစ်ခုကို ကြိုးစားဖန်တီးမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### မက်ဆာချူးဆက်ပြည်နယ်၌ ပစ်ခတ်မှုဖြစ်ပွားရာ တစ်ဦးသေဆုံး

**ဝါရှင်တန် ဇန်နဝါရီ ၁၉**

အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ်မြို့တော် ဘော့စတွန်တွင် ယမန်နေ့ညက ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

သေနတ်ပစ်ခတ်မှုသည် ဘော့စတွန်မြို့၏ လူနေရပ်ကွက်တစ်ခုတွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရဲတပ်ဖွဲ့ဝင်များသည် အချင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိလာချိန်တွင် အသက် ၃၀ ကျော် အမျိုးသားနှစ်ဦးမှာ သေနတ်ဒဏ်ရာများ ကိုယ်စီရှိနေကြောင်း၊ ၎င်းတို့အား ဆေးရုံသို့ ပို့ဆောင်ခဲ့စဉ် တစ်ဦးသေဆုံးခဲ့ကြောင်း ဘော့စတွန်ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။

သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ နေရာတွင် သေနတ်နှစ်လက်ကို တွေ့ရှိခဲ့ပြီး ၎င်းတို့နှစ်ဦး အချင်းများရာမှတစ်ဆင့် သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်နိုင်ကြောင်း ရဲတပ်ဖွဲ့က သုံးသပ်ထားသည်။

**ဆင်ဟွာ**

### နစ်ဆန်းအမှုဆောင်ချုပ်ဟောင်းကို အာမခံဖြင့် လွှတ်ပေးရန် ထပ်မံတောင်းဆို

**တိုကျို ဇန်နဝါရီ ၁၉**

နစ်ဆန်းမော်တော်ယာဉ် ကုမ္ပဏီ အမှုဆောင်ချုပ်ဟောင်း ကားလို့စ်ဂွန်းကို အာမခံဖြင့် လွှတ်ပေးရန် ၎င်း၏ ရှေ့နေအဖွဲ့က တိုကျိုခရိုင်တရားရုံးမှာ ထပ်မံတောင်းဆိုလိုက်ကြောင်း ဇန်နဝါရီ ၁၉ ရက်တွင် ထုတ်ပြန်သော နိုင်ငံတကာသတင်းများအရ သိရသည်။

ဂွန်းကိုအာမခံနှင့် လွှတ်ပေးရန် ဒုတိယအကြိမ်မြောက် လျှောက်ထားမှုကို ၎င်း၏ရှေ့နေများ မကြာသေးမီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယုံကြည်မှုကို ချိုးဖောက်သည် ဆိုသည့် သံသယမှုဖြင့် ဂွန်းကို ပြီးခဲ့သည့် သီတင်းပတ်က စွဲချက်တင်လိုက်ခြင်း ဖြစ်သည်။

ဂွန်းသည် မိမိ၏ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများက ဆုံးရှုံးမှုများကို ဖုံးကွယ်ရန် ၎င်းကို အကူအညီပေးခဲ့သည့် ဆော်ဒီစီးပွားရေးသမားတစ်ဦး၏ ကုမ္ပဏီကို နစ်ဆန်းကုမ္ပဏီ (ဆော်ဒီရုံးခွဲ)က တစ်ဆင့် အမေရိကန်ဒေါ်လာ ၁၅ သန်းခန့် မလျော်မကန် လွှဲပြောင်းပေးခဲ့သည်ဟုဆိုကာ စုံစမ်းစစ်ဆေးရေး အရာရှိများက စွဲချက်တင်လိုက်ခြင်း ဖြစ်သည်။

ဂျပန်တရားရေးစနစ်အရ စွဲချက်တင်ခံရသူကို နှစ်လအထိ ဖမ်းဆီးထိန်းသိမ်းထားနိုင်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# လူမှောင်ခိုလမ်းကြောင်းကို ပိတ်လိုက်သော်လည်း ဥရောပသို့ ခိုးဝင်ရန် အိပ်မက်ကို လက်မလျှော့ကြသေး

**ဖြိုးစန္ဒီမွေး**



ဆာဟာရသဲကန္တာရကို ဖြတ်ကျော်မည့် ရွှေ့ပြောင်းအခြေချနေထိုင်သူများအား တွေ့ရစဉ်။

**မြေထဲပင်လယ်ကိုဖြတ်ပြီး ဥရောပနိုင်ငံတွေဆီ ဝင်ရောက်နေထိုင်နိုင်ဖို့ ကြိုးပမ်းကြတဲ့ အာဖရိကက ရွှေ့ပြောင်းဒုက္ခသည်တွေရဲ့အကြောင်းကို ကမ္ဘာ့သတင်းစာမျက်နှာတွေမှာ မကြာခဏတွေ့မြင်နေရပါတယ်။ ဥရောပက ခေါင်းဆောင်တွေဟာ ဒီကိစ္စကို ဘယ်လိုကိုင်တွယ်ဖြေရှင်းကြမလဲဆိုပြီး အကျပ်ရိုက်နေရပါတယ်။**

### ကျဆင်းလာ

ဒါပေမယ့်လည်းမြေထဲပင်လယ်ကိုဖြတ်ကျော်လာတဲ့ အာဖရိကက ရွှေ့ပြောင်းဒုက္ခသည် ဝင်ရောက်မှုနှုန်းဟာ ယခင်နှစ်ကနဲ့ နှိုင်းယှဉ်ရင် ကျဆင်းလာပြီလို့ သိရပါတယ်။ ဘာလို့လဲဆိုရင် ရွှေ့ပြောင်းဒုက္ခသည်တွေ သွားလာရာလမ်းကြောင်းမှာ ထိန်းချုပ်မှုတွေ ပြုလုပ်လိုက်တာကြောင့်ပါ။

နိုင်ဂျာနိုင်ငံ အက်ဂဒတ်မြို့မှာ နေထိုင်တဲ့ ဘတ်ချီရာအာမာဟာ လူမှောင်ခိုသမားတစ်ဦး ဖြစ်ပါတယ်။ “ဥပဒေအသစ် စတင်ထုတ်လိုက်တဲ့အချိန်ကစလို့ လူမှောင်ခိုကူးပြီး လစ်ဗျားနယ်စပ်အထိ လူတွေကို သယ်ယူပို့ဆောင်ပေးတဲ့ အလုပ်ကိုမလုပ်တော့ပါဘူး” လို့ ပြောပါတယ်။

“အခုအသစ်ထုတ်ထားတဲ့ ဥပဒေက အရင်ကနဲ့ မတူပါဘူး။ အလွန်ကို ပြင်းထန်ပါတယ်။ လူမှောင်ခိုကူးတာ ဖမ်းမိသွားရင် ကိုယ်ပိုင်တဲ့ယာဉ်ကို တင်သိမ်းတာမဟုတ်ဘူး။ ထောင်ထဲမှာလည်း နှစ်တွေအကြာကြီးနေရမှာ” လို့ သူက ဆက်ပြောပါတယ်။

### အများကြီးဝင်ငွေကောင်း

ဥပဒေအရ ဖြေလျှော့ပေးမှုတွေ ရှိလာခဲ့ရင်တော့ အရင်လိုလူမှောင်ခိုကူးတဲ့အလုပ်ကိုပဲ ပြန်လုပ်မှာ။ ဘာလို့လဲဆိုတော့ အဲဒီအလုပ်က တစ်ပတ်မှာ ဒေါ်လာ ၆၀၀၀ လောက်ရတယ်လေ။ အခြားအလုပ်တွေထက် အများကြီး ပိုပြီးဝင်ငွေကောင်းတယ်။

အာမာပြောတဲ့ ဥပဒေကတော့ နိုင်ဂျာနိုင်ငံ မြောက်ပိုင်းကိုဖြတ်ပြီး ရွှေ့ပြောင်းနေထိုင်သူတွေကို သယ်ယူပို့ဆောင်ပေးမှုကို တားဆီးထားပြီး နိုင်ဂျာအစိုးရကို ဥရောပနိုင်ငံတွေက ဖိအားပေးခဲ့တဲ့နောက် ၂၀၁၅ ခုနှစ်က စပြီး အဲဒီလိုဥပဒေကို တင်းကျပ်ခဲ့တာပါ။

အဲဒီမတိုင်ခင်တုန်းကတော့ လွတ်လွတ်လပ်လပ် သွားလာခွင့်ရှိပါတယ်။ နိုင်ဂျာနိုင်ငံဟာ အနောက်အာဖရိကနိုင်ငံများ စီးပွားရေးအသိုက်အဝန်း အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်ပြီး လူတွေဟာ အတားအဆီးမရှိ လွတ်လွတ်လပ်လပ် သွားလာလှုပ်ရှားခွင့် ရှိပါတယ်။ ယာဉ်တန်းကြီးနဲ့အတူ လူတွေကို တင်ဆောင်ပြီး သွားတဲ့အခါ ရဲတွေကတောင် ရံဖန်ရံခါ အစောင့်အရှောက်အဖြစ် လိုက်ပါဆောင်ရွက်ပေးတာမျိုး ရှိပါတယ်။

### ရှေ့ဆက်ဖို့မလွယ်ကူ

၂၀၁၅ မတိုင်ခင်တုန်းကတော့ အက်ဂဒတ်ဒေသမှာ လူမှောင်ခိုကူးတဲ့ လူပေါင်း ၆၀၀၀ ခန့်ရှိတယ်လို့ ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်မှုများအဖွဲ့အစည်းရဲ့စာရင်းဇယားအချက်အလက်များအရ သိရပါတယ်။ ဒီလူတွေဟာ ဥရောပကို ဦးတည်သွားရောက်ကြမယ့် လူပေါင်း ၃၄၀၀၀၀ ခန့်ကို ဆာဟာရသဲကန္တာရကို ဖြတ်ပြီး လစ်ဗျားနယ်စပ်အထိ လိုက်ပို့ပေးကြပါတယ်။

အခုတော့ အရင်လိုမရတော့ပါဘူး။ အာဖရိကက ရွှေ့ပြောင်းနေထိုင်သူတွေရဲ့ခရီးစဉ်ဟာ နိုင်ဂျာမှာတင်အဆုံးသတ်ပြီးရှေ့ဆက်ဖို့ မလွယ်ကူပါဘူး။ ဥရောပကို သွားရောက်ဖို့အတွက် အန္တရာယ်တွေ အခက်အခဲတွေ ရင်ဆိုင်ရပြီးတဲ့နောက်မှာတော့ သူတို့ဟာ မူရင်းအရပ်ဒေသကို ပြန်ကြဖို့ပဲ ဆုံးဖြတ်လိုက်ကြပါတယ်။

### နေရပ်ကိုပြန်

အခုနှစ်အတွင်းမှာပဲ လူပေါင်း ၁၆၀၀၀ ခန့်ဟာ မိမိတို့ရဲ့ သဘောဆန္ဒအလျောက် နေရပ်ကိုပြန်ချင်တယ်ဆိုလို့ ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်သူများ အဖွဲ့အစည်းက လိုက်လံပို့ဆောင်ပေးခဲ့ရတယ်လို့ သိရပါတယ်။

အသက် ၂၀ အရွယ် အာဖရိက အမျိုးသားတစ်ဦးကလည်း သူ့ရဲ့နေရပ်ကို ပြန်ရင် ဘာလုပ်ကိုင်စားသောက်မလဲဆိုတာအတွက် အသေးစားစီးပွားရေးလုပ်ငန်းတည်ထောင်မှု သင်တန်းကိုလာတက်ခဲ့ပါတယ်။ အသက် ၂၇ နှစ်အရွယ် ဆီရာလီယွန်နိုင်ငံသားတစ်ဦးဖြစ်တဲ့ အူမာဆန်ခို့ဟာလည်း လူမှောင်ခိုသမားတွေကို ပိုက်ဆံပိုမပေးနိုင်တဲ့အခါ သူ့ကို ဆာဟာရသဲကန္တာရထဲမှာပဲ ထားရစ်ခဲ့ပါတယ်။

ကန္တာရထဲမှာ အသက်ရှင်နေထိုင်ဖို့ အတော်လေး ရုန်းကန်ရပါတယ်။ အစာစားဖို့မပြောနဲ့ ရေတောင်သောက်စရာ မရှိပါဘူး။ တကယ့်ကို ဆိုးရွားတဲ့အချိန်တွေပါပဲ။ အခုဆိုရင် အူအာဆန်ခို့ဟာ ဥရောပကို သွားမယ်ဆိုတဲ့ အိပ်မက်ကို စွန့်လွှတ်လိုက်ပြီး အိမ်ကိုပဲပြန်ချင်တယ်လို့ ပြောပါတယ်။ “အခုဆိုရင် မိသားစုကလည်း ကျွန်တော့်ကို သေပြီလို့ ထင်နေကြတာ။ ကျွန်တော်ပြန်လာရင် သူတို့ဝမ်းသာလိမ့်မယ်” လို့မစ္စတာဆန်ခို့က ပြောပါတယ်။

### ကယ်တင်ရေးအစီအစဉ်

ရွှေ့ပြောင်းနေထိုင်သူတွေ နယ်စပ်ကို ရောက်လာရင်လည်း သူတို့ကိုလိုက်ပို့တဲ့လူကုန်ကူးသမားတွေက ပြန်ပေးသမားတွေဆီ တစ်ဖန်ရောင်းချတာကို ခံရပြန်ပါတယ်။ ပြန်ပေးသမားတွေဟာ ရွှေ့ပြောင်းနေထိုင်သူတွေရဲ့ ကျန်ရစ်ခဲ့တဲ့ မိသားစုတွေဆီ ငွေလှမ်းတောင်းပါတယ်။

ပိုက်ဆံမပေးနိုင်တဲ့ သူတွေဆိုရင် ညှဉ်းပန်းနှိပ်စက်ခံရပါတယ်။ လစ်ဗျားနိုင်ငံမှာလည်း နိုင်ငံရေးအရ တည်ငြိမ်မှုမရှိပါဘူး။ ဒီအခက်အခဲတွေကို ကျော်သွားပြီးလို့ မြေထဲပင်လယ်ကို ဖြတ်မယ်ဆိုရင်လည်း လမ်းခရီးမှာပဲ ရေနစ်မြုပ်သွားရတဲ့လူတွေ ရှိပါတယ်။

> **“ ၂၀၁၅ မတိုင်ခင်တုန်းကတော့ အက်ဂဒတ်ဒေသမှာ လူမှောင်ခိုကူးတဲ့ လူပေါင်း ၆၀၀၀ ခန့် ရှိတယ်လို့ ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်မှုများ အဖွဲ့အစည်းရဲ့ စာရင်းဇယားအချက်အလက်များအရ သိရပါတယ်။ ဒီလူတွေဟာ ဥရောပကို ဦးတည်သွားရောက်ကြမယ့် လူပေါင်း ၃၄၀၀၀၀ ခန့် ကို ဆာဟာရ သဲကန္တာရကို ဖြတ်ပြီး လစ်ဗျားနယ်စပ်အထိ လိုက်ပို့ပေးကြပါတယ် ”**

၂၀၁၇ ခုနှစ် နိုဝင်ဘာလမှာတော့ ဥရောပသမဂ္ဂက အထောက်အပံ့ပေးတဲ့ အထူးအစီအစဉ်အရ အတိဒုက္ခရောက်နေတဲ့ လစ်ဗျားက ဒုက္ခသည်တွေကို ကယ်တင်ပေးဖို့ အစီအစဉ် ပြုလုပ်ခဲ့ပါတယ်။ အဲဒီအစီအစဉ်ကို ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီက အကောင်အထည်ဖော်နေပြီး လူပေါင်း ၂၂၀၀ ခန့်ကို နိုင်ဂျာနိုင်ငံကိုလုံခြုံစိတ်ချစွာပို့ဆောင်ပေးခဲ့ပါတယ်။

နိုင်ဂျာနိုင်ငံက နီယာမေမြို့တော်မှာ အဲဒီဒုက္ခသည်တွေဟာ အခြေချနေထိုင်ပြီး ဥရောပနိုင်ငံဖြစ်တဲ့ ယူကေနဲ့ တခြားနိုင်ငံတွေဖြစ်တဲ့ ကနေဒါနဲ့ အမေရိကန်နိုင်ငံတွေမှာ အခြေချနေထိုင်ခွင့်ရဖို့ စောင့်ဆိုင်းနေပါတယ်။

### ကန္တာရအတွင်းသေဆုံးသူပိုများ

လစ်ဗျားကနေ ကယ်ထုတ်လာခဲ့တဲ့ ဒုက္ခသည်တွေထဲမှာ အဖော်မပါဘဲ တစ်ကိုယ်တည်းလာကြတဲ့ ကလေးတွေလည်းရှိပါတယ်။ လစ်ဗျားမှာပဲကယ်တင်ခံရခြင်းမရှိဘဲ ဒုက္ခရောက်နေကြတဲ့ ရွှေ့ပြောင်းနေထိုင်ဖို့ ကြိုးပမ်းသူတွေ၊ ဒုက္ခသည်တွေ အများကြီးရှိနေပါသေးတယ်။

သူတို့တစ်တွေဟာ ပြန်ပေးသမားတွေရဲ့ လက်ထဲမှာပဲ ရှိနေပါသေးတယ်။ အခုဆိုရင် နိုင်ဂျာမြောက်ပိုင်းကနေ ဖြတ်ပြီး လူတွေကို မှောင်ခိုပို့ဆောင်လို့မရတော့ လူကုန်ကူးသမားတွေဟာ အန္တရာယ်များတဲ့ လမ်းကြောင်းတွေကို ရွေးလာခဲ့ပါတယ်။

မြေထဲပင်လယ်ထဲမှာ နစ်မြုပ်ပြီး သေရတဲ့ ရွှေ့ပြောင်းနေထိုင်သူအရေအတွက်ထက် ဆာဟာရသဲကန္တာရထဲမှာ သေဆုံးရတဲ့ အရေအတွက်က တောင် ပိုများနေတယ်လို့ UNHCR ရဲ့နိုင်ဂျာနိုင်ငံဆိုင်ရာဒေသတွင်း ကိုယ်စားလှယ် အလက်ဆန်ဒရာမော်ရယ်လီက ပြောပါတယ်။ အခု လမ်းကြောင်းအသစ်ဟာ လူမှောင်ခိုသမားတွေအတွက် ပိုက်ဆံပိုရပြီး အန္တရာယ်လည်း ပိုများပါတယ်။ သဲကန္တာရထဲမှာသေရင် လူမသိသူမသိ ဒီအတိုင်းစွန့်ပစ်လိုက်ရုံပါပဲ။

### ပိုက်ဆံနှစ်ဆရ


လူမှောင်ခိုသမား တစ်ဦးကတော့ သူ့နာမည်ကို ထုတ်ဖော်ပြောပြဖို့ ငြင်းဆိုပြီး အီဘရာဟင်လို့ပဲ ခေါ်ပါလို့ ပြောခဲ့ပါတယ်။ အီဘရာဟင်ကတော့ ဆာဟာရကန္တာရကိုဖြတ်ပြီး လစ်ဗျားနယ်စပ်ကိုသွားမယ့် ခရီးစဉ်အတွက် ပြင်ဆင်နေပြန်ပါပြီ။


သူဟာဒေသခံ လူမှောင်ခိုသမားတွေအတွက် ကားမောင်းပေးတဲ့သူလည်း ဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့ ရွှေ့ပြောင်းအခြေချ နေထိုင်သူအရေအတွက်ပြည့်တဲ့အခါ သူတို့ကား စထွက်ပါတယ်။ ဒီခရီးစဉ်ဟာ အန္တရာယ်များပေမယ့် ဒီနေ့အတွက် ပိုက်ဆံရပြီးပြီဆိုတော့ အီဘရာဟင်ကတော့ သွားကိုသွားရမှာပါပဲ။ အရင်တုန်းကတော့ လစ်ဗျားကို သွားဖို့ဆိုရင် အချိန်သုံးရက်ဆို လုံလောက်ပါပြီ။ ဒါပေမယ့် အခုအခါမှာတော့ တစ်ပတ်လောက် အချိန်ယူရပါတယ်။ ပိုပြီးအချိန်ကြာပြီး အန္တရာယ်လည်းများတဲ့အတွက် ငွေလည်းနှစ်ဆတောင်းလို့ရပါတယ်လို့ အီဘရာဟင်က ပြောပါတယ်။


### လမ်းကြောင်းအဟောင်းပေါ် ပြန်ရောက်


အရင်တုန်းကတော့ အီးယူအဖွဲ့က ပေးတဲ့ ရန်ပုံငွေတွေထဲကနေ လူမှောင်ခိုသမားတွေကို မှောင်ခိုလုပ်ငန်းစွန့်လွှတ်ရင် အခြားအသက်မွေးဝမ်းကျောင်းအတွက် မွေးမြူရေးလုပ်ငန်းတွေလုပ်ကိုင်ဖို့ အကူအညီပေးမယ်၊ မော်တော်ဆိုင်ကယ်၊ ရေခဲသေတ္တာအစရှိတာတွေ ပေးမယ်ဆိုပြီး စည်းရုံးမှုတွေ ရှိခဲ့ပါတယ်။ ဒါပေမယ့် တကယ်တမ်း ဘာမှ လက်ခံရရှိခြင်း မရှိတဲ့အခါမှာတော့ အရင်လမ်းအဟောင်းကို ပြန်ဆက်လျှောက်ဖို့ ဆုံးဖြတ်ခဲ့တယ်လို့ အီဘရာဟင်က ပြောပါတယ်။


**ကိုးကား - ဘီဘီစီ**



HTOO
မင်းရှေ့မှာချိတဲ့လမ်းမပေါ် ကအမှိုက်ထုပ်ကိုကောက်ယူ ပြီး အမှိုက်ပုံးထဲထည့်ပေး ပါကွယ်...
ကျွန်တော့်အမှိုက်မဟုတ်လို့ ကျွန်တော် ဘာမှလုပ်မပေးနိုင်ဘူး ဦးလေး ဆောရီး ပဲ...
အေးလေ..ရပါတယ်..ငါ့ဟာငါ ကောက်ယူပြီးအမှိုက်ပုံးထဲ ထည့်လိုက်ရင် ငါပဲကုသိုလ်ရ မှာပေါ့လေ..
ဗျာ.... ကုသိုလ်ဟုတ်လား
အေးကွ..လမ်းသွားလမ်းလာတွေစိတ်ချမ်း သာစွာလျှောက်လှမ်းနိုင်ဖို့ လမ်းပေါ်က အ မှိုက်တွေကိုရှင်းပေးရင် ကုသိုလ်ရတာပေါ့ ကွာ...
ဒါ..ဒါဆိုကျွန်တော်လုပ်လိုက် ပါမယ်..ဦးလေး ဖယ်ပါ..
ကျွန်တော့်အမေက ပြောဖူးတယ်..ကုသိုလ်ဆို တာယူတတ်မှရတာတဲ့..
သိပ်မှန်တာ ပေါ့ကွယ်
ဒီနေ့အဖို့ကျွန်တော် ကုသိုလ်ရသွားပြီဦးလေး ရေ..ကျေးဇူးပါပဲ..
အိမ်ပြန်ရောက် တာနဲ့လက်ကို စင် ကြယ်အောင် ဆေး ကြောဖို့မမေ့နဲ့...


မေမေ နဲ့ သားသား
သားက အိမ်စာတွေ ပြီးအောင်လုပ်နေတာလား
ဟုတ်ပါတယ် မေမေ
ကျောင်းပိတ် ရက်မို့
ဂိမ်းကစား မလို့လား
သား ပုံပြင်စာအုပ် ဖတ်မလို့ရှာလာ ခဲ့တယ် မေမေ
သားသူငယ်ချင်းက တစ်ပတ်ကို ပုံပြင်တစ်ပုဒ်
တစ်လကို ၄ ပုဒ်၊ တစ်နှစ်မှာ ၄၈ ပုဒ် ဖတ်ပြီးနေ ပြီတဲ့
သူက သားတို့ထက် ပုံပြင်ဇာတ်လမ်း တွေ ပိုသိတယ် မေမေ..
စာဖတ် တာကိုး
သား သူ့ကို အားကျတယ် သူ့လို စာဖတ်ချင်တယ်
မေမေ သားအတွက် ပုံပြင်စာအုပ်တွေ ဝယ်ပေးမယ်
ဖတ်မယ် ဖတ်မယ်
ပြီး


ဘာလိုလိုနဲ့ ၂၀၁၉ ခုနှစ်ကိုတောင် ရောက်လာပြီ..
2019
အသက်တွေလည်း တစ်နှစ်ပြီး..တစ်နှစ် ကြီးလာပြီ..
ကြီးပြီးရင်..အို အိုပြီးရင်..နာ
နာပြီးရင် သေ..
အို..မဖြစ်ဘူး..မဖြစ်ဘူး
မအိုခင် မနာခင်..မသေခင်..
တရား ရသွားပြီ..
ဖိုက်ဝအောင် စားထားမှ..
မေမေရေ..စားစရာ..ဘာရှိလဲ..







## ပုသိမ်တက္ကသိုလ် (၁၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

ပုသိမ်တက္ကသိုလ်မှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်နှင့် ၂၀၁၇-၂၀၁၈ပညာသင်နှစ်တို့တွင် ဘွဲ့ရရှိကြပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ပုသိမ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

(၁) ၃၀-၁-၂၀၁၉ရက် (နံနက်ပိုင်း) (၀၉:၀၀)နာရီ
- (က) ပါရဂူဘွဲ့(အဏုဇီဝဗေဒ) — ၂၀၁၇-၂၀၁၈ ပညာသင်နှစ်
- (ခ) (ဂုဏ်ထူး)ဘွဲ့ (၂၀၁၂ အောင်) (မြန်မာစာ၊ ဓာတုဗေဒ၊ ရုက္ခဗေဒ၊ အဏ္ဏဝါသိပ္ပံ၊ အဏုဇီဝဗေဒ) — ၂၀၁၆-၂၀၁၇ ပညာသင်နှစ်
- (ဂ) ရိုးရိုးဘွဲ့ (၂၀၁၃ အောင်) (မြန်မာစာ၊ ဓာတုဗေဒ၊ ရုက္ခဗေဒ၊ အဏ္ဏဝါသိပ္ပံ၊ အဏုဇီဝဗေဒ) — ၂၀၁၆-၂၀၁၇ ပညာသင်နှစ်

(၂) ၃၀-၁-၂၀၁၉ (မွန်းလွဲပိုင်း) (၁၃:၀၀)နာရီ
- (က) မဟာသုတေသနဘွဲ့ (မြန်မာစာ) — ၂၀၁၇-၂၀၁၈ ပညာသင်နှစ်
- (ခ) မဟာဝိဇ္ဇာဘွဲ့(၂၀၁၁ အောင်) (မြန်မာစာ) — ၂၀၁၇-၂၀၁၈ ပညာသင်နှစ်
- (ဂ) (ဂုဏ်ထူး)ဘွဲ့ (၂၀၁၂ အောင်) (အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ၊ သင်္ချာ) — ၂၀၁၆-၂၀၁၇ ပညာသင်နှစ်
- (ဃ) ရိုးရိုးဘွဲ့ (၂၀၁၃ အောင်) (အင်္ဂလိပ်စာ၊ သင်္ချာ) — ၂၀၁၆-၂၀၁၇ ပညာသင်နှစ်

(၃) ၃၁-၁-၂၀၁၉ (နံနက်ပိုင်း) (၀၉:၀၀)နာရီ
- (က) (ဂုဏ်ထူး)ဘွဲ့ (၂၀၁၂ အောင်) (ပထဝီဝင်၊ ရူပဗေဒ၊ သတ္တဗေဒ) — ၂၀၁၆-၂၀၁၇ ပညာသင်နှစ်
- (ခ) ရိုးရိုးဘွဲ့ (၂၀၁၃ အောင်) (ပထဝီဝင်၊ ရူပဗေဒ၊ သတ္တဗေဒ) — ၂၀၁၆-၂၀၁၇ ပညာသင်နှစ်

(၄) ၃၁-၁-၂၀၁၉ (မွန်းလွဲပိုင်း) (၁၃:၀၀)နာရီ
- (က) (ဂုဏ်ထူး)ဘွဲ့ (၂၀၁၂ အောင်) (သမိုင်း၊ ဘူမိဗေဒ၊ ဇီဝဓာတုဗေဒ) — ၂၀၁၆-၂၀၁၇ ပညာသင်နှစ်
- (ခ) ဥပဒေဘွဲ့(၂၀၁၂ အောင်) (ဥပဒေပညာ) — ၂၀၁၆-၂၀၁၇ ပညာသင်နှစ်
- (ဂ) ရိုးရိုးဘွဲ့ (၂၀၁၃ အောင်) (သမိုင်း၊ ဘူမိဗေဒ၊ ဇီဝဓာတုဗေဒ) — ၂၀၁၆-၂၀၁၇ ပညာသင်နှစ်
- (ဃ) မဟာဥပဒေဘွဲ့(၂၀၁၀ အောင်၊ ၂၀၁၁အောင်) (ဥပဒေပညာ) — ၂၀၁၇-၂၀၁၈ ပညာသင်နှစ်
- (င) (ဂုဏ်ထူး)ဘွဲ့ (၂၀၁၃ အောင်) (ရူပဗေဒ၊ သင်္ချာ) — ၂၀၁၇-၂၀၁၈ ပညာသင်နှစ်
- (စ) ဥပဒေဘွဲ့(၂၀၁၃ အောင်) (ဥပဒေပညာ) — ၂၀၁၇-၂၀၁၈ ပညာသင်နှစ်

(၅) ၁-၂-၂၀၁၉ (နံနက်ပိုင်း) (၀၉:၀၀)နာရီ
- (က) မဟာသုတေသနဘွဲ့ (သမိုင်း၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ဘူမိဗေဒ၊ အဏုဇီဝဗေဒ) — ၂၀၁၇-၂၀၁၈ ပညာသင်နှစ်
- (ခ) မဟာဘွဲ့(၂၀၁၀ အောင်) (အဏ္ဏဝါသိပ္ပံ) — ၂၀၁၇-၂၀၁၈ ပညာသင်နှစ်
- (ဂ) မဟာဘွဲ့(၂၀၁၁အောင်) (အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ၊ အဏ္ဏဝါသိပ္ပံ၊ အဏုဇီဝဗေဒ) — ၂၀၁၇-၂၀၁၈ ပညာသင်နှစ်
- (ဃ) (ဂုဏ်ထူး)ဘွဲ့ (၂၀၁၃ အောင်) (အင်္ဂလိပ်စာ၊ ရုက္ခဗေဒ) — ၂၀၁၇-၂၀၁၈ ပညာသင်နှစ်
- (င) ရိုးရိုးဘွဲ့(၂၀၁၄ အောင်) (အင်္ဂလိပ်စာ၊ ရုက္ခဗေဒ) — ၂၀၁၇-၂၀၁၈ ပညာသင်နှစ်

(၆) ၁-၂-၂၀၁၉ (မွန်းလွဲပိုင်း) (၁၃:၀၀)နာရီ
- (က) (ဂုဏ်ထူး)ဘွဲ့ (၂၀၁၃အောင်) (သမိုင်း၊ ဓာတုဗေဒ၊ သတ္တဗေဒ) — ၂၀၁၇-၂၀၁၈ ပညာသင်နှစ်
- (ခ) ရိုးရိုးဘွဲ့ (၂၀၁၄ အောင်) (သမိုင်း၊ ဓာတုဗေဒ၊ သတ္တဗေဒ)

(၇) ၂-၂-၂၀၁၉ (နံနက်ပိုင်း) (၀၉:၀၀)နာရီ
- (က) (ဂုဏ်ထူး)ဘွဲ့ (၂၀၁၃ အောင်) (မြန်မာစာ၊ ဇီဝဓာတုဗေဒ) အဏုဇီဝဗေဒ) — ၂၀၁၇-၂၀၁၈ ပညာသင်နှစ်
- (ခ) ရိုးရိုးဘွဲ့(၂၀၁၄ အောင်) (မြန်မာစာ၊ ရူပဗေဒ၊ ဇီဝဓာတုဗေဒ၊ အဏုဇီဝဗေဒ) — ၂၀၁၇-၂၀၁၈ ပညာသင်နှစ်

(၈) ၂-၂-၂၀၁၉ (မွန်းလွဲပိုင်း) (၁၃:၀၀)နာရီ
- (က) (ဂုဏ်ထူး)ဘွဲ့ (၂၀၁၃ အောင်) (ပထဝီဝင်၊ ဘူမိဗေဒ၊ အဏ္ဏဝါသိပ္ပံ) — ၂၀၁၇-၂၀၁၈ ပညာသင်နှစ်
- (ခ) ရိုးရိုးဘွဲ့ (၂၀၁၄ အောင်) (ပထဝီဝင်၊ သင်္ချာ၊ ဘူမိဗေဒ အဏ္ဏဝါသိပ္ပံ) — ၂၀၁၇-၂၀၁၈ ပညာသင်နှစ်

**အစမ်းလေ့ကျင့်ရက်။** ဘွဲ့နှင်းသဘင်အစမ်းလေ့ကျင့်ပွဲများကို ၂၈-၁-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၉:၀၀ နာရီ၊ မွန်းလွဲ ၁:၀၀ နာရီနှင့် ညနေ ၃:၀၀ နာရီများတွင် ကျင်းပမည်ဖြစ်ရာ အသေးစိတ်အစီအစဉ်များကို ပုသိမ်တက္ကသိုလ်(ဘွဲ့နှင်းသဘင်ဌာန) ကြော်ငြာသင်ပုန်းများတွင် ကပ်ထားပါမည်။

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာနှင့် ဘွဲ့ဝတ်စုံများကို ၂၃-၁-၂၀၁၉ ရက်မှစ၍ ပုသိမ်တက္ကသိုလ် (Agricultural Science Research Centre) တွင် ထုတ်ပေးပါမည်။

**ဌေးမြင့်**
**မော်ကွန်းထိန်း(စာမေးပွဲ/ဘွဲ့နှင်း)**
**ပုသိမ်တက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ မြို့သစ်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၃၃၄-က၊ ကွေ့ကြီးအရှေ့မြောက်)၊ ဦးပိုင်အမှတ် (၈၂)၊ ဧရိယာ ၀ဒသမ၁၄၇ဧကအား ဦးခင်ဇော်မှ မြေငှားဂရန်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန် စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားဂရန် ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

# အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

၂၀၁၉-ခုနှစ်၊ ဇန်နဝါရီလ ၄-ရက်၊ ၇၁-နှစ်မြောက်လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉)ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ နေနတ်သားစာသင်တိုက် ပဓာနနာယက၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ဗုဒ္ဓသာသနာပြုထေရဝါဒဩဝါဒါစရိယ အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တသုစိတ္တ အရှင်သူမြတ်အား "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

"အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တသုစိတ္တ ဆရာတော် သက်ရှည်ကျန်းမာစွာဖြင့် ဘာသာ့,သာသနာအကျိုးဆထက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း လေးမြတ်စွာဆုမွန်ကောင်း တောင်းအပ်ပါသည်။

"ကြံတိုင်းအောင်"ကုမ္ပဏီလီမိတက်
မြစ်ကျောက်၊ မြစ်သဲ၊ ထုတ်လုပ်သယ်ယူဖြန့်ချိရေး

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ဓာတ်မြေဩဇာစက်ရုံများမှ ယူရီးယားဓာတ်မြေဩဇာများကို အောက်ပါအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စက်ရုံ | ပမာဏ တန် | တင်ဒါဖွင့်မည့် | | တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် | |
|---|---|---|---|---|---|
| | | နေ့ | နာရီ | နေ့ | နာရီ |
| အမှတ် (၄) ဓာတ်မြေဩဇာ စက်ရုံ (မြောင်းတကာ) | ၂၅၀၀ (Retender) | ၅-၂-၂၀၁၉ | ၁၄:၀၀ | ၅-၂-၂၀၁၉ | ၁၂:၀၀ |
| | ၂၅၀၀ | ၁၉-၂-၂၀၁၉ | ၁၄:၀၀ | ၁၉-၂-၂၀၁၉ | ၁၂:၀၀ |
| အမှတ်(၅) ဓာတ်မြေဩဇာ စက်ရုံ(ကန်ကြီးထောင့်) | ၂၀၀၀ | ၂၆-၂-၂၀၁၉ | ၁၄:၀၀ | ၂၆-၂-၂၀၁၉ | ၁၂:၀၀ |

၂။ တင်ဒါစည်းကမ်းချက်နှင့် တင်ဒါပုံစံများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ Website (www.moee.gov.mm) တွင် တင်ဒါဖွင့်မည့်ရက်ထက် တစ်လကြိုတင်၍ လည်းကောင်း၊ Retender အတွက် နှစ်ပတ်ကြိုတင်၍လည်းကောင်း ဝင်ရောက်ကြည့်ရှုပြီး Download ရယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း- ၀၆၇-၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၃သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
### ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
### ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူ/ဆောင်ရွက်မည့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တရားဝင်အသိအမှတ်ပြု လိုင်စင်ရအဖွဲ့အစည်းများ၊ ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။
- (က) ဆေးဘက်ဆိုင်ရာသင်တန်းသုံးပစ္စည်း
- (ခ) ဓာတ်ခွဲခန်းသုံးပစ္စည်း
- (ဂ) လျှပ်စစ်သုံးပစ္စည်း
- (ဃ) အရပ်ရပ်သုံး ပစ္စည်း
- (င) ရုံးသုံးစက်ကိရိယာများ
- (စ) ရုံးသုံးပရိဘောဂများ
- (ဆ) ဓာတ်ခွဲခန်းသုံးဓာတ်ဆေးပစ္စည်း
- (ဇ) Test Book and Journal
- (ဈ) e-Government

၂။ **အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၂-၁-၂၀၁၉ရက် နံနက် ၉:၃၀ နာရီ
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၁-၂-၂၀၁၉ရက် ညနေ ၄:၃၀ နာရီ
**တင်ဒါဖွင့်မည့်ရက်** - ဆက်သွယ်အကြောင်းကြားပါမည်။
**တင်ဒါပုံစံရောင်းချမည့်နေရာ** - အမှတ်-၂၄၅၊ မြို့မကျောင်းလမ်း၊ လမ်းမတော်မြို့နယ်၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၂၅၁၀၃၂၊ ၂၅၁၀၃၇၊ Ex-(၂၅)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8G/6787 KA BA Kyaw LT(KBK-4) Pickup (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းထိုက် ၉/ခမစ(နိုင်)၀၇၄၁၃၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
### စစ်ကိုင်းတိုင်းဒေသကြီး
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် မဒေါင်လျှပ်စစ်ရေတင်စီမံကိန်း(အကျိုးပြုဧက-၇၅၀) (မြို့ပြ၊ စက်မှု၊ လျှပ်စစ်) အလုံးစုံတည်ဆောက်ခြင်းလုပ်ငန်းအား (မြန်မာကျပ်ငွေ)ဖြင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၁-၁-၂၀၁၉ရက်
**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၁၅-၂-၂၀၁၉ရက်
**တင်ဒါ (P.O) နောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၈-၂-၂၀၁၉ရက် (ညနေ ၁၆:၃၀နာရီ)

၃။ တင်ဒါစည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး(ရေအရင်းအမြစ်) စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ဖုန်း-၀၇၁-၂၆၅၂၆၊ ၀၇၁-၂၃၆၂၄တို့တွင် တင်ဒါပုံစံစတင်ရောင်းချမည့်ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၂)၊ အဆောက်အအုံအထူးအဖွဲ့ (၄)မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ စက်တင်ဘာလ)အတွင်း ပြည်ထောင်စုငွေလုံးငွေရင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေများဖြင့် ဆောင်ရွက်ရမည့် နေပြည်တော်ကောင်စီနယ်မြေရှိလုပ်ငန်းများတွင် အသုံးပြုရန် (မြို့ပြ၊ ရေသန့်၊ လျှပ်စစ်) ဆိုင်ရာပစ္စည်းများကို မြန်မာ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြော်ငြာအပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါအမှတ်စဉ်** - အမှတ်စဉ်(၃) ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် (အောက်တိုဘာလမှ စက်တင်ဘာလထိ)
၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၀-၂-၂၀၁၉ (မွန်းတည့် ၁၂:၀၀နာရီ)တိတိ
၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၁-၂-၂၀၁၉ (နံနက် ၁၀:၀၀နာရီ)တိတိ
၅။ **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - ရုံးအမှတ် (၄၀)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ တိုးချဲ့ဆောင်၊ အစည်းအဝေးခန်းမ
၆။ **တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်နေရာ** - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) အဆောက်အအုံအထူးအဖွဲ့ (၄) ရုံး မြို့သစ်(၂)လမ်း၊ အမှတ် (၆)ရပ်ကွက်၊ လယ်ဝေးမြို့

၇။ တင်ဒါပုံစံများအား ၆-၂-၂၀၁၉ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်းအမှတ် 067 30354, 09-5105138, 09-787022979 တို့သို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် ၁၅၉၇၊ ဧရိယာ ၀ဒသမ၀၈၂ဧကရှိ ဦးဝင်းဇော်အမည်ပေါက် ပါမစ်မြေကွက်အား ဦးဇေယျာဝင်း(ဘ)ဦးခင်မောင်မြင့် ၉/ပမန(နိုင်)၂၂၃၁၃၆ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ် (၁၂၇၀/၂၀၁၇)၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မှုရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ဝမ်ကောင်းရပ်ကွက်၊ အမှတ် (၂/၁၇) နေ ဦးကောင်းမြတ်ဇော်၏သမီး (အထက) တာချီလိတ်၊ နဝမတန်း(A)မှ မငွေစင်ဖူး ၁၃/တခလ(နိုင်)၁၀၆၁၃၉ အား ယနေ့မှစ၍ မငွေစင်သွန်းဟု ပြောင်းလဲခေါ်ပါရန်။

**မငွေစင်သွန်း**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ် (ဒ-၄၃၃၃)၊ ဧရိယာ ၀ဒသမ၀၈၂ဧကရှိ ဦးဆန်းမြင့်(ဘ)စောလှ ၉/လဝန(နိုင်)၁၄၅၅၃၂ အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်မြင့်မြင့်ဌေး (ဘ)ဦးအောင်ခင် ၁၂/ရပသ(နိုင်)၀၀၆၇၄၄ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅/ထန်းထပင်ရပ်)၊ မြေကွက်အမှတ် (ဒ-၆၁၂၁၊ ဒ-၆၁၂၂) ဧရိယာ ၀ဒသမ၁၁၀ဧကရှိ ဦးဝင်းရှိန်(ဘ) ဦးသာရွှေ ၉/လဝန(နိုင်)၁၀၉၅၂၃၊ ဦးဝင်းအောင်(ဘ)ဦးစံမြ ၉/လဝန(နိုင်)၁၀၈၆၇၆ တို့၏ အမည်ပေါက်ပါမစ်မြေကွက်များအား ဒေါ်ဝါဝါကျော်(ဘ) ဦးကျော်အုန်း ၁၄/ပသန(နိုင်)၀၂၄၄၁၈ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ် ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

Times City

# Times City ၏

Jewellery Mall နှင့် Times Mall ရှိရုံးခန်း၊ ဆိုင်ခန်းများ ငှါးရမ်းမိတ်ဆက်ပွဲအား ၂၀၁၉ ခုနှစ် ဇန်နဝါရီလ (၁၂) ရက် နှင့် (၁၃) ရက် တို့တွင် စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

ထပ်မံ၍ ငှါးရမ်းလိုသော မိတ်ဆွေများအတွက် နေ့စဉ် နံနက် ၉း၀၀ နာရီ မှ ညနေ ၅း၀၀ နာရီအထိ **Information Centre** အား ဖွင့်လှစ်ထားရှိသွားမည်ဖြစ်ပြီး မိတ်ဆွေများအနေဖြင့် သိရှိလိုသည့်အချက်များ၊ ငှါးရမ်းလိုသည့် ရုံးခန်း၊ဆိုင်ခန်းများအား ဆက်လက်ကြည့်ရှု စုံစမ်းမေးမြန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

*Soft opening on 01 May 2019*

| | | | |
|---|---|---|---|
| ဆက်သွယ်ရမည့်လိပ်စာ | - Times City ၊ဟံသာဝတီလမ်းနှင့်ကျွန်းတောလမ်းထောင့်၊ ကမာရွတ်/စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့ ။ | Website | - http://www.timescity.com.mm |
| | | Facebook | - Times City Yangon - Myanmar |
| ဖုန်းနံပါတ်များ | -09-765800800 , 09-764800800 , 09-5045777 | Email | - timescityproject@gmail.com |

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/8939 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**

**ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

## အမည်မှန်

စစ်တွေမြို့၊ အထက(၆)၊ ဆဋ္ဌမတန်းမှ (ဘ)ဦးရွှေမောင်၏ သမီး မမြင့်မြတ်ခိုင်၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မခိုင်ငြိမ်းဇံ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနား၊ အထက (၅)ကန်နား တက္ကသိုလ်ဝင်တန်း (A) မှ မောင်လမင်းဖြိုးနှင့် မောင်ဝေဖြိုးမင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်လမင်းဖြိုး (ခ)**
**မောင်ဝေဖြိုးမင်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ရဲထွဋ်ဝင်း ၉/လဝန(နိုင်)၂၀၆၇၉၂ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၀၄၇၂၇၄၇**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကုန်းတန်းရပ်နေ မစန္ဒာဝင်း(ခ)မစန္ဒာအောင် (ဘ)ဦးခင်မောင်တင့် ၉/အမဇ(နိုင်)၀၃၉၇၁၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာတားမြစ်လိုက်သည်။

ကျွန်ုပ်တို့၏အမှုသည်ဖြစ်သော မစန္ဒာဝင်း(ခ)မစန္ဒာအောင်၏အမည်၊ ဓာတ်ပုံများ၊ စာသားများဖြင့်သော်လည်းကောင်း၊ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ပြုမူ၍ အများသူငှာ သိရှိနိုင်စေရန် အင်တာနက်ဆော့ဝဲလ်များကို အသုံးပြု၍ Sex Groups, Facebook, Messenger, Viber အစရှိသော လူမှုကွန်ရက်အမျိုးမျိုးဖြင့် အသုံးပြုနေကြောင်းနှင့် Sex Groups အမျိုးမျိုးတွင် မစန္ဒာဝင်း(ခ)မစန္ဒာအောင် အမြဲတစေကိုင်ဆောင်သည့် ဖုန်း-၀၉-၂၀၅၆၄၀၉ ကို ထည့်သွင်းဖော်ပြနေကြောင်း ကျွန်ုပ်တို့၏အမှုသည်က မြင်တွေ့နေရပါသည်။

ထို့ကြောင့် မည်သူမဆို အထက်ပါအင်တာနက်၊ ဖုန်းနံပါတ်၊ လူမှုကွန်ရက်ဆက်သွယ်ရေးကို အသုံးပြု၍ မစန္ဒာဝင်း(ခ)မစန္ဒာအောင်၏ဂုဏ်သိက္ခာကို တမင်ကျဆင်းစေရန် ရည်ရွယ်ထားသော Sex Groups, Facebook, Messenger, Viber အစရှိသည်တို့တွင် တင်ထားသည့် ဖုန်း-၀၉-၂၀၅၆၄၀၉၊ စာသားများ၊ ဓာတ်ပုံများအား ဤသတင်းစာတွင် ကြေညာတားမြစ်ချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပယ်ဖျက်သွားရန် အကယ်၍ ဆက်လက်ပြုလုပ်လာပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ရောဘတ်စန်းအောင်** | **ဦးမျိုးမင်းဇော်** | **ဒေါ်သန်းသန်းစိုး** |
| **(စဉ်-၂၄၆၉/၁၉၈၃)** | **(စဉ်-၁၂၉၄၄/၂၀၁၇)** | **(စဉ်-၁၃၂၆၅/၂၀၁၇)** |
| **ရန်ကုန်မြို့** | **မန္တလေးမြို့** | **မန္တလေးမြို့** |
| **ဖုန်း-၀၉-၄၃၀၄၉၃၁၃** | **ဖုန်း-၀၉-၇၉၇၃၁၁၇၇၄** | **ဖုန်း-၀၉-၉၇၈၂၈၂၂၆၇** |

**တရားလွှတ်တော်ရှေ့နေများ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉/ပန်းခင်း၊ ဦးပိုင်အမှတ် ၂၆၃၊ မြေကွက်အမှတ် ၁၂၁၊ ဧရိယာ ၀ ဒသမ ၀၆၅ ဧကရှိ ပါမစ်မြေကွက်အား ဦးထွန်းဝေ (ဘ)ဦးလှမောင် ၉/ပမန(နိုင်)၀၁၇၀၁၁ မှ ပျဉ်းမနားမြို့ မြေတိုးချဲ့ရေးကော်မတီ၊ လူနေထိုင်ရန် တရားဝင်ချထားပေးသောမြေကွက်ဖြစ်ကြောင်း ထောက်ခံချက်၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ကိုယ်တိုင်ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်(မူရင်း)များတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀/ပေါင်းလောင်း-၁၊ ဦးပိုင်အမှတ် (၁၇၉)၊ မြေကွက်အမှတ် (၇၆၅)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးကြည်အမည်ပေါက်ပါမစ်မြေကွက်အား ဦးကျော်ဇင်ထွန်း-ဒေါ်အေးအေးခိုင် (ဘ)ဦးထွန်းငွေ၊ ဦးကိုလေး၊ ၉/ပမန(နိုင်)၀၀၀၇၂၀၊ ၉/ပမန(နိုင်)၂၆၂၂၃၁ တို့မှ ပျဉ်းမနားမြို့ မြေတိုးချဲ့ရေးကော်မတီ၏ လူနေထိုင်ရန်ချထားပေးသောမြေကွက်ဖြစ်ကြောင်း ထောက်ခံချက်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ကိုယ်တိုင်ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်(မူရင်း)များတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ မဲသည်အုပ်စု၊ သပြေသာလေးကျေးရွာနေ မိခင်ကြီးဒေါ်ငွေး ပိုင်ဆိုင်သည့် အိမ်ခြံမြေ နေအိမ်၊ စပါးကျီနှင့် လယ်ယာမြေ ကွင်းအမှတ် ၇၀၂၊ ပြည့်ဇင်အိုင် ၆၈/၁-ခ မှ ၀ဒသမ၇၆ ဧက၊ ကွင်းအမှတ် ၇၀၃၊ ကျောက်ဖားကွင်း ၄၉/ခ မှ ၂ ဒသမ ၀၀ ဧက၊ ကွင်းအမှတ် ၇၀၂၊ ပြည့်ဇင်အိုင် ၇/၈ မှ ယာ ၄ ဒသမ ၅၀ဧက (မပွေးကုန်း)တို့အား မိမိနှင့် သပြေသာလေးကျောင်းတွင် သီတင်းသုံးနေသော ဦးကုသလတို့အတွက် ကျန်းမာရေးနှင့် အိုစာမင်းစာအဖြစ် ချန်လှပ်ထားမည်ဖြစ်ပါသည်။ ဦးတိုက်ညွှန့် ပိုင် ကွင်းအမှတ် (၇၀၃) ၄၉/၂(ကြို့ရင်း) လယ် ၁ ဒသမ၀၃၊ ကွင်းအမှတ် ၇၀၄၊ သင်ပုတ်စား ၆၇ ယာ/လယ် ၁ ဒသမ ၃၄ ဧက၊ ကွင်းအမှတ် (၇၀၄) ၉၅/၄ လယ် ၂ ဒသမ ၂၄ ဧက၊ ဦးမြင့်ဝေ ပိုင် ကွင်းအမှတ် (၇၀၅) ၈/သဲကုန်း ယာ ၃ဒသမ ၅၀ဧက၊ ၉/သဲကုန်း ယာ ၁ဒသမ ၇၀၊ ဦးမြင့်ငွေ ပိုင် ကွင်းအမှတ် (၇၀၄) ၄၉/ကျောက်ဖားကုန်း ယာ ၂ ဒသမ ၉၁ ဧက၊ ဒေါ်ဝင်းအေး ပိုင် ကွင်းအမှတ် (၇၀၂)၆၈/၁-က လယ်ယားကြီး လယ် ၁ ဒသမ ၄၈ ဧက၊ ကွင်းအမှတ် (၇၀၄) ၄၉/ကျောက်ဖားကုန်း ယာ ၃ ဒသမ ၃၇ ဧက လယ်ယာများအား ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **ဒေါ်ငွေး** | **ဦးတိုက်ညွှန့်** |
| **၅/ကဘလ(နိုင်)၀၁၀၇၅၈** | **၅/ကဘလ(နိုင်)၀၁၀၈၆၄** |

## အများသိစေရန်ကြေညာခြင်း

နေပြည်တော် တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်နေ မဝေဇင်ဖြိုး ၉/မကန(နိုင်)၁၂၁၇၆၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မဝေဇင်ဖြိုးသည် Hla Htate Thu Fb Account ဖြင့် ခင်မင်သောမိတ်ဆွေများနှင့် စုကြေးစုခြင်းလုပ်ကိုင်ရာ အဆိုပါစုကြေးပါဝင်သူ မိတ်ဆွေများထဲမှ အချို့သည် စုကြေးများထုတ်ယူ၍ မပေးဆပ်ဘဲ ရှောင်နေခြင်း၊ အကြောင်းအမျိုးမျိုးပြ၍ ငွေပြန်ပေးရန်စာချုပ် ချုပ်ဆိုရန်ကိုပင် ချုပ်ဆိုမပေးခြင်းများကြောင့် ငွေကြေးဆုံးရှုံးမှုများနှင့် အခက်အခဲများစွာ ကြုံတွေ့နေရပါသည်။ ထို့ကြောင့် မဝေဇင်ဖြိုးမှာ စုကြေးဖိုးငွေများ စိုက်လျော်ရန်နှင့် စုကြေးဖိုးများပြန်ထည့်ရန် အခက်အခဲဖြစ်နေပါသည်။ သို့သော်လည်း မဝေဇင်ဖြိုးအနေဖြင့် တစ်ဖက်၌ ပေးရန်ရှိသောငွေများကိုလည်း အဆင်ပြေစေရန် စာချုပ်ချုပ်ဆို၍ ပြန်၍ပေးဆပ်ပေးမည်ဖြစ်ကြောင်း၊ လိုက်လံညှိနှိုင်းပြောဆိုခဲ့သော်လည်း အချို့မှာအဆင်ပြေစွာလက်ခံ၍ အချို့မှာ မဝေဇင်ဖြိုးအား ဂုဏ်သိက္ခာ ညှိုးနွမ်းစေရန်အတွက် ရည်ရွယ်၍ Fb ၌ Post တင်၍ အရှက်ခွဲခြင်း၊ သမီးဖြစ်သူ မသက်ထားစံ၏ ပုံကိုပါတင်ပြီး အရှက်ခွဲခြင်းများရှိနေကြောင်း သိရသည်။ မဝေဇင်ဖြိုးအနေဖြင့် ငွေကြေးပေးဆပ်ရန်ရှိသူများအား ၂၀၁၉ ခုနှစ် ၇ လပိုင်းမှစ၍ ပြေလည်အောင် ဖြေရှင်းဆောင်ရွက်၍ ပေးဆပ်မည်ဖြစ်သောကြောင့် ခေတ္တစောင့်ဆိုင်းပေးပါရန်နှင့် စာရင်းဇယားသက်သေအထောက်အထားနှင့်တကွ ဆက်သွယ်ပေးပါရန် စာချုပ်ချုပ်ဆိုထားလိုက လာရောက်ချုပ်ဆိုနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သို့ဖြစ်ပါသောကြောင့် ဤကြေညာပါသည့်ရက်မှစ၍ အထက်ဖော်ပြပါအတိုင်း မဝေဇင်ဖြိုးနှင့် မိသားစုအကျိုးစီးပွား ဂုဏ်သိက္ခာကျဆင်းစေရန် မပြုလုပ်ရန် ယခုသတင်းစာပါကြေညာချက်အား Screen shot ရိုက်၍ လူမှုကွန်ရက် Fb ပေါ်တွင်တင်ခြင်း၊ ရှယ်ခြင်းများမပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **မဝေဇင်ဖြိုး** | **ဒေါ်ထက်ထက်စိုး** |
| **၉/မကန(နိုင်)၁၂၁၇၆၅** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၃၁၂)** |
| | **သုခမိန်လမ်း၊ အနော်ရထာရပ်ကွက်၊** |
| | **တပ်ကုန်းမြို့၊ ဖုန်း-၀၉-၄၃၁၃၉၇၇၆** |

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ ရွှေချီ(၈)လမ်း၊ အမှတ် ၅/၃၄ နေ ဦးမြင့်သိန်း ၉/ပမန(နိုင်)၀၁၈၆၉၄ နှင့် ဒေါ်တင်တင်အောင် ၉/ပမန(နိုင်)၀၁၈၆၉၅ တို့၏ သမီးဖြစ်သူ မထက်ထက်အောင် ၉/ပမန(နိုင်)၁၄၅၃၁၄ သည် မိဘတို့၏ ဆိုဆုံးမမှုကို မခံယူဘဲ၊ မိဘများခွင့်မလွှတ်သည့်ကိစ္စများအား ပြုလုပ်သွားပါသဖြင့် ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးမြင့်သိန်း ၉/ပမန(နိုင်)၀၁၈၆၉၄**
**ဒေါ်တင်တင်အောင် ၉/ပမန(နိုင်)၀၁၈၆၉၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

တန့်ယန်းမြို့ပေါ်ရပ်ကွက်များအတွင်းနေထိုင်သည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များမှ မြေစာရင်းပုံစံ(၁၀၅/၁၀၆) ရေးဆွဲပြီး မြေငှားဂရန်/လိုင်စင်အသစ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက သတင်းစာကြော်ငြာသည့်ရက်မှ ရက်ပေါင်း ၃၀အတွင်း တန့်ယန်းမြို့နယ်ထွေ/အုပ်ရုံးသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | အမည်/မှတ်ပုံတင်အမှတ် | ရပ်ကွက်/နယ်မြေ | အကွက်အမှတ် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | ပိုင်ဆိုင်မှု |
|---|---|---|---|---|---|---|
| ၁ | နန်းလောင်ခမ်း ၁၃/လရန(နိုင်)၀၈၆၇၂၇ | ၅ | ၃၀/ကဆေးရုံအရှေ့ | ၂၀၄ | ၀.၁၅၁ | မြေပေးမိန့် |
| ၂ | နန်းလောင်ခမ်း ၁၃/လရန(နိုင်)၀၈၆၇၂၇ | ၅ | ၃၀/ကဆေးရုံအရှေ့ | ၂၀၅ | ၀.၀၅၁ | မြေပေးမိန့် |
| ၃ | ဒေါ်အက်ကုမ်း ၁၃/လရန(နိုင်)၁၉၆၂၀၂ | ၅ | ၃၀/ကဆေးရုံအရှေ့ | ၂၀၆ | ၀.၁၅၁ | မြေပေးမိန့် |
| ၄ | နန်းညွန့်ညွန့်စိန် ၁၃/တယန(နိုင်)၀၂၆၄၄၂ | ၅ | ၃၀/ကဆေးရုံအရှေ့ | ၂၀၇ | ၀.၁၅၁ | မြေပေးမိန့် |

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်တူး ၅/ဘတလ(နိုင်)၀၉၈၄၆၉၈၏ Pass Port No (မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၉၄၄၀၉၅၇၁

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5L/7509 Toyota Hiace KDH200, Mini Bus ယာဉ်လက်ဝယ်ရှိသူ Wah Wah Tun Co,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## တစ်လပြည့်ဆွမ်းသွတ်အလှူ
## ဗိုလ်မှူးမောင်နီ (တပ်မတော်လေ-ငြိမ်း)
### ညွှန်ကြားရေးမှူး၊ စက်မှု-၁၊ သတ္တု၊ ကြွေမြေ(ငြိမ်း)

၂၀-၁၂-၂၀၁၈ရက်တွင် မိသားစုနှင့်ခွဲခွာသွားသည်မှာ ယနေ့တွင် တစ်လပြည့်မြောက်ခဲ့ပါပြီ။ ယနေ့တွင်အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း၊ ရွှေညောင်ပင်ကျောင်းတိုက်ရှိသံဃာတော်အရှင်သူမြတ်အပါး၂၀၀ကို အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ နေအိမ်တွင်လည်း ဆရာတော် သံဃာတော်များကို ဆွမ်းကပ်လှူဒါန်းခြင်း၊ ဆွေမျိုးမိတ်သင်္ဂဟများကို ဒံပေါက်ထမင်းတို့ဖြင့် လှူဒါန်းခြင်းကုသိုလ်များပြုလုပ်ခဲ့ပါသည်။ သာသနာ့ဒါယကာကြီးဗိုလ်မှူးမောင်နီ ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။ ကြားသိကြသူရှင်လူများလည်း သာဓုခေါ်တော်မူကြပါ။

**အမျှ…အမျှ…အမျှ**
**ကျန်ရစ်သူဇနီးဒေါ်တင်ဌေးမှီနှင့်**
**သားသမီးမြေးတစ်စု**

## အထူးဝမ်းနည်းခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဟန်နု
## အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ မင်္ဂလာလမ်းတွင်နေထိုင်သော ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ဟန်နုသည် ၁၄-၁-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ နှမြောတသ အထူးဝမ်းနည်းခြင်းဖြစ်ပြီး သံဝေဂဉာဏ် ရယူပါကြောင်း။

**သာသနအကျိုးတော်ဆောင်အဖွဲ့**
**မင်္ဂလာသိရီပရိယတ္တိစာသင်တိုက်**
**ဖော့ကန်၊ အင်းစိန်**

**သာသနနုဂ္ဂဟအဖွဲ့**
**အနန္တဂုဏ်ရည်ကျောင်းတိုက်**
**ထန်းပင်ကုန်း၊ အင်းစိန်**

## (၈)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
## ဦးညွန့်ယဉ်
### လ/ထ မန်နေဂျာ(ငြိမ်း)
### မြန်မာ့သစ်လုပ်ငန်း
### ၂၀-၁-၂၀၁၁မှ ၂၀-၁-၂၀၁၉
### အသက် (၇၅)နှစ်

ချစ်ဖေကြီး

မိသားစုနှင့်ခွဲခွာသွားသည်မှာ (၈)နှစ်ပြည့်ပြီဖြစ်သော်လည်း နေ့စဉ်သတိရ၊ လွမ်းဆွတ်နေပါသည်။ ဖေကြီးအတွက် ရည်စူး၍ နေ့စဉ်အပတ်စဉ် လစဉ်နှစ်စဉ် ပြုလုပ်သော ကုသိုလ်များနှင့် ယနေ့အထူးပြုလုပ်သော အလှူဒါနများအတွက် အမျှပေးဝေပါသည်။

မြင့်မြတ်သောဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ

**ချစ်မေကြီး**
**ဒေါ်ငြိမ်းအေး [အထပြ(ငြိမ်း)]**
**ချစ်သားသမီးမြေးများ**
**ဝဏ္ဏသစ်စက်နှင့် အိမ်ဆောက်ပစ္စည်း**
**ရောင်းဝယ်ရေးမိသားစု**

TMR 012824 (0121)
**အေးချမ်းစေ** အစာအိမ်ရောဂါ သောက်ဆေးပြား
လေထိုး၊ လေအောင့်၊ လေချုပ်ခြင်း၊ ဝမ်းချုပ်ခြင်း၊ လေများ အထက်သို့ ပျို့အန်ခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း နှင့် အစာအိမ်ရောဂါများအတွက် သောက်သုံးနိုင်ပါသည်။
ဆက်သွယ်ရန် ၀၉-၄၄၉၀၀၄၆၆၂ ၊ ၀၉-၂၅၀၀၁၂၁၉၁

TMR 004909(0720)
**ဆေးပင်** အကြောအားတိုးဆေး
အကြောအားနည်း၍ ခြေလက်မမြဲခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းခြင်း၊ နောက်ကြောတက်၊ ဇက်ကြောထိုးခြင်း၊ အထိုင်အထနေးကွေးခြင်းနှင့် သွေးတိုး၊ ဆီးချိုရောဂါအတွက် သောက်သုံးနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း၊ အမှတ် ၄၀၊ လေးလွှာ၊ အကျယ်အဝန်း ၂၅ပေ×ပေ ၆၀ အကျယ်အဝန်းရှိ တိုက်ခန်းအပါအဝင် တိုက်ခန်းနှင့်ပတ်သက်သည့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးညီဇော်နိုင် ၁၁/စတန(နိုင်)၀၅၈၅၂၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသဖြင့် စရန်ငွေတချို့တစ်ဝက် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရန်လင်းမောင် တရားလွှတ်တော်ရှေ့နေ စဉ်-၁၂၂၇၂/၁၄-၃-၂၀၁၇**
**အမှတ် ၄၂၊ ပထမထပ်(ခြေရင်းခန်း)၊ ကွမ်းရွဲတန်းလမ်း၊**
**ဈေးကြီးအနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ဖုန်း-၀၉-၅၁၀၇၆၂၀**

## အမည်ပြောင်း

ဦးသိုင်းဝဏ္ဏ ၇/ကပက(နိုင်)၀၆၃၄၂၂၏သမီး ရန်ကုန်မြို့ ES4E ဒုတိယတန်းမှ မမြတ်သီရိမေအား မသွန်းမြတ်ရွှေရည်ဟု ပြောင်းလဲခေါ်ပါရန်။ **မသွန်းမြတ်ရွှေရည်**

## ပျောက်ဆုံးကြောင်း

Win Naing Win I'nt Co.,Ltd ၏ သွင်းကုန်ထုတ်ကုန် လိုင်စင်မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၄၁၃၆၁၈၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ ရတနာသိင်္ဃလမ်း၊ အောင်ဇေယျအိမ်ရာ၊ တိုက်အမှတ် (၂၁) ခြောက်ခန်းတွဲလေးထပ်တိုက်ရှိ အခန်းအမှတ် (၂၀၃) ဒုတိယထပ်တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်မေသူအောင် ၁၃/တကန(နိုင်)၁၅၂၀၉၇ထံမှ ကျွန်ုပ်တို့ဦးမြင့်သူထွေး ၁၂/ကမတ(နိုင်)၀၅၂၁၀၂၊ ဒေါ်နေဇာလွင် ၁၂/ဗဟန(နိုင်)၀၈၂၄၂၃တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမြင့်သူထွေး၊ ဒေါ်နေဇာလွင်**
**ဖုန်း-၀၉-၅၀၄၄၆၉၁၊ ၀၉-၂၅၀၁၅၁၆၃၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ်- စက်မှုဇုန်(၃)၊ မြေတိုင်းရပ်ကွက်အမှတ်- ၆၄(ဒဂုံရတနာ)၊ ကင်းတားလမ်း၊ အမှတ်(၂၅၁/ဃ)၊ ပေ(၈၀×၁၀၀)၊ မြေဧရိယာ ၀ဒသမ၁၈၃ဧက၊ စတုရန်းပေ (၈၀၀၀) အကျယ်ရှိ ဦးဝင်းဇော်ဦး အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်စီမံခန့်ခွဲလျက်ရှိသူ အမည်ပေါက်ဦးဝင်းဇော်ဦး ၁၂/စခန(နိုင်)၀၆၀၀၈၅ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မျိုးမမခင်(LL.B) (စဉ်-၁၄၀၂၄)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၄၄)၊ အောင်သီရိလမ်း၊ (၁၄၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၉၇၅၆၄၃၃၄၈**

**ဒေါ်ဝေနှင်းစိုး(LL.B)(စဉ်-၄၆၇၂၀)**
**အထက်တန်းရှေ့နေ**
**အမှတ်(၃၂၇/ခ)၊ ဝဇီရာလမ်း၊ (၁၀၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၇၉၅၅၉၁၄၂၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၃)၊ (၄)ရပ်ကွက်၊ မြတ်လေးလမ်း၊ မြေကွက်အမှတ်(၅၃)၊ အလျားပေ(၆၀)×အနံပေ(၆၀) မြေကွက်နှင့်ပတ်သက်ပြီး မူလဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်တိုးတိုးအေး ၁၂/ဥကတ(နိုင်)၀၉၇၄၂၅ဆိုသူထံမှ ဆက်စပ်စာချုပ်များအရ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်သည့်စာရွက်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံသို့ဤအကြောင်းကြားစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုသတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်အေးခမ်း၁၃/မကန(နိုင်)၀၆၂၈၄၆၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိဖြူ(LL.B,D.BL) ဒေါ်ဇင်ဇင်စိုး(LL.B) ဒေါ်ရီလေးမော်(LL.B)**
**အထက်တန်းရှေ့နေများ တရားလွှတ်တော်ရှေ့နေ**
**ရုံး-ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီး(အပေါ်ထပ်)၊ အင်းစိန်မြို့နယ်**
**ဖုန်း- ၀၉-၄၂၀၀၈၉၃၈၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ရှင်းလမ်းမ၊ ရန်ကင်းအဆင့်မြင့်အိမ်ရာ၊ တိုက်အမှတ်(ဘီ)၊ အခန်းအမှတ်(၁၁၀၇)၊ (၁၂)ထပ်တိုက်၏(၁၁လွှာ)၊ အကျယ်အဝန်း ၁၉၉၇စတုရန်းပေရှိ Space Yankin ကွန်ဒိုတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်ချန်သန်းသန်း(ခ)သန်းသန်းအေး ၂/လကန(နိုင်)၀၄၅၃၆၄မှ တရားဝင်ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းချသည့်တန်ဖိုးငွေအနက်မှ စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်ခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေရည်ဝင်း(အထက်တန်းရှေ့နေ)**
**LL.B,LL.M (စဉ်-၄၉၆၉၅/၂၀၁၈)**
**အမှတ်-၁၅၁၊ အောင်မင်္ဂလာ(၃)လမ်း၊ (၄)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၉၆၂၉၆၃၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5E/8805 Dong Feng ယာဉ်လက်ဝယ်ရှိသူ ဦးအိုက်ဆာ ၁၃/ကမန(နိုင်)၀၀၆၉၉၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၇ယ/၃၃၂၉ Honda Click -125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဖုန်း ၉/မဟမ(နိုင်)၀၂၆၃၂၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ဇနီးဖြစ်သူ ဒေါ်အေးအေးမြင့်(ခ)စလီမာဘေဂွန် ၁၂/ဗတထ(နိုင်)၀၂၆၅၃၂နှင့် အများသိစေရန်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးစိုးနိုင်(ခ)မိုဟာမက်ဟာဂွန် ၁၂/သကတ(နိုင်)၁၂၈၉၉၁ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ကြေညာအပ်ပါသည်-

၁၄-၁-၂၀၁၉ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် ဒေါ်အေးအေးမြင့်၏ တုံ့ပြန်ရှင်းလင်းကြေညာချက်မှာ လုံးဝမှန်ကန်မှုမရှိပါ။

၁။ ဦးစိုးနိုင်သည် ဇနီးအပေါ် နှုတ်မှသုံးသွလာက်ပေးကွာရှင်းကြောင်း ပြောဆိုခဲ့ခြင်းမရှိပါ။

၂။ မင်္ဂလာ(ဝါး)ဗလီဥက္ကဋ္ဌ ဦးအဒူလာ(ခ)ဦးချစ်ဆွေနှင့် သက်သေများရှေ့တွင်လည်း လုံးဝမပြောဖူးခဲ့ပါ။

၃။ ဒေါ်အေးအေးမြင့်မှ စီးပွားရေးလုပ်ငန်းများကို ဦးဆောင်ခဲ့သည်မှာလည်း လုံးဝမဟုတ်ပါ။ ခင်ပွန်းဦးစိုးနိုင်မှ ခင်ပွန်း၏လုပ်ငန်းများတွင် ဝင်ရောက်ကူညီနိုင်ရန် သင်ကြားပေးခဲ့ခြင်းသာ ရှိပါသည်။

၄။ သားသမီး နှစ်ဦးနှင့်အတူ လင်မယားနှစ်ဦးအတူ နေထိုင်လျက်ရှိပါသည်။ ထို့ပြင် ဦးစိုးနိုင်မှ ၂၇-၁၂-၂၀၁၈ရက်တွင် နှစ်ဦးပိုင်ပစ္စည်းများအား မပျောက်မပျက်စေရန် ကြေညာခြင်းအပေါ် ဒေါ်အေးအေးမြင့်မှ မိမိ၏အိမ်ထောင်ရေးအားနည်းချက်များ ပေါ်ထွက်လာမည်ကို စိုးရိမ်၍ မမှန်မကန်ကြေညာခြင်းများကို ပြုလုပ်နေခြင်းအား အမြန်ဆုံးရပ်ဆိုင်းပါရန်နှင့် လိုက်နာမှုမရှိပါက ဦးစိုးနိုင်မှ မိမိတွင် ပြည့်စုံစွာရှိနေသော အသံဖိုင်၊ ဗီဒီယိုဖိုင်၊ ဓာတ်ပုံမှတ်တမ်းများဖြင့် သက်ဆိုင်ရာတွင် အမှုဖွင့်တိုင်ကြားရလိမ့်မည်ဖြစ်ပါကြောင်း။

**ဦးစိုးနိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်သိန်း (စဉ်-၃၂၀၃/၂၀-၆-၈၅) တရားလွှတ်တော်ရှေ့နေ**
**B.A (Law) LL.B, DBL, D.M.L, D.I.L,**
**WIPO (INTELLECTUAL PROPERTY) GENEVA**
**အမှတ် (၈၂)၊ စက်မှု (၂)လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၆၅၁၈၉၅၁၃**

## ၁၄-၁-၂၀၁၉ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာပါ ဒေါ်အေးအေးမြင့်(ခ)စလီမာဘေဂွန် ၁၂/ဗတထ(နိုင်)၀၂၆၅၃၂၏ ညွှန်ကြားချက်အရ ဦးမျိုးမြင့်အောင် LL.B တရားလွှတ်တော်ရှေ့နေ၏ ပြန်လည်ရှင်းလင်းကြေညာခြင်းအပေါ် မှန်ကန်မှုမရှိကြောင်း

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအဒူလာ(ခ)ဦးချစ်ဆွေ ၁၂/ဗတထ(နိုင်)၀၄၆၆၀၇ အမှတ် (၃၃/၃၅)၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

အထက်ဖော်ပြပါ ဒေါ်အေးအေးမြင့်(ခ)စလီမာဘေဂွန်၏ကြေညာချက်တွင် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးစိုးနိုင်မှ လင်မယားကွာရှင်းမှုမြောက်စေရန် ၎င်းအား သွလာက်ပေးခဲ့ကြောင်းကို မင်္ဂလာ(ဝါး) ဗလီဂေါပကဥက္ကဋ္ဌနှင့် သက်သေလူကြီးများရှေ့တွင် ဝန်ခံပြောဆိုခဲ့ပါသည်ဟု ကြေညာခဲ့ခြင်းမှာ လုံးဝမှန်ကန်မှုမရှိသည့်အပြင် ဗလီဂေါပကဥက္ကဋ္ဌဖြစ်သူ ခွင့်ပြုချက်မရှိဘဲ အလွဲသုံးစားပြုခဲ့ခြင်းဖြစ်နေ၍ အများအလယ်တွင် ဂုဏ်သိက္ခာထိခိုက်စေရပါသည်။

သို့ပါ၍ ယင်းကြေညာချက်အား ခုနစ်ရက်အတွင်း ပြန်လည်ရုပ်သိမ်း၍ ဦးအဒူလာ(ခ) ဦးချစ်ဆွေထံ လာရောက်တောင်းပန်ပါရန်နှင့် လိုက်နာမှုမရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**ဦးအဒူလာ(ခ)ဦးချစ်ဆွေ**
**မင်္ဂလာ(ဝါး)ဗလီဥက္ကဋ္ဌ၏**
**ညွှန်ကြားချက်အရ-**
**ဦးမြင့်သိန်း(စဉ်-၃၂၀၃/၂၀-၆-၈၅)**
**တရားလွှတ်တော်ရှေ့နေ**
**B.A (Law) LL.B, DBL, D.M.L, D.I.L,**
**WIPO (INTELLECTUAL PROPERTY) GENEVA**
**အမှတ် (၈၂)၊ စက်မှု (၂)လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၆၅၁၈၉၅၁၃**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9K/8340 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## အမွေပြတ်ကြော်ငြာ

မမျိုးဝေမွန် ၁၁/သတန(နိုင်)၀၉၇၅၁၆ သည် မိဘစကားနားမထောင်၍ အမွေပြတ်ကြော်ငြာသည်။

**ဦးမျိုးသစ်-ဒေါ်ခင်ဝေ**
**၁၁၅လမ်း၊ တိုက်၁၂/၄**
**ရန်ကုန်**

# နိုင်ငံတော်အစိုးရအနေဖြင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ လုံခြုံဘေးကင်းစေရေးကို ထိပါးနှောင့်ယှက်သည့် လုပ်ဆောင်ချက်မှန်သမျှကို ထိရောက်သော ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေး ဆောင်ရွက်သွားမည်

## နိုင်ငံတော်သမ္မတရုံးပြောရေးဆိုခွင့်ရှိသူနှင့် သတင်းထောက်များ လက်ဖက်ရည်ဝိုင်းတွေ့ဆုံပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၉**

နိုင်ငံတော်သမ္မတရုံးပြောရေးဆိုခွင့်ရှိသူ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် သတင်းထောက်များ လက်ဖက်ရည်ဝိုင်းတွေ့ဆုံပွဲကို ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် Press Room ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတရုံးပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးက မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပြည်သူတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိပါကြောင်း။

မကြာသေးမီက အေအေ သောင်းကျန်းသူအဖွဲ့က နယ်ခြားစောင့်ရဲတပ်ဖွဲ့၏ စခန်းများကို တိုက်ခိုက်ခဲ့ခြင်းသည် နိုင်ငံတော်အစိုးရက အထူးအလေးထား ဆောင်ရွက်လျက်ရှိသော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်ချက်များအပေါ် များစွာထိခိုက်စေပါကြောင်း။

နိုင်ငံတော်အတွင်း ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး ပြည်တွင်းသောင်းကျန်းမှု နှိမ်နင်းရေးကို တပ်မတော်က တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။ စာမျက်နှာ ၇ ကော်လံ ၁ ●

# ရတနာပုံအသင်း နောက်ကျဂိုးဖြင့် ရှမ်းယူနိုက်တက်ကို သရေကစား

**ရန်ကုန် ဇန်နဝါရီ ၁၉**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂) ပထမနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ ရခိုင်နှင့် ဇွဲကပင်အသင်း နိုင်ပွဲရယူနိုင်ခဲ့ပြီး ရတနာပုံနှင့် ရှမ်းယူနိုက်တက်အသင်း သရေကျခဲ့သည်။

ဗထူးကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံနှင့် ရှမ်းယူနိုက်တက်အသင်းတို့ နှစ်ဂိုးစီ သရေကျခဲ့သည်။ ရတနာပုံအသင်းသည် နှစ်ပွဲဆက် နာကျင်အချိန်ပိုတွင် သွင်းယူသည့်ဂိုးဖြင့် အမှတ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ပထမဆုံးနိုင်ပွဲရယူနိုင်ရန် နီးစပ်ခဲ့သော်လည်း နှစ်ပွဲဆက် သရေရလဒ်ဖြင့် ကျေနပ်ခဲ့ရသည်။ ရတနာပုံအသင်းသည် ရှမ်းယူနိုက်တက်အသင်းကို နှစ်ရာသီဆက်တိုက် အိမ်ကွင်း၌ ရှုံးနိမ့်ထားမှုကို ယခုရာသီတွင် ရပ်တန့်နိုင်ခဲ့သည်။ စာမျက်နှာ ၁၂ ကော်လံ ၁ ❋




ရှမ်းယူနိုက်တက်အသင်း တိုက်စစ်ကို ရတနာပုံဂိုးသမား ပြည့်လျှံအောင်နှင့် နောက်ခံလူ သက်နိုင် ကာကွယ်နေစဉ်။
ဓာတ်ပုံ- စိုးညွှန့်

# မောင်တောမြို့နယ်၌ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များလိုက်ပါလာသော မော်တော်ယာဉ်အား ARSA အကြမ်းဖက်အဖွဲ့က ချောင်းမြောင်းပစ်ခတ်၊ ခြောက်ဦးဒဏ်ရာရရှိ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များလိုက်ပါလာသော မော်တော်ယာဉ်အား ARSA အကြမ်းဖက်အဖွဲ့က ဇန်နဝါရီ ၁၆ ရက် မွန်းလွဲပိုင်းက လက်နက်ငယ်များဖြင့် ချောင်းမြောင်းပစ်ခတ်သဖြင့် ရဲတပ်ဖွဲ့ဝင်ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အမှတ်(၂) နယ်ခြားစောင့် ရဲကွပ်ကဲမှုဌာနချုပ်မှ ရဲတပ်ဖွဲ့ဝင်များ လိုက်ပါလာသော မော်တော်ယာဉ်အား ဇန်နဝါရီ ၁၆ ရက် မွန်းလွဲ ၁ နာရီ ၅ မိနစ်ခန့်တွင် မောင်တောမြို့နယ် ဝက်ကျိန်းကျေးရွာတံတားအနီး၌ ARSA အကြမ်းဖက်အဖွဲ့မှ အင်အား ၁၀ ဦးခန့်က လက်နက်ငယ်များဖြင့် ချောင်းမြောင်းပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူများအား တပ်မတော်ဆေးရုံ (ဘူးသီးတောင်) သို့ပို့ဆောင်၍ ကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။ စာမျက်နှာ ၁၂ ကော်လံ ၆ ❋

### နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ARSA အကြမ်းဖက်အဖွဲ့နှင့် AA သောင်းကျန်းသူအဖွဲ့မှ တိုက်ခိုက်ခံရမှုဖြစ်စဉ် အခြေပြမြေပုံ

